ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆရာ တပည့် ဆက်ဆံရေး**

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကိုမင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာတပည့်ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။)

အတ္တဝဂ်(ဓမ္မပဒ-၁၅၉)

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့။ Friday, 24 February 2017 (၈၈၄၇)

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တက်ရောက် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးတွင် ရင်းရင်းနှီးနှီးပြင်းခုံခြင်းဖြင့် ညှိနှိုင်းအဖြေရှာရန် တိုက်တွန်းပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

အစည်းအဝေး မစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)အတွက် UN Platform ဖြင့် ဆောင်ရွက်မည့် အစီအစဉ်များရှင်းလင်းတင်ပြခြင်း အစီအစဉ်တွင် အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ Country Director Mr. Peter Bachelor က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)အား UN Platform ဖြင့် ပံ့ပိုးကူညီသွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကုလသမဂ္ဂ ပံ့ပိုးကူညီမှုများနှင့်ပတ်သက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို အပြန်အလှန် အကျယ်တဝင့်ဆွေးနွေးကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

**တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေအရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းထားပြီး ဥပဒေပါအတိုင်း အခွင့်အရေးများ မြှင့်တင်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့သည့် JCB အစည်းအဝေးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေခွဲဝေသုံးစွဲရန်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကဏ္ဍ၊ စေ့စပ်ညှိနှိုင်းရေးနှင့် တွေ့ဆုံဆွေးနွေးရေးကဏ္ဍ၊ ငြိမ်းချမ်းရေးအထောက်အကူပြုဖွံ့ဖြိုးရေးကဏ္ဍ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကဏ္ဍတို့ကို ဦးစားပေးကဏ္ဍကြီး (၄)ရပ်အဖြစ် သဘောတူသတ်မှတ်နိုင်ခဲ့ပါကြောင်း။

ဆက်လက်၍ လုပ်ငန်းအဖွဲ့ အစည်းအဝေးများ ခေါ်ယူကျင်းပခဲ့ပြီး JCB မှ သတ်မှတ်သည့် အခြေခံနှုန်းထား (JCB Rate)များကို မူအဖြစ်သတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း၊ တစ်ဖွဲ့လျှင် နှုန်းထားတစ်မျိုးစီ အမျိုးမျိုးမဖြစ်စေရန် အခြေခံအဖြစ် သတ်မှတ်ထားခဲ့ခြင်းဖြစ်ပါကြောင်း၊ ၎င်း JCB Rate နှုန်းထားများအတိုင်း အစုအဖွဲ့များကသုံးစွဲကြရန်ဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ EAOs ဘက်မှ ရန်ကုန်မြို့တွင် ငှားရမ်းစရိတ် မြင့်မားနေသဖြင့် အစိုးရဘက်မှ နေရာထိုင်ခင်းစီစဉ်ပေးရန် တင်ပြခဲ့ပါကြောင်း၊ ယင်းတင်ပြမှုအပေါ် JMC ရုံးဟောင်းနေရာ၊ NRPC ရန်ကုန်ရုံးနှင့် တစ်ဆက်တည်းတည်ရှိသည့် အဆောက်အအုံအမှတ်(၆)ကို EAOs Office အဖြစ် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးအဖွဲ့များ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အစည်းအဝေး သဘောတူဆုံးဖြတ်ချက်များ

- အထူးကိစ္စရပ်အနေဖြင့် JCB ဖွဲ့စည်းမှုတွင် အစိုးရဘက်မှ (၁၀) ဦး (ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ကိုးဦး)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ (၁၀) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး JCB လုပ်ငန်းလမ်းညွှန်တွင်လည်း ယင်းဖွဲ့စည်းမှုအတိုင်း ပြင်ဆင်ရန်
- အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC ၏ အဆိုပြုတင်ပြချက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းကို ခွင့်ပြုရန်
- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)အား UN Platform ဖြင့် ပံ့ပိုးကူညီခွင့်ပြုရန်၊ JMC အတွက် လိုအပ်ချက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းနှင့် JMC အတွက် ထောက်ပံ့ကူညီမှုများ ရှာဖွေရာတွင် Single Channel မထားဘဲ ဆောင်ရွက်ရန်
- NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ CT Office အတွက် လိုအပ်ချက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းခွင့်ပြုရန်
- ငြိမ်းချမ်းရေးအထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍအတွက် ထောက်ပံ့ကူညီမှုများဆောင်ရွက်နိုင်ရန်အတွက် JCB မှ တာဝန်ယူဆောင်ရွက်ရန်၊ ဆောင်ရွက်မည့်အစီအစဉ်ကို နှစ်ဖက်ကိုယ်စားလှယ်များအကြား ကြိုတင်ဆွေးနွေးပြီး JCB အစည်းအဝေးသို့ ပြန်လည်တင်ပြရန်
- အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းအတွက် NRPC မှ ခွင့်ပြုရန်ပုံငွေကို အမြင့်ဆုံးနှုန်းထား ကျပ်သိန်း ၆၀၀ သတ်မှတ်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရာ၌ တစ်နေရာနှင့်တစ်နေရာ အသုံးစရိတ်ရန်ပုံငွေပေါ်မူတည်၍ အဆင့်အတန်းကွာဟမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒိန်းမတ်၊ အမေရိကန်သံအမတ်ကြီးများနှင့် ဗြိတိန်သံရုံးဒုတိယအကြီးအကဲတို့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး၊ အမေရိကန်သံအမတ်ကြီးနှင့် ဗြိတိန်သံရုံး ဒုတိယအကြီးအကဲတို့ကို လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်နှင့်စပ်လျဉ်းသော ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✻ ရှေ့ဖုံးမှ**

တိုးလာပါကလည်း အဆိုပါရုံးတွင် နေရာချထားပေးမည်ဖြစ်ပါကြောင်း။

နေပြည်တော် NRPC ရုံးနှင့် ကပ်လျက်ရှိသော အဆောက်အအုံ နှစ်ခုကို JMC ရုံးနှင့် UPDJC ရုံးအဖြစ် ဖွဲ့စည်းဆောင်ရွက်ရန်လည်း မူဝါဒချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ နောင်လာမည့် JCB အစည်းအဝေးတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများက ဘတ်ဂျက်တွက်ချက် တင်ပြရန်ဖြစ်ပါကြောင်း။

ထို့အတူ တိုင်းရင်းသားဒေသများတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန်အတွက် ယနေ့ အစည်းအဝေးတွင် EAOs ဘက်မှ ဦးစားပေးကဏ္ဍကြီး ၄ ရပ်နှင့်အညီ အဆိုပြုတင်ပြကြရန်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ နှင့် ပတ်သက်၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းထားပြီး ဥပဒေပါ အတိုင်း အခွင့်အရေးများ မြှင့်တင်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

JCB စတင် ဖွဲ့စည်းစဉ်ကပင် လက်မှတ်ထိုးထားသော အဖွဲ့များသာမက လက်မှတ်ရေးထိုးခြင်းမရှိသေးသော အဖွဲ့များကိုပါ ထည့်သွင်းဖွဲ့စည်းဆောင်ရွက်ထားပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးမှာ အခြေခံအုတ်မြစ်ခိုင်မာရန် အရေးကြီးကြောင်း၊ အုတ်မြစ်ခိုင်မာမှ ရေရှည်ရှင်သန်နိုင်မည် ဖြစ်ကြောင်း၊ JCB အပါအဝင် ဆောင်ရွက်နေသည့် ကိစ္စရပ်များမှာ ငြိမ်းချမ်းရေးဖြစ်စဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ တစ်ဖက်တွင် ပဋိပက္ခများလျှော့ချနိုင်ရန် ဆွေးနွေးညှိနှိုင်းသွားရမည် ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ဒေသခံများ၏ အကျိုးစီးပွားကိုအတတ်နိုင်ဆုံး စောင့်ရှောက်မြှင့်တင်သွားနိုင်ရန် နှစ်လမ်းသွားနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီUPDJC အတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင် နိုင်အောင်မငေးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) တို့က ရန်ပုံငွေလိုအပ်မှု အဆိုပြုချက်များကိုလည်းကောင်း၊ NCA လက်မှတ်ရေးထိုးပြီး အဖွဲ့များ၏ ရန်ပုံငွေ အဆိုပြု ချက် CT Proposal အားလည်းကောင်း၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းအဆိုပြုချက်များကို လည်းကောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ ကုန်ကျစရိတ်များကို NRPC မှ ကျခံရေးကိစ္စများကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြချက်များအပေါ် အကြံပြု ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးညှိနှိုင်းမှု ရလဒ်များအပေါ် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်သုံးသပ် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် Peace Process တွင် အားလုံးပူးပေါင်းပါဝင်လာစေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတွင် NCA လက်မှတ်ရေးထိုးပြီးသူများနှင့် လက်မှတ်မထိုးရသေးသူများ ကွဲပြားလျက်ရှိကြောင်း၊ တတ်နိုင်သမျှ ခွဲခြားဆက်ဆံခြင်း မပြုကြောင်း၊ နိုင်ငံရေး ဆွေးနွေးပွဲများအပြည့်အဝပါဝင်နိုင်သည်မှာ (၂၁)ရာစု ပင်လုံညီလာခံသာဖြစ်ကြောင်း၊ နိုင်ငံရေးကိစ္စရပ်များ စေ့စပ်ညှိနှိုင်းခြင်းများကို လက်တွေ့ဆောင်ရွက်မည့် ညီလာခံတွင် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးပါဝင်စေလိုကြောင်း၊ ယနေ့ အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ငြင်းကြခုံကြ ဆွေးနွေးခဲ့ကြ၍ တက်ရောက်ကြသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ် တစ်ခုလုံးတွင် အားလုံးရင်းရင်းနှီးနှီး ငြင်းခုံခြင်းဖြင့် ညှိနှိုင်းအဖြေရှာသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးထွန်းထွန်းဦး၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်ရှီလာနန်ထောင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောတင်ဝင်း၊ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ပဒိုစောကွယ်ထူးဝင်း(KNU အထွေထွေအတွင်းရေးမှူး)၊ ဦးခွန်ဥက္ကာ(PNLO ဦးဆောင်နာယက)၊ NCA လက်မှတ် ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ဝင် နိုင်အောင်မငေး၊ ခူးပလူးရယ်နှင့် ဦးထွန်းဇော်၊ အကြံပေး ဒေါ်ခေါင်နန်း၊ ဦးစံလော့ (“ဝ” အထူးဒေသ(၂) ပြည်ပဆက်ဆံရေးဌာနမှူး၊ ဦးခမ်းမောင် (အထူးဒေသ (၄) မိုင်းလား၊ ငြိမ်းချမ်းရေးနှင့် စည်းရုံးရေး ကော်မတီ) တို့ တက်ရောက်ကြသည်။

ယနေ့ကျင်းပသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းအစည်းအဝေးတွင် အောက်ပါအချက်များကို သဘောတူဆုံးဖြတ်နိုင်ခဲ့သည်။ ယင်းတို့မှာ -

**(၁) အထူးကိစ္စရပ်အနေဖြင့် JCB ဖွဲ့စည်းမှုတွင် အစိုးရဘက်မှ (၁၀)ဦး (ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ကိုးဦး)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ (၁၀)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး JCB လုပ်ငန်းလမ်းညွှန်တွင်လည်း ယင်းဖွဲ့စည်းမှုအတိုင်း ပြင်ဆင်ရန်၊**

**(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC ၏ အဆိုပြုတင်ပြချက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းကို ခွင့်ပြုရန်၊**

**(၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အား UN Platform ဖြင့် ပံ့ပိုးကူညီခွင့်ပြုရန်၊ JMC အတွက် လိုအပ်ချက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းနှင့် JMC အတွက် ထောက်ပံ့ကူညီမှုများရှာဖွေရာတွင် Single Channel မထားဘဲ ဆောင်ရွက်ရန်၊**

**(၄) NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ CT Office အတွက် လိုအပ်ချက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းခွင့်ပြုရန်၊**

**(၅) ငြိမ်းချမ်းရေးအထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍအတွက် ထောက်ပံ့ကူညီမှုများဆောင်ရွက်နိုင်ရန်အတွက် JCB မှ တာဝန်ယူ ဆောင်ရွက်ရန်၊ ဆောင်ရွက်မည့် အစီအစဉ်ကို နှစ်ဖက်ကိုယ်စားလှယ်များအကြား ကြိုတင်ဆွေးနွေးပြီး JCB အစည်းအဝေးသို့ ပြန်လည်တင်ပြရန်၊**

**(၆) အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းအတွက် NRPC မှ ခွင့်ပြုရန်ပုံငွေကို အမြင့်ဆုံးနှုန်းထား ကျပ်သိန်း ၆၀၀ သတ်မှတ်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရာ၌ တစ်နေရာနှင့်တစ်နေရာ အသုံးစရိတ်ရန်ပုံငွေပေါ်မူတည်၍ အဆင့်အတန်းကွာဟမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်**

တို့ဖြစ်သည်။

**(သတင်းစဉ်)**

# ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၃/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးမင်းမင်းဦးကို မိမိသဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ)ထင်ကျော်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၄/၂၀၁၇**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်**

**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**

**ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မျိုးတင်ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င) နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ အမှတ် (၁၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဗိုလ်မှူးကြီးမြင့်ဝေကို ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးအပ်လိုက်သည်။

**(ပုံ)ထင်ကျော်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# ဝဲကြီးဆည်ရေသောက်စနစ် တောင်သူရေယူအဖွဲ့စည်းဝေး

**ပေါင်းတည် ဖေဖော်ဝါရီ ၂၃**

ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဝဲကြီးဆည်ရေသောက်စနစ်တွင် တောင်သူရေယူအဖွဲ့အစည်း ဖွဲ့စည်းနိုင်ရေး ရေပေးပြွန်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်သည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး (၂)မှ အဆင့်မြှင့်ပြုပြင်ဆောင်ရွက်နေသည့် ပေါင်းတည်မြို့နယ် ဝဲကြီးဆည်ရေသောက်စနစ် လက်ဝဲလက်တံမြောင်း အမှတ် (၄) တွင် ရေပေးပြွန် ၂၂ ခုအတွက် မြောင်းခေါင်းဆောင်၊ ဒု-ခေါင်းဆောင်များ ရွေးချယ်ပြီး အဆိုပါခေါင်းဆောင်များက အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ဒါရိုက်တာ ရွေးချယ်နိုင်ရေးအတွက် အကြိုအစည်းအဝေးကို ပေါင်းတည်မြို့နယ် မန်ကျီးကိုင်းအုပ်စု၊ အင်းကြီးကျေးရွာတွင် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

**မြင့်နိုင်(ပြည်)**

ကြေးမုံ



# ဆယ်စုနှစ်များစွာ ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကျွန်းများပေါ်၌ ရုရှား၏စစ်ရေးတည်ဆောက်မှုအစီအစဉ်ကို ဂျပန်ကန့်ကွက်

**တိုကျို ဖေဖော်ဝါရီ ၂၃**

ပိုင်နက်နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေသည့် ကျွန်းများပေါ်တွင် တပ်ဖွဲ့ဝင် အင်အားတိုးမြှင့်ချထားသည့် ရုရှားနိုင်ငံ၏ အစီအစဉ်ကို ဂျပန်နိုင်ငံက ကန့်ကွက်လိုက်ကြောင်း ဂျပန်အစိုးရအဖွဲ့ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားသည်။ ဒုတိယကမ္ဘာစစ်ကာလနောက်ပိုင်း ရုရှားနှင့် ဂျပန်နှစ်နိုင်ငံအကြား ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုပြဿနာတွင် နောက်ဆုံးဖြစ်စဉ်တစ်ရပ်ဖြစ်သည်။

ရုရှားနိုင်ငံ၏ လုပ်ဆောင်နေမှုများကို ဂျပန်အစိုးရက အနီးကပ်စောင့်ကြည့်နေပြီး သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာနေကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ယိုရှီဒဲဆုဂက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပိုင်နက်အငြင်းပွားမှုတွင် အကျုံးဝင်နေသည့် ကျွန်းများပေါ်တွင် ရုရှားစစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များ ချထားရေးကို ဦးတည်လုပ်ဆောင်ခဲ့လျှင် ယင်းလုပ်ဆောင်မှုသည် ဂျပန်နိုင်ငံ၏ ရပ်တည်ချက်နှင့် သဟဇာတဖြစ်နိုင်တော့မည် မဟုတ်ကြောင်း၊ ပင်ကိုအားဖြင့် မိမိတို့၏ ပိုင်နက်နယ်မြေဖြစ်ခြင်းကြောင့် ရုရှား၏ လုပ်ဆောင်ချက်အတွက် မိမိတို့ ယူကျုံးမရဝမ်းနည်းဖွယ်ဖြစ်ရကြောင်း ၎င်းက ပြောကြားသည်။

ဂျပန်နိုင်ငံက ၎င်းပိုင်ဆိုင်သည်ဟု ကြေညာထားသည့် ဒေသများအပါအဝင် ပိုင်နက်နယ်မြေအငြင်းပွားမှုဖြစ်ပေါ်နေသည့် ကျွန်းများပေါ်၌ ရုရှားက လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ချထားမည့် အစီအစဉ်နှင့်ပတ်သက်၍ ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးဆိုဂျီဂုက ပြောကြားခဲ့ပြီးနောက် ဂျပန်အစိုးရအတွင်းဝန်ချုပ်က ယင်းသို့ တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအငြင်းပွားကျွန်းစုများသည် ပစိဖိတ်သမုဒ္ဒရာ၏ အနောက်ဘက်ပိုင်း၌ ရှိနေပြီး ဂျပန်တို့က မြောက်ပိုင်းဒေသပိုင်နက်နယ်မြေဟုခေါ်ဆိုကာ ရုရှားတို့က တောင်ပိုင်း ကူရိုင်းကျွန်းစုဟုခေါ်ဝေါ်သည်။ ယင်းကျွန်းစုများကို ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် ဆိုဗီယက်တပ်ဖွဲ့များက သိမ်းယူခဲ့ရာ ထိုစဉ်က ဒေသခံဂျပန်လူမျိုး ၁၇၀၀၀ တို့ ထွက်ပြေးခဲ့ကြရသည်။

**ရိုက်တာ။**




# ကုန်သွယ်ရေးဆိုင်ရာ အထောက်အကူပေးရေး သဘောတူညီချက် ဒဗလျူတီအို၏ သမိုင်းမှတ်တိုင်သစ်အဖြစ် ပေါ်ထွန်းလာ

**ဂျနီဗာ ဖေဖော်ဝါရီ ၂၃**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)အဖွဲ့ဝင်နိုင်ငံများ သဘောတူညီခဲ့ကြသော ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်သည် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ အာဏာသက်ဝင်လာကြောင်း၊ ကုန်သွယ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများပြုလုပ်လာနေသည့် အမေရိကန်အစိုးရအဖွဲ့သစ်ကို တန်ပြန်နိုင်သော သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် နိုင်ငံပေါင်းစုံပါဝင်သည့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုန်သွယ်ရေးဆိုင်ရာ အထောက်အကူပေးရေး သဘောတူညီချက်(တီအက်ဖ်အေ)ဟု အမည်ပေးထားသော အဆိုပါသဘောတူညီချက်သည် ဒဗလျူတီအိုအဖွဲ့ဝင် ၁၆၄ နိုင်ငံအနက် ၁၁၂ နိုင်ငံတို့က အတည်ပြုပေးလိုက်ပြီးနောက် စတင်အာဏာသက်ဝင်လာသည်။ ဥပဒေတစ်ရပ်အဖြစ် အာဏာသက်ဝင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံအရေအတွက်၏သုံးပုံနှစ်ပုံတို့က အတည်ပြုပေးရန် လိုအပ်သည်။

အဆိုပါသဘောတူညီချက်အရ နယ်စပ်ဖြတ်ကျော်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဆိုင်ရာစံနှုန်းများကို ကမ္ဘာ့နိုင်ငံများအားလုံးက တစ်ပြေးညီရေးဆွဲသတ်မှတ်နိုင်မည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းတွင် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေမည်ဆို၏။

တီအက်ဖ်အေ သဘောတူညီချက်သည် ကမ္ဘာတစ်ဝန်းတွင် ကုန်သွယ်ရေးလုပ်ငန်းဆိုင်ရာ စရိတ်စကများကို ၁၄ ရာခိုင်နှုန်းကျော် လျှော့ချပေးနိုင်ကာ ကမ္ဘာ့ကုန်သွယ်ရေး ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ဒဗလျူတီအို အကြီးအကဲ ရော်ဘတ်ငိုအဇီဗီဒိုက ပြောကြားသည်။




ယခုရာစုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ အကြီးကျယ်ဆုံးပြုပြင်ပြောင်းလဲမှုတစ်ရပ်အဖြစ် ကုန်သွယ်ရေးဆိုင်ရာ အထောက်အကူပေးရေး သဘောတူစာချုပ် ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း အဇီဗီဒိုက ပြောကြားသည်။ ချဒ်၊ ဂျော်ဒန်၊ အိုမန်နှင့် ရဝမ်ဒါနိုင်ငံတို့က ယင်းသဘောတူညီချက်အတွက် အတည်ပြုခဲ့ကြပြီးနောက် အာဏာသက်ဝင်လာခြင်းဖြစ်သည်။

သဘောတူညီချက်သစ် အာဏာသက်ဝင်လာခြင်းဖြင့် ဆင်းရဲသောနိုင်ငံများအနေဖြင့် ၎င်းတို့၏ထုတ်ကုန်များကို ချမ်းသာကြွယ်ဝသော နိုင်ငံများ၏ ဈေးကွက်များသို့ တင်ပို့နိုင်လာမည်ဟု မျှော်လင့်ရသည်။

တီအက်ဖ်အေသဘောတူညီချက် အာဏာသက်ဝင်လာခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးလောကအတွက် အရေးပါသော အပြောင်းအလဲတစ်ရပ်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံ ပါရီအခြေစိုက် နိုင်ငံတကာကုန်သည်ကြီးများအသင်းအကြီးအကဲ ဆူနီးလ်ဘာတီမစ်တားက ပြောကြားသည်။

**ဆင်ဟွာ။**

# အမေရိကန်၌ တရုတ်ရင်းနှီးမြှုပ်နှံမှု မြင့်တက်နေမှု စေ့စေ့စပ်စပ်စိစစ်ရန် ဥပဒေပြုအမတ်များ တိုက်တွန်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်ပြည်ထောင်စု၌ တရုတ်ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာခြင်းနှင့်ပတ်သက်၍ စေ့စေ့စပ်စပ်စိစစ်ရန် အမေရိကန်ဥပဒေပြုအမတ်များက ဒေါ်နယ်ထရန့်အစိုးရအဖွဲ့ကို ဖိအားပေးလျက်ရှိကြောင်း ဝေါလ်စထရိဂျာနယ်အမည်ရှိ သတင်းစာ၏ရေးသားဖော်ပြချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်၌ တရုတ်ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာခြင်းသည် အမျိုးသားလုံခြုံရေးကို ထိခိုက်မှုဖြစ်ပေါ်လာစေနိုင်ကြောင်း အမတ်များက ပြောကြားကြသည်။

အမေရိကန်နိုင်ငံရေးပါတီကြီးနှစ်ခုစလုံးမှ အမတ်များက တစုတပေါင်းတည်းသော အစီအစဉ်တစ်ရပ်ကို ရေးဆွဲချမှတ်ကာ စုပေါင်းလုပ်ဆောင်ကြခြင်း မရှိသေးသော်လည်း ၎င်းတို့၏တူညီသော ရည်ရွယ်ချက်မှာ တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ အမေရိကန်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကော်မတီမှတစ်ဆင့် အစိုးရက ထိထိရောက်ရောက်စိစစ်မှုပြုလုပ်ရေးဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကော်မတီ၏လုပ်ပိုင်ခွင့်အာဏာကို တိုးပေးနိုင်ရန်ရည်ရွယ်လျက် အထက်လွှတ်တော်အမတ် ဂျွန်ကော်နင်နှင့် ချပ်ရှုးမားတို့က ဥပဒေမူကြမ်းတစ်ရပ်ကို ရေးဆွဲလျက်ရှိသည်ဆို၏။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကော်မတီသည် အမေရိကန်ဘဏ္ဍာရေးဌာနကဦးဆောင်ပြီး လုပ်ငန်းအေဂျင်စီပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ယင်းကော်မတီသည် အမျိုးသားလုံခြုံရေးအကြောင်းပြချက်များအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးဆိုင်ရာ သဘောတူညီချက်များကို သမ္မတက ပိတ်ပင်နိုင်ရေးအတွက် သမ္မတအား အကြံပြုနိုင်သည်။

တရုတ်နိုင်ငံ၌ အမေရိကန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခြင်းကို အစိုးရကကန့်သတ်ချုပ်ချယ်နေချိန်တွင် တရုတ်ကုမ္ပဏီများအနေဖြင့် အမေရိကန်တွင် လွတ်လွတ်လပ်လပ် ရင်းနှီးမြှုပ်နှံခွင့်ရရှိနေကြောင်း အမတ်အချို့က ထောက်ပြကြသည်။

**ပီတီအိုင်။**



# ပြုံယမ်းနှင့် ကုန်သွယ်မှုဖြတ်တောက်ခဲ့ခြင်းကို မြောက်ကိုရီးယားက တရုတ်နိုင်ငံအားရှုတ်ချ

**ပြုံယမ်း ဖေဖော်ဝါရီ ၂၃**

မြောက်ကိုရီးယားနိုင်ငံ၏ ကျောက်မီးသွေးတင်ပို့ရောင်းချမှုကို တရုတ်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်နှင့်အညီ ပယ်ချခဲ့ခြင်းနှင့် ပတ်သက်ပြီး ပြုံယမ်းက တရုတ်နိုင်ငံကို သွယ်ဝိုက်ပြီး ရှုတ်ချခဲ့ကြောင်း သတင်းများအရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယား ဗဟိုသတင်းအေဂျင်စီက တရုတ်နိုင်ငံဟု အမည်ဖော်ခြင်းမရှိဘဲ မြောက်ကိုရီးယား၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဟု ရေးသားထားသည့် တရုတ်နိုင်ငံအားရှုတ်ချသော ဆောင်းပါးတစ်ပုဒ်ကို ရေးသားထားသည်။

မြောက်ကိုရီးယား၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နှင့်အညီ နှစ်နိုင်ငံအကျိုးတူကုန်သွယ်မှုကဏ္ဍကို လုံးလုံးလျားလျား ပိတ်ပင်လိုက်ပြီဖြစ်သည်ဟု အဆိုပါဆောင်းပါးတွင် ပါရှိသည်။

ယင်းသို့ နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍ ပိတ်ပင်ခြင်းသည် မြောက်ကိုရီးယား ပြည်သူများ၏ ဘဝရှင်သန်ရပ်တည်မှုကို ထိခိုက်မှုမရှိသော်လည်း အဆိုပါနိုင်ငံအနေဖြင့် မြောက်ကိုရီးယားအစိုးရကို ဖြုတ်ချရန် ရည်ရွယ်နေသည့် နိုင်ငံအချို့၏ လုပ်ရပ်များကဲ့သို့ လုပ်ဆောင်ခဲ့သည်ကို သိသာရှင်းလင်းစွာ တွေ့မြင်ခဲ့ရပြီဖြစ်သည်ဟု ရေးသားထားသည်။

ကုန်သွယ်မှုဖြတ်တောက်ခြင်းကဲ့သို့သော စီးပွားရေးပိတ်ဆို့သည့်လုပ်ရပ်များသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူလက်နက်ထုတ်လုပ်ခြင်းကို ရပ်တန့်စေနိုင်သည်ဟု ယူဆသည့် အတွေ့အမြင်များသည် လွန်စွာကလေးဆန်သည်ဟု ဆောင်းပါးထဲတွင် ပါရှိသည်။

တရုတ်အာဏာပိုင်များက ဖေဖော်ဝါရီ ၁၉ ရက်တွင် မြောက်ကိုရီးယား၏ ကျောက်မီးသွေးတင်ပို့မှုကို ပယ်ဖျက်သည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို တဖြည်းဖြည်း အကောင်အထည်ဖော်ဆောင်လျက်ရှိသည်ဟု တရုတ်အာဏာပိုင်များကဆိုသည်။

တရုတ်နိုင်ငံ၏ ကျောက်မီးသွေးတင်သွင်းမှုပမာဏ တစ်ဝက်နီးပါးကို မြောက်ကိုရီးယားနိုင်ငံက တင်သွင်းကြောင်း သိရသည်။

တရုတ်နိုင်ငံက ပြုံယမ်း၏ ကုန်စည်တင်သွင်းမှုများကို ပိတ်ပင်ခဲ့ခြင်းသည် နိုင်ငံခြားငွေရရှိရန် ကုန်သွယ်မှုအပေါ် အားထားနေရသည့် မြောက်ကိုရီးယား အစိုးရအတွက် ဘေးကျပ်နံကျပ် ဖြစ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

**လွှတ်တော်ရေးရာ**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကျင်းပ

**နေပြည်တော်  ဖေဖော်ဝါရီ  ၂၃**

လမ်းဦးစီးဌာနအနေဖြင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် သတ်မှတ်လမ်းနယ်နိမိတ်အကျယ်ရရှိမှသာ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သတ်မှတ်လမ်းနယ်နိမိတ် အကျယ်ရရှိစေရေးကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရှင်းလင်းပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ **လက်ပံတန်းမြို့နယ်နှင့် မင်းလှမြို့နယ်သို့ ဆက်သွယ်ထားသည့် အရှည် (၇)မိုင်ရှိသည့် တောင်ကြို့ကုန်းလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် မူလကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ရှင်းလင်းဖြေကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်နှင့် မင်းလှမြို့နယ်တို့ကို ဆက်သွယ်ထားသည့် တောင်ကြို့ကုန်း-သနာပိုလမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် လမ်းဖြစ်ပြီး လက်ပံတန်းမြို့နယ် အပိုင်းတွင် (၆)မိုင် (၄)ဖာလုံနှင့် မင်းလှမြို့နယ် အပိုင်းတွင် (၈)မိုင် (၂)ဖာလုံ စုစုပေါင်းလမ်းမိုင် (၁၄)မိုင်နှင့် (၆)ဖာလုံရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းနယ်နိမိတ်အကျယ် (၁၀၀)ပေ ရရှိမည်ဆိုပါက လမ်းဦးစီးဌာနပိုင်လမ်းအဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းလက်ခံဆောင်ရွက်ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းဝင်း၏ **မြောက်ဥက္ကလာပမြို့နယ်သို့ အဓိကဝင်ရောက်ရာ ခုံးကျော်တံတားကို ပါရမီခုံးကျော်တံတားကဲ့သို့ ခိုင်ခံ့ကောင်းမွန်ပြေပြစ်သော တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြောက်ဥက္ကလာပမြို့နယ်သို့ အဓိကဝင်ရောက်သည့် ခုံးကျော်တံတားသည် မြန်မာ့မီးရထားက (၁၉၇၆)ခုနှစ်တွင် တာဝန်ယူတည်ဆောက်ထားသည့် တံတားဖြစ်ပါကြောင်း၊ အဆိုပါခုံးကျော်တံတားကို ပါရမီခုံးကျော်တံတားကဲ့သို့ ခိုင်ခံ့ကောင်းမွန်ပြေပြစ်သည့် တံတားအသစ်တစ်စင်းအဖြစ် တည်ဆောက်နိုင်ရန် နိုင်ငံတော်ဘတ်ဂျက်မှ ကျခံတည်ဆောက်ပေးရမည်ဖြစ်ကြောင်း၊ ၂၀၁၇-



လက်ပံတန်းမဲဆန္ဒနယ်မှ
ဦးကျော်မင်း



ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် မဖြစ်မနေလိုအပ်သည့် အဓိကလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပေးချေရန်ကျန်ရှိသည့် လုပ်ငန်းများအတွက်သာ ဘဏ္ဍာငွေလုံလောက်မှုရှိသဖြင့် ကားလမ်းကူးခုံးကျော်တံတားသစ်တစ်စင်းအဖြစ်တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ **ပူတာအိုခရိုင်အတွင်းရှိ ပြည်ထောင်စုလမ်းဖြစ်သော မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို မော်တော်ကားလမ်း (၂၁၈) မိုင်အား ယာဉ်ကြီး၊ ယာဉ်ငယ်များ ရာသီမရွေးသွားလာနိုင်ရန် တည်ဆောက်ပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိနှင့် မိုင်တိုင် (၉၂/၀)မှ (၁၆၁/၀)ကြားရှိ အဆိုးဆုံး ရွှံ့ဗွက်တန်းကို မည်သည့်စီမံကိန်းမျိုးဖြင့် ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် မြစ်ကြီးနား မိုင်တိုင်(၀/၀)မှ ပူတာအို မိုင်တိုင်(၂၁၈/၀)အထိ (၂၁၈)မိုင် ရှည်လျားပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်နယ်ရန်ပုံငွေဖြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဆိုးရွားစွာ ဗွက်တန်းဖြစ်ပေါ်နေသည့် မိုင် (၈၇/၀)မှ(၁၀၀/၄)အတွင်းနှင့် မိုင်(၁၄၄/၆)မှ (၁၅၂/၄)အတွင်း စုစုပေါင်း (၆)မိုင် (၅)ဖာလုံကို (၃၄)ပေအကျယ် တောင်နံရံချဲ့၍ (၁၈)ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီး ကွန်ကရစ်ရေမြောင်း ကျောက်စီမြေကာနံရံများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မေးမြန်းသည့် မိုင်တိုင်(၉၂/၀)မှ (၁၆၁/၀)အတွင်းရှိ အဆိုးဆုံး ဗွက်တန်းနေရာများကို မန်းပြည်တံခွန်ကုမ္ပဏီ၊ ဇင်းနစ်တိုးအောင်ကုမ္ပဏီနှင့် လမ်းဦးစီးဌာနတို့မှတာဝန်ယူ၍ လမ်းပိုင်းအလိုက် တောင်နံရံချဲ့ခြင်းနှင့် (၁၈)ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းကို လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ လမ်းပိုင်းအလိုက် လမ်းနှင့်တံတားများကို အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကုမ္ပဏီ(၉)ခုကို လုပ်ငန်းတင်ဒါစနစ်ဖြင့် လမ်းနှင့်တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်တွင် ကွန်ကရစ်လမ်းအဆင့် (၁၈)မိုင်၊ ကတ္တရာလမ်းအဆင့် မိုင်(၈၀)နှင့် (၄)ဖာလုံ၊ ကျောက်လမ်းအဆင့် (၃၇)မိုင်နှင့် (၆) ဖာလုံ၊ အမာခံလမ်းအဆင့် (၈၁)မိုင်နှင့် (၆)ဖာလုံ ရှိလာမည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်တွင် ရာသီမရွေးသွားလာနိုင်သော လမ်းအဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးနှင့် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းတို့၏ လမ်း၊ အဆောက်အအုံများနှင့် စပ်လျဉ်းသည့် မေးခွန်းများကိုလည်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်က **ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်အားပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၌ လက်ခံဆွေးနွေးရန် သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **မင်းမင်းဇော်၊ မီမီဖြိုး၊ အေးအေးသန့်(သတင်းစဉ်)**

# ချောင်းဆုံမြို့နယ်အတွင်းရှိ တောင်စွန်း၊ ကွမ်လှာနှင့်အဘစ် ကျေးလက်ကျန်းမာရေးဌာနများတွင် စံကိုက်အဆောက်အအုံများ ဆောက်လုပ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ တောင်စွန်း၊ ကွမ်လှာနှင့် အဘစ် ကျေးလက် ကျန်းမာရေးဌာနခွဲများတွင် စံကိုက် အဆောက်အအုံများ ဆောက်လုပ်ပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်စဉ်စီမံကိန်းများတွင် ရန်ပုံငွေရရှိရေး အတွက် ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **"မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လိုအပ်လျက်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ"**မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် တိုက်နယ်ကျန်းမာရေးဌာန ၃ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၄ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၀နှင့် မိခင်ကလေးကျန်းမာရေးဌာန တစ်ခု



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး

တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ချောင်းဆုံမြို့နယ် အတွင်းရှိ တော်ကနာ၊ ဒေါင်းဥနှင့် ကုလားတို့ ကျေးလက်ကျန်းမာရေးဌာနခွဲများကို ဦးစွာ စံကိုက်အဆောက်အအုံ ဆောက်လုပ်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် အဆိုပြု တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်းဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **"ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စု ဒါးကကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ အသစ်တိုးချဲ့ ဖွင့်လှစ်ခွင့်ပြုကြောင်း အကြောင်းကြားစာ ရရှိပြီးဖြစ်သော်လည်း ယနေ့တိုင် ဆောက်လုပ်ခြင်းမရှိသည်မှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုကြောင်း"**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လုပ်ငန်းသစ်များဆောင်ရွက်ရန် ရရှိသောရန်ပုံငွေခွဲတမ်းသည် မူလလျာထားစဉ်က ရန်ပုံငွေ၏ ၁၂ ရာခိုင်နှုန်းသာ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါလုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ရန်အတွက်လည်း ၄၇ ဘီလီယံခန့် ထပ်မံလိုအပ်နေသည့်အတွက် နှစ်ဆက်လုပ်ငန်းများအဖြစ် ဆောင်ရွက်ရန် လျာထားခဲ့ပါကြောင်း။

ဦးစားပေးအစီအစဉ်ချမှတ်ရာတွင် ဖွဲ့စည်းပုံအရင်ကျသော တိုက်နယ်ဆေးရုံများကို ချထားပေးခြင်းဖြစ်ပြီး ဒါးကတိုက်နယ်ဆေးရုံအတွက် ဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိသည့်ရက်သည် နောက်ဆုံးတွင် ရှိနေသည့်အတွက် လျာထားထည့်သွင်းပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စု ဒါးကကျေးရွာတွင်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းအား ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် လုပ်ငန်းဆောင်ရွက်ပေးနိုင်ခြင်းမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထည့်သွင်းတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **"မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ အရာထမ်း၊ အမှုထမ်းများအတွက် အိမ်ရာများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုသရေးဦးစီးဌာနသည် ညောင်ဦး ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် (၈)ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ နှစ်လုံးနှင့် (၄)ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ နှစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကုသရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေတွင် ကျပ်သန်း ၅၀၀ ထည့်သွင်းတောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုချက် ရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **"မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ၏ **"ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံတွင် နှစ်ထပ် လူနာဆောင်အသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၏ **"ချင်းပြည်နယ် တီးတိန်မြို့နယ် မွာလ်ဘင်းရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"**မေးခွန်းတို့နှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ
ဦးလင်းတင်ဌေး

ထို့ပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက **"မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် **"ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်း"**တို့ကို လွှတ်တော်က လက်ခံဆွေးနွေးပြီး အတည်ပြုပေးရန် တင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဒေါက်တာမျိုးအောင်တို့က ယင်းဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များ ပါဝင်သော ကော်မတီ၏ အစီရင်ခံစာများကို ဖတ်ကြားကြသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှစ်ခုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။ **မော်စီ၊ ဝေသူနွယ်၊ မွေးကြူဇင်(သတင်းစဉ်)**

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ကျော်ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# အခွန်ယဉ်ကျေးမှု ပြန့်ပွားစေဖို့ရာ

**စံထွန်း**

ပြီးခဲ့တဲ့ရက်ပိုင်းက ရုပ်မြင်သံကြားလိုင်းတစ်ခုမှ ထုတ်လွှင့်ခဲ့တဲ့ အခွန်နဲ့ပတ်သက်ပြီး အသိပေးဇာတ်လမ်းတိုကို ကြည့်ခဲ့ပြီးနောက် ဒီဆောင်းပါးကိုရေးဖို့ အကြောင်းဖန်လာတယ်။ အခွန်ကောက်ခြင်းစနစ်ကို ပြည်သူတစ်ရပ်လုံး သိထားဖို့လိုသလို နိုင်ငံတော်သို့ မှန်မှန်ကန်ကန် အခွန်ထမ်းဆောင်ဖို့ရာ ပြည်သူတစ်ရပ်လုံးမှာ တာဝန်ကိုယ်စီရှိကြပါတယ်။

နိုင်ငံရှိလျှင် အခွန်ကောက်ခြင်းဆိုတာရှိရပါမယ်။ နိုင်ငံတိုင်းမှာရှိတဲ့ အစိုးရမှန်သမျှ မည်သည့်ဝါဒနဲ့ သူတို့နိုင်ငံကို အုပ်ချုပ်ပါစေ အခွန်ကောက်ခြင်းကို ဆောင်ရွက်ရစမြဲဖြစ်တယ်။ ဒီလို အခွန်ကောက်ခံလို့ရတဲ့ ငွေကြေးဘဏ္ဍာနဲ့ အစိုးရဝန်ထမ်းတွေကို လစာပေးရတယ်။ ဒါတင်မကပါဘူး ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး၊ နိုင်ငံဖွံ့ဖြိုးရေးအရပ်ရပ်အပြင် နိုင်ငံအချုပ်အခြာအာဏာကို ကာကွယ်ကြရတဲ့ တပ်များနဲ့ စစ်ဘက်ဝန်ထမ်းအားလုံးကို လစာပေးရတယ်။ ခေတ်မီတပ်များဖြစ်အောင်လည်း စွမ်းဆောင်ရသလို ခေတ်မီလက်နက်ကိရိယာများပါ ဝယ်ယူဖြည့်တင်းပေးရတယ်။ အဲဒါတွေအားလုံး ပြည့်စုံစေဖို့ ငွေရှိမှသာ ဖြစ်နိုင်မှာပါ။ ဦးဖွဆိုပြီး မန်းမှုတ်နေလို့ ဘာမှဖြစ်မလာနိုင်ပါဘူး။ ဒီအကြောင်းအရင်းများကြောင့် အခွန်အကောက်ဆိုတာ ဖြစ်တည်ခဲ့ရတယ်။

မြန်မာနိုင်ငံမှာက အခွန်ကောက်ခြင်းကို မြန်မာဘုရင်များ အဆက်ဆက်က ကျင့်သုံးလာခဲ့ပြီး သာလွန်မင်းတရားကြီးလက်ထက်မှာ စနစ်ပိုကျလာတယ်။ အင်္ဂလိပ်ခေတ်ရောက်တော့ သဿမေအခွန်၊ ဆားခွန်၊ လူခွန်တို့ကို ကောက်ခံလာတာတွေ့ရှိရပါတယ်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် (၁. ၁၀. ၁၉၇၂) ရက်မှာ ပြည်တွင်းအခွန်များဦးစီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့တယ်။ ၁၉၇၂-၁၉၇၃ ဘဏ္ဍာနှစ်မှ ၁၉၇၅-၁၉၇၆ ဘဏ္ဍာနှစ်အထိ မြေခွန်၊ အင်းအိုင်အခွန်၊ ဓာတ်သတ္တုအခွန် အပါအဝင် အခွန်ကိုးမျိုး ကောက်ခံခဲ့ပါတယ်။ ၁၉၇၆-၁၉၇၇ ဘဏ္ဍာနှစ်မှ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်အထိ ဝင်ငွေခွန်၊ ကုန်စည်ခွန်၊ ဝန်ဆောင်မှုခွန်၊ အမြတ်ခွန်၊ တံဆိပ်ခေါင်းခွန်၊ တာတမံခွန်၊ အင်းအိုင်ခွန် အပါအဝင် အခွန် ၁၀ မျိုးအထိ ကောက်ခံခဲ့ပါတယ်။

နဝတအစိုးရလက်ထက် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံခဲ့တဲ့ အခွန် ၁၀ မျိုးအနက် အခွန်အမျိုးအစား ငါးမျိုးကို လုပ်ငန်းသဘာဝအရဆက်စပ်မှုရှိတဲ့ ဦးစီးဌာနများသို့ အခွန်ကောက်ခံနိုင်ရန် (၁. ၄. ၁၉၈၉) ရက်က လွှဲပြောင်းပေးခဲ့တယ်။ သမ္မတကြီးဦးသိန်းစိန်အစိုးရလက်ထက်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကာကွယ်ဖို့ပြဋ္ဌာန်းခဲ့တဲ့ အမြတ်ခွန်ဥပဒေကို ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁) ဖြင့် ရုပ်သိမ်းခဲ့တယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်အပါအဝင် အခွန်အမျိုးအစားလေးမျိုးကိုသာ သတ်မှတ်ကောက်ခံခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်စွဲဖြင့် အထူးကုန်စည်ခွန် ဥပဒေ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေအရ ၂၀၁၆ ခုနှစ်မှာ ပြည်တွင်းအခွန်များဦးစီးဌာနကအထူးကုန်စည်ခွန်အဖြစ် ထပ်မံတိုးချဲ့သတ်မှတ်ပြီး အခွန်ငါးမျိုးကောက်ခံခဲ့ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ဥပဒေကို ၂၀၁၄ ခုနှစ်မှာ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်မှာ ဒုတိယအကြိမ်၊ ၂၀၁၆ ခုနှစ်မှာ တတိယအကြိမ်အဖြစ် အကြိမ်ကြိမ် ပြင်ဆင်ထုတ်ပြန်ခဲ့တာကို သတိပြုမိပါတယ်။ ၂၀၁၆ ခုနှစ်မှာပဲ အထူးကုန်စည်ခွန်ဥပဒေကို သီးခြားထုတ်ပြန်ခဲ့ပါတယ်။ ဒီ့အပြင် ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေနဲ့ ၁၉၉၀ ခုနှစ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေတို့ကလည်း တည်ဆဲဥပဒေများဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနက ကျင့်သုံးနေဆဲဖြစ်တယ်။ အခွန်ဥပဒေများကလည်း မတည်မငြိမ်ဖြစ်ပြီး ခဏခဏ ပြင်ရတာကိုက ပြည်သူများအကြား မျက်စိလည်စရာဖြစ်ခဲ့ရတယ်။

ဒါကြောင့် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်ခဲ့တဲ့ ဥပဒေများက တည်တံ့ခိုင်မြဲဖို့လိုပါတယ်။ ဒီလို ဆိုရတာကလည်း မြန်မာနိုင်ငံမှာ အခွန်ယဉ်ကျေးမှု ဆိတ်သုဉ်းနေလို့ဖြစ်တယ်။ စာရေးသူက ယခုဆောင်းပါးမှာ အဓိကတင်ပြလိုချင်တာက ဝင်ငွေခွန်အကြောင်းဖြစ်တယ်။ ဝင်ငွေခွန်ကို ရိုးသားစွာထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်များနဲ့ ကုမ္ပဏီတို့ကို မဆိုလိုချင်ပါဘူး။ အဓိကဆိုလိုချင်တာက စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေကိစ္စဖြစ်တယ်။ အတိုကောက်အားဖြင့် စ. က. လ. က ခေါ်တယ်။ စ. က. လ. က ကို ဝ. ထ. က. လ. သ နဲ့ ပြည်သူများ အမှတ် မမှားစေချင်ပါဘူး။ ဝ. ထ. က. လ. သ ဆိုတာ "အ"သုံးလုံးမှာသင်တဲ့ အခြေခံအက္ခရာ ငါးလုံးဖြစ်တယ်။

စ. က. လ. က ကို ပြည်သူများ မြင်သာအောင် ပြောရရင် ကားဝယ်ရောင်းတစ်ဦးက ကားတစ်စီးကို ကျပ်သိန်းတစ်ရာနဲ့ ဝယ်တယ်၊ ပြီးတော့ ကျပ်သိန်းတစ်ရာ့နှစ်ဆယ်နဲ့ ရောင်းခဲ့လျှင် သူ့အဖို့ ကျပ်သိန်းနှစ်ဆယ်မြတ်နေပါတယ်။ ဒီလို ဝယ်လိုက်၊ ရောင်းလိုက်လုပ်ရင်းရခဲ့တဲ့ အမြတ်ငွေအားလုံးက စည်းကြပ်ခြင်းမှ လွတ်ကင်းနေတဲ့ ဝင်ငွေများသာ ဖြစ်တယ်။ ဒီငွေကိုသာ ပုံမှန် အတိုင်း တာဝန်သိစိတ်နဲ့ ကျသင့်တဲ့ အမြတ်ခွန်ပေးသွင်းခဲ့ရင် သူ့ပိုင်ငွေကြေးများက ငွေဖြူများသာဖြစ်လို့ အိမ်ဝယ်ဝယ်၊ ကားဝယ်ဝယ် ဒီပေါ်မှာ အမြတ်ခွန် ထမ်းဆောင်စရာမလိုဘူးပေါ့ဗျာ။

ဝန်ထမ်းများအတွက်ဆိုလျှင် ၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေပါ ပုဒ်မ ၁၉(က) အရ လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေစည်းကြပ်ခြင်း မပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ ဆိုလိုတာက တစ်လလျှင် လစာကျပ်လေးသိန်းသာရတဲ့သူဆိုလျှင် အခွန်ထမ်းဆောင်ဖို့ မလိုပါဘူး။

လခငါးသိန်းအထက် ရတဲ့သူဆိုလျှင် ဝင်ငွေခွန် ထမ်းဆောင်ရမှာ ဖြစ်တယ်။ ဒီလို ဝင်ငွေခွန် ထမ်းဆောင်တဲ့အခါ သက်သာခွင့်ပေးထားတာကို တွေ့ရှိရတယ်။ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နဲ့ ပုဒ်မ ၆(က)တို့အရ အတူနေမိဘတစ်ဦးချင်းစီလျှင် ကျပ် ၁၀ သိန်း၊ တရားဝင်အိမ်ထောင်ဘက်တစ်ဦးအတွက် ကျပ် ၁၀ သိန်း၊ သားသမီးတစ်ဦးလျှင် ကျပ် ငါးသိန်းစီ ထုတ်နုတ်ပြီး ကျန်ငွေပေါ်မှ ကျသင့်သည့် ဝင်ငွေခွန်ကို ပေးဆောင်ရခြင်းသာ ဖြစ်တယ်။ ဒါ့အပြင် နိုင်ငံတော်သို့ လှူဒါန်းခဲ့သည့် အလှူငွေများအပေါ်မှာလည်း သက်သာခွင့်အဖြစ် ထုတ်နုတ်တွက်ချက်ပေးတာကို တွေ့ရှိရတယ်။ ဝင်ငွေခွန် ပုံမှန်ထမ်းဆောင်သူများအတွက် တစ်ဆယ်ရာခိုင်နှုန်းသာ ကောက်ခံရန် သတ်မှတ်ထားပါတယ်။

ဝင်ငွေခွန် ပုံမှန်မထမ်းဆောင်တဲ့သူဆိုရင် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပုဒ်မ ၂၄ အရ ဝင်ငွေကျပ် တစ်သိန်းမှ သိန်း ၃၀ အထိ ဝင်ငွေခွန် ၁၅ ရာခိုင်နှုန်း၊ သိန်း ၃၀ မှ သိန်း ၁၀၀ အထိ ၂၀ ရာခိုင်နှုန်း၊ သိန်း ၁၀၀ နှင့် အထက်ကို ၃၀ ရာခိုင်နှုန်း အထိ တိုးမြှင့်စည်းကြပ်ကောက်ခံမှာ ဖြစ်တယ်။

အထက်က ဆိုခဲ့တဲ့အတိုင်း ဝင်ငွေခွန် စည်းကြပ်ကောက်ခံခြင်းနဲ့ စပ်လျဉ်းပြီး တရားမဝင်ရရှိတဲ့ ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့ပဲဖြစ်ဖြစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရသည့် အမှုကိစ္စများနဲ့ မသက်ဆိုင်ဘူးလို့ ဆိုပါတယ်။ ဆိုလိုရင်းက စ. က. လ. က ငွေများသည် ငွေမည်းမဟုတ်ဘူး သီးခြားစီလို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။

စာရေးသူတို့နိုင်ငံမှာ အခွန်ယဉ်ကျေးမှု ဆိတ်သုဉ်းနေတဲ့အတွက် အခွန်ထမ်းဆောင်သူတွေကို ငတုံးများ၊ ငအများအဖြစ် သတ်မှတ်ခံနေရဆဲပါ။ အခွန်ထမ်းဆောင်သူများ အခွန်ရုံးသွားတာတောင် အခွန်ပိုကောက်ခံရမှာပဲလို့ စိုးရိမ်စိတ်နဲ့ အဝတ်အစားအဟောင်းတွေကို ဝတ်ဆင်သွားလေ့ရှိတာ တွေ့ရှိနေရဆဲပါ။

ဒီထက်ဆိုးတာက နဝတအစိုးရလက်ထက် တစ်လျှောက်လုံးမှာ အိမ်ခြံမြေဝယ်သူတွေက မြေကွက်များဖြစ်ဖြစ်၊ လုံးချင်းတိုက်ပဲဖြစ်ဖြစ် ဝယ်တဲ့အခါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ဖို့အတွက် မြို့တော်စည်ပင်သာယာရေးကော်မတီမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ယူရပါတယ်။ ပြီးမှ သက်ဆိုင်သည့် မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှာရှိတဲ့ ရာဖြတ်အဖွဲ့ဆီသွားပြီး မိမိဝယ်ယူထားတဲ့ မြေအရောင်းအဝယ်စာချုပ်အတွက် အရောင်းအဝယ်တန်ဖိုးလျှော့ချုပ်ဆိုနိုင်ရန် ပွဲစားမှတစ်ဆင့် လာဘ်ငွေပေးရပါတယ်။

ပြီးမှသာလျှင် ရာဖြတ်အဖွဲ့က သတ်မှတ်ပေးသည့် တန်ဖိုးအပေါ် အခွန်တော်တံဆိပ်ခေါင်းကပ်ပြီး စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်စာချုပ်ချုပ်ဆိုနိုင်ပါတယ်။ အဲဒီအချိန်တုန်းက မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ၁၀ ခုမှာ ၁၀ ခုလုံးက ဝယ်ရင်းတန်ဖိုးကို အမှန်မဖော်ပြခဲ့ဘူး။ ဒါကြောင့်လည်း နဝတ အစိုးရလက်ထက် ရန်ကုန်မြို့နဲ့ မန္တလေးမြို့တို့မှာ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အားလုံးနီးပါးကို နောက်ကြောင်းပြန်စစ်ဆေးပြီး အမြတ်ခွန် ရာခိုင်နှုန်း တစ်ရာကျော် ဒဏ်ကြေးအဖြစ် သတ်မှတ်အရေးယူခဲ့တာ ရှိဖူးတယ်။

နောက်ကုမ္ပဏီဘက်ကို ကြည့်လိုက်ပြန်လျှင်လည်း နေရာဒေသအချို့မှာ ကုမ္ပဏီအချို့က အမည်ခံပုဂ္ဂိုလ်များ၊ နေရပ်လိပ်စာအလွဲများနဲ့ ကုမ္ပဏီတည်ထောင်ခဲ့ကြပါတယ်။ သက်ဆိုင်ရာ အခွန်ဦးစီးဌာနက ဝင်ငွေခွန်၊ အမြတ်ခွန်များ ပေးဆောင်ရန်အတွက် သွားရောက်အကြောင်းကြားတဲ့အခါ အဲဒီနေရပ်လိပ်စာမှာ မရှိတဲ့အပြင် ဖုန်းများဖြင့်လည်း ဆက်သွယ်လို့မရ ဖြစ်ခဲ့ရတယ်။ ဒီလိုဖြစ်ရပ်များကလည်း နိုင်ငံတော်အတွက် နစ်နာမှုများသာဖြစ်လို့ သတိထားစရာဖြစ်တယ်။

အခွန်တော်ကိစ္စနဲ့ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် မတ် ၂၁ ရက် ည ၈ နာရီခွဲ ရေဒီယိုမှ တစ်ဆင့် ပြောခဲ့တဲ့ မိန့်ခွန်းထဲက ကောက်နုတ်တင်ပြရရင် အခွန်တော် မဆောင်ရအောင် ဆင်ခြေလက်ခြေ အမျိုးမျိုးနဲ့ဖြစ်ဖြစ်၊ ခြိမ်းခြောက်ခြင်းနဲ့ဖြစ်ဖြစ် သွေးဆောင်နေသူတို့ကို မြန်မာလူမျိုးတို့ရဲ့ ရန်သူအဖြစ် မှတ်တမ်းတင်ရမယ်လို့ မိန့်ကြားခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ အခွန်အကောက်များ ပေးဆောင်ရန် တာဝန်ရှိသည်ကို တိကျစွာ ပြဋ္ဌာန်းပြီး ဖြစ်တာမို့ နိုင်ငံသားတိုင်းက မိမိတို့ ထမ်းဆောင်ရမယ့် ဝင်ငွေခွန်ကို မှန်မှန်ကန်ကန်နဲ့ သတ်မှတ်ထားတဲ့ နေ့ရက်မှာ သက်ဆိုင်တဲ့ မြို့နယ်အခွန်ဦးစီးဌာနသို့ သွားရောက်ထမ်းဆောင်သင့်ပါတယ်။ သည့်အပြင် စ. က. လ. က ဝင်ငွေများ ဖြစ်နေရင်လည်း တာဝန်သိသိနဲ့ အခွန်ရုံးသို့ သွားရောက်ထမ်းဆောင်စေခြင်းဖြင့် တာဝန်သိပြည်သူတစ်ဦး ပီသစေချင်တယ်။

အမေရိကန်နိုင်ငံမှာဆိုရင် အခွန်တိမ်းရှောင်လို့မရအောင် အခွန်ဥပဒေကို အသေအချာရေးဆွဲထားပါတယ်။ အခွန်ထမ်းဆောင်ဖို့ ပျက်ကွက်ခဲ့ရင်၊ ဒါမှမဟုတ် အခွန်တိမ်းရှောင်တယ်လို့ စစ်ဆေးတွေ့ရှိခဲ့ရင် ပြင်းပြင်းထန်ထန် အရေးယူတာရှိပါတယ်။

ဂျပန်နိုင်ငံတို့၊ တောင်ကိုရီးယားနိုင်ငံတို့မှာ ဒီအတိုင်းပဲ။ အခွန်ဥပဒေနဲ့ ငြိစွန်းလာရင် ဘယ်သူ့ကိုမှ ခွင့်လွှတ်ပေးလေ့မရှိပါဘူး။ အခွန်တိမ်းရှောင်တဲ့ ကုမ္ပဏီတွေဆိုရင်လည်း အခွန်ဥပဒေဝန်ထမ်းများက အလုံးအရင်းနဲ့ ကုမ္ပဏီရုံးခန်းတို့၊ နေအိမ်တို့ကိုပါ ဝင်ရောက်စီးနင်းပြီး စာရွက်စာတမ်းများ၊ ကွန်ပျူတာများပါမကျန် အကုန်လုံးသိမ်းဆည်းသွားပြီး သက်ဆိုင်သူကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားတာတွေကို သတင်းများမှတစ်ဆင့် တွေ့မြင်နိုင်ပါတယ်။

စာရေးသူရဲ့ အမြင်ကို ပွင့်လင်းစွာ တင်ပြရရင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဝန်ထမ်းများအားလုံးတိုင်းပြည်မျက်နှာတစ်ခုတည်းကိုသာ ကြည့်စေချင်တယ်။ မိမိတို့ရဲ့ ကုလားထိုင်မှာ ထိုင်မနေသင့်ဘူး။ မိမိတို့ရဲ့ မြို့နယ်အတွင်းမှာရှိကြတဲ့ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များက စားသုံးသူများရဲ့ ပေးချေပြီးတဲ့ ငွေပေါ်မှာ အခွန်တံဆိပ်ခေါင်း ကပ်၊ ငွေရပြေစာများ ပေး၊ မပေးကို အသွင်ယူစောင့်ကြည့်စေချင်ပါတယ်။

အခွန်ထမ်းဆောင်သင့်တဲ့ ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများကိုလည်း သက်ဆိုင်ရာအစိုးရ၊ မြို့နယ်စာရင်းစစ်များနဲ့ အတူ ငွေစာရင်းရှင်းတမ်းတွေကို သုံးလတစ်ကြိမ် ဝင်ရောက်စစ်ဆေးသင့်ပါတယ်။ ကုမ္ပဏီများဘက်က ရေးဆွဲထားတဲ့ ဝင်ငွေစာရင်းပေါ်မှာပဲသုံးသပ်ပြီး ဝင်ငွေခွန်၊ အမြန်ခွန် တွက်ချက်ကာ ကောက်ခံနေသေးသရွေ့ သတ်မှတ်ထားတဲ့ အခွန်ဘဏ္ဍာငွေများက ပြည့်မီလာမှာ မဟုတ်ဘူး။

ဒီ့အပြင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာနက နောင်ကို အခွန်အကောက် ဥပဒေသစ်များ ရေးဆွဲပြဋ္ဌာန်းခဲ့မယ်ဆိုရင် လူထုတစ်ရပ်လုံး သိရှိနိုင်အောင် ရေးဆွဲပြဋ္ဌာန်းစေလိုပါတယ်။ ဒီလိုဆိုရတာကလည်း ၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေပါ ပုဒ်မ ၂၄ မှာဆိုရင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆နှင့် ၆(က) အရလို့ ဖော်ပြထားတာကို တွေ့ရှိရတယ်။ ဒါပေမယ့် ပုဒ်မ ၆ နှင့် ပုဒ်မ ၆(က) ဆိုတာက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရခေတ်မှာ ရေးဆွဲခဲ့တဲ့ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေထဲက ဖြစ်တယ်။ မူလ ၂၀၁၆ ခုနှစ် အခွန်အကောက်ဥပဒေထဲမှာရှိနေတဲ့ ပုဒ်မ ၆(က) ကို လုံးဝရည်ညွှန်းခဲ့တာ မဟုတ်ဘူး။ ဒါကြောင့် ဒီဥပဒေများက လူထုအားလုံးကို ရှုပ်ထွေးမှုဖြစ်စေတယ်။ ဖြစ်နိုင်ရင် ကျင့်သုံးခဲ့တဲ့ ပုဒ်မဘေးက ပြဋ္ဌာန်းခဲ့တဲ့ ခုနှစ်ကို ကွင်းခတ်ဖော်ပြသင့်ပါတယ်။ စာရေးသူ တင်ပြတာကို မယုံကြည်လျှင် ပြည်တွင်းအခွန်များဦးစီးဌာနက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေစာအုပ်တွေ ရှာဖွေဖတ်ရှုကြည့်လိုက်ပါခင်ဗျာ။

အချုပ်ဆိုရရင် ဒီကနေ့ရှိတဲ့ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ အစိုးရအဖွဲ့ ၁၄ ဖွဲ့လုံးကို လူထုတစ်ရပ်လုံး စိတ်ကြိုက်ရွေးချယ်ခဲ့ခြင်းဖြစ်တယ်။ ဒါကြောင့် အခွန်ဝင်ငွေနဲ့ ရပ်တည်နေရတဲ့အစိုးရအဖွဲ့ အားကောင်းမောင်းသန်ဖြစ်ဖို့ရာ လူထုတစ်ရပ်လုံးက ဝင်ငွေအခွန်များ၊အမြတ်ခွန်များ တိတိကျကျ၊ ရိုးရိုးသားသား ထမ်းဆောင်စေခြင်းဖြင့် လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုဖြစ်မယ် မြန်မာနိုင်ငံမှာ အခွန်ယဉ်ကျေးမှု ပြန်လည်ရှင်သန်ပြန့်ပွားစေဖို့ရာ လူထုတစ်ရပ်လုံး အသိတရား နိုးကြားမှသာ ဖြစ်မယ်။ ဒါကြောင့် အခွန်ယဉ်ကျေးမှုပြန့်ပွားစေဖို့ လူထုတစ်ရပ်လုံးမှာ တာဝန်ကိုယ်စီရှိပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

**အခွန်ထမ်းဆောင်သင့်တဲ့ ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများကိုလည်း သက်ဆိုင်ရာအစိုးရ၊ မြို့နယ်စာရင်းစစ်များနဲ့အတူ ငွေစာရင်းရှင်းတမ်းတွေကို သုံးလတစ်ကြိမ် ဝင်ရောက်စစ်ဆေးသင့်ပါတယ်။ ကုမ္ပဏီများဘက်က ရေးဆွဲထားတဲ့ ဝင်ငွေစာရင်းပေါ်မှာပဲသုံးသပ်ပြီး ဝင်ငွေခွန်၊ အမြန်ခွန်တွက်ချက်ကာ ကောက်ခံနေသေးသရွေ့ . . .**

# အားလုံးတတ်၊ အားလုံးသိပြီဟုထင်သည့် ပုဂ္ဂိုလ်များသည် မည်သို့မျှဆက်ပြီး သင်ယူ၍ရမည်မဟုတ် တစ်သက်တာအသက်ရှင်နေသရွေ့ ပညာဆက်လက်ရှာဖွေရမည်ဆိုသည့် စိတ်ဓာတ်မွေးမြူရန်လို



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တက်ရောက်လာကြသူများ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လာမည့် ငါးနှစ်တာကာလအတွင်း ကျောင်းသားလူငယ်များနှင့် အရွယ်ရောက်သူများ ဘဝတစ်သက်တာ ပညာသင်ယူမှုရရှိစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို အဓိကထား ပြောင်းလဲရမည် ဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောင်းလဲခြင်းကို ပညာရေးမှ စတင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းကို ချမှတ်ထားပြီး ယင်းစီမံကိန်းများ အောင်မြင်ရန်အတွက် အဓိက ဘာလိုအပ်သလဲဆိုသည်ကို အားလုံးစဉ်းစားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပညာရရှိရေးတွင် အရေးကြီးဆုံးမှာ သင်ယူချင်စိတ်ပင်ဖြစ်ပါကြောင်း၊ ဆရာ ဆရာများ၊ ပညာရေးမူဝါဒများကို ချမှတ်ပြီး အကောင်အထည်ဖော် ဦးဆောင်နေသည့် ပုဂ္ဂိုလ်များအားလုံးက သင်ယူချင်စိတ်များ ပေါ်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ သင်ယူချင်စိတ်လူငယ်များအကြား ထွန်းကားအောင် လုပ်ဆောင်ရန် သင်ပေးသူများကိုယ်တိုင် သင်ယူချင်စိတ် ရှိရန်လိုပါကြောင်း၊ တစ်သက်တာဆက်ပြီး သင်ယူနေရမည် ဖြစ်ပါကြောင်း၊ မိမိတို့တစ်သက်တာ သင်ယူနိုင်သည့်စိတ်ဓာတ်၊ သင်ယူချင်သည့်စိတ်ဓာတ်ကို သင်ပေးသူများတွင် ရှိရမည် ဖြစ်ပါကြောင်း၊ သို့မှသာ သင်ကြားခံရသူများကိုယ်တိုင်လည်း အလားတူစိတ်ဓာတ်များ ပွားများလာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မည်သို့သော စီမံကိန်းများရေးဆွဲ ရေးဆွဲအောင်မြင်ရန်အတွက် ပါဝင်သူအားလုံးက အောင်မြင်မှုကို ဦးတည်နိုင်ရန် လိုပါကြောင်း။

ပညာရေးစီမံကိန်းများကို ဦးဆောင်ပြီး အကောင်အထည်ဖော်သူအားလုံးသည် မိမိတို့ကိုယ်တိုင် သင်ယူစရာ အများကြီးရှိသေးသည်ဆိုသည့် စိတ်ဓာတ်မွေးမြူရန် အလွန်အရေးကြီးပါကြောင်း၊ အားလုံးတတ်ပြီ ၊ အားလုံးသိပြီဟုထင်သည့်ပုဂ္ဂိုလ်များသည် မည်သို့မျှဆက်ပြီး သင်ယူ၍ရမည်မဟုတ်ပါကြောင်း၊ ကိုယ်တိုင်တတ်ချင်၊ သင်ချင်သည့် ဆရာ ဆရာမများ၊ ဤစီမံကိန်းများကို ဦးဆောင်သူပုဂ္ဂိုလ်များကသာလျှင် ပညာရှာသည့် နိုင်ငံသူ နိုင်ငံသားများ သင်ယူချင်အောင် လမ်းပြနိုင်မည် ဖြစ်ပါကြောင်း၊ သင်ယူချင်သည့်စိတ်ဓာတ်က ဘယ်ကစသလဲဆိုလျှင် မိမိမှာ သိစရာ အများကြီးရှိသေးသည်ဆိုသည့် နှိမ့်ချခြင်းမှ စတင်ပါကြောင်း။

သိစရာရှိသည့်ကိစ္စများကို သိအောင်လုပ်နိုင်သော အရည်အချင်းရှိသည်ဆိုသည့် ယုံကြည်မှုလည်းရှိအောင် လုပ်ရန်လိုပါကြောင်း၊ ကလေးသူငယ်များသည် သိစရာအများကြီးရှိသေးသည်ဆိုသော စိတ်ဓာတ်ရှိပါကြောင်း၊ သို့သော် ထိုကလေးများ၏ သိချင်၊တတ်ချင်သည့်စိတ်ဓာတ်ကို လူကြီးများက အားမပေးလျှင်၊ သင်ပေးသူ ဆရာ ဆရာမများက အားမပေးလျှင် သင်ယူချင်သည့်စိတ်ဓာတ်သည် ဖွံ့ဖြိုးနိုင်မည် မဟုတ်ပါကြောင်း၊ လူကြီးများ၏ အဓိကပြဿနာမှာ သင်ယူချင်စိတ် မရှိတော့ခြင်းပင် ဖြစ်ပါကြောင်း၊ ပြည့်စုံသွားပြီဟုထင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဘယ်တော့မှ ပညာပြည့်စုံသည်ဟု မရှိနိုင်ပါကြောင်း၊ တစ်သက်တာ အသက်ရှင်နေသရွေ့ ပညာဆက်လက်ရှာဖွေရမည်ဆိုသည့် စိတ်ဓာတ်မွေးမြူရန်လိုပါကြောင်း၊ မိမိတို့အားလုံး ပညာသင်ယူရမည်၊ ဆက်ပြီး သင်ယူရမည်၊ ပညာသင်ချင်သည်၊ ဘယ်လိုသင်ယူရမည်ဆိုသည့် အချက်များကို သေချာနားလည်မည်ဆိုလျှင် နိုင်ငံ၏ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းသည် ကျောင်းသားများ၊ လူငယ်များနှင့် အရွယ်ရောက်သူများ၏ ဘဝတစ်သက်တာ ပညာသင်ယူမှု၊ ပညာသင်ယူသွားရန်မှာ ခက်ခဲတော့မည် မဟုတ်ပါကြောင်း၊ နိုင်ငံတော်က ဦးဆောင်ပြီးလုပ်ရမည်မှာ မှန်ပါကြောင်း၊ နိုင်ငံတော်က ဦးဆောင်ပြီးလုပ်သည့်အခါ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရ တတ်နိုင်သမျှ ပံ့ပိုးပေးသွားရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆရာ ဆရာမများသည် ကိုယ့်ကိုယ်ကိုယ် သင်ယူခြင်းအားဖြင့် မိမိတို့နိုင်ငံရှိ ကလေးသူငယ်များရော၊ အရွယ်ရောက်ပြီးသော်လည်း ဆက်ပြီး ပညာရှာချင်သည့် နိုင်ငံသူ နိုင်ငံသားများအားလုံး ဆက်ပြီး ပညာရှာနိုင်ရန်၊ ပညာရှာသည့်အခါတွင်လည်း ထိထိရောက်ရောက် သင်ယူထိုက်သည့်ကိစ္စများကို သင်ယူနိုင်ရန် အားလုံးပံ့ပိုးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း၊ မိမိတို့ကို ကူညီနေသည့်မိတ်ဆွေများလည်း အလားတူ အမြင်များနှင့် အလားတူနားလည်မှုများဖြင့် ကူညီလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

မိမိတို့ကိုယ်တိုင်လည်း ဒီနိုင်ငံရောက်လာသည့်အခါ ဒီနိုင်ငံအကြောင်း၊ ဒီနိုင်ငံ၏ လိုအပ်ချက်များ၊ ဒီနိုင်ငံမှ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို နားလည်သင်ယူပြီးမှ မိမိတို့နိုင်ငံ၏အကျိုးကို ထိထိရောက်ရောက်သယ်ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒီလို ထိထိရောက်ရောက် သယ်ပိုးပေးချင်သည့် စေတနာလည်း မိမိတို့မိတ်ဆွေများတွင်လည်း ရှိသည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံတိုးတက်ရေးအတွက် အဓိကကျသည့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ပြီး မိမိတို့နိုင်ငံ ပညာရေးအဆင့်မြှင့်ရန်အတွက် နိုင်ငံသူ၊ နိုင်ငံသားများသည် မိမိတို့သင်ယူရန်လိုသည်ဆိုသည့် စိတ်ဓာတ်ဖြင့် သင်ယူ၍ရသည်ဆိုသည့် ယုံကြည်ချက် မိမိတို့နိုင်ငံ၏ နောင်မျိုးဆက် အဆက်ဆက်အကျိုးရှိရန်အတွက် ဆောင်ရွက်သွားကြမည်ဟု ဆုမွန်ကောင်းတောင်းရင်း ဆန္ဒပြုပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) စတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)၏ ရည်မှန်းချက်ပန်းတိုင်သည် ကျောင်းများ၏ ပညာသင်ယူရာဌာနအားလုံးတွင် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်လာရေးကို ဦးတည်ပြီး ပိုမိုတိုးတက်ကောင်းမွန်သည့် သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် စမ်းသပ်တီထွင်မှုများ ဖြစ်ထွန်းလာစေရေးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး မစ္စတာ Nicholas Copple က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများကိုယ်စား UNICEF ဌာနေကိုယ်စားလှယ် Betrand Bainvel က ပညာရေးပူးပေါင်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းမှ တာဝန်ရှိသူများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်များမှ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ သုံးခွမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဝင်များ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီဝင်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရေးဆွဲကြသော ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ငှက်ခါးကလပ် တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်း အမျိုးသားကြက်တောင်အားကစားခန်းမတွင် မတ် ၂၉ ရက်မှ ဧပြီ ၂ ရက်အထိ ငှက်ခါးကလပ်တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သက်တန်းအလိုက်ပြိုင်ပွဲများအဖြစ် အသက် ၁၁ နှစ်၊ ၁၃ နှစ်၊ ၁၅ နှစ်၊ ၁၇ နှစ်နှင့် ၁၉ နှစ် သာမန်တန်း၊ အကြီးတန်း၊ နှစ်ယောက်ပေါင်း အသက် ၉၀ တံခွန်စိုက်ပြိုင်ပွဲများကို အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲ ဝင်ကြေးအဖြစ် အသက် ၁၁နှစ်၊ ၁၃နှစ်၊ ၁၅နှစ်၊ ၁၇နှစ် နှင့် ၁၉ နှစ် တစ်ဦးချင်း ပြိုင်ပွဲအတွက် ငွေကျပ် ၅၀၀၀၊ နှစ်ယောက်တွဲအတွက် ကျပ် ၁၀၀၀၀၊ သာမန်တန်းနှင့် အကြီးတန်း တစ်ဦးချင်းအတွက် ကျပ် ၆၀၀၀ ၊ နှစ်ယောက်တွဲအတွက် ၁၂၀၀၀ ၊ အသက်၉၀ နှစ်ယောက်တွဲ အတွက် ၁၂၀၀၀ အဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတစ်ဝန်းမှ ကြက်တောင်အားကစားဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားပြီး စာရင်းပိတ်ရက်မှာ မတ် ၁၅ ရက် ညနေ ၄ နာရီ ဖြစ်သည်။ စာရင်းပေးသွင်းရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးထွန်းထွန်းဇော် ဖုန်း ၀၉-၄၃၀၆၄၇၈၈၊ ၀၉-၇၇၇၄၀၀၇၂၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အယ်လ်ဘေးနီးယားနိုင်ငံ သံအမတ်ကြီး ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံလွင်အား ၎င်း၏ လက်ရှိဝတ္တရားများအပြင် အယ်လ်ဘေးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ကော့ပရံကုန်ထုတ်တံတားဆောက်လုပ်

**မုဒုံ ဖေဖော်ဝါရီ ၂၃**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မွမ်းမံရန်ပုံငွေဖြင့် ကော့ပရံကျေးရွာ လယ်ယာကုန်ထုတ်တံတားကို သစ်သားတံတားမှ ကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံတားကို တန်ဖိုးငွေကျပ် သိန်း ၃၅၀ဖြင့် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ မြို့နယ်ဦးစီးမှူး ဦးမိုးရန်နိုင်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်တွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(ကြေးမုံ)**

# ဆွီဒင်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Urban Ahlin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ညပိုင်းတွင် ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက Hilton ဟိုတယ်၌ ညစာဖြင့်တည်ခင်းဧည့်ခံရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ဆိုင်ရာကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**○ MNL မှ**

ဧရာဝတီအသင်းနှင့် နေပြည်တော်အသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ဇွဲကပင်အသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၆)အပြီးတွင် ရန်ကုန်အသင်းက ၁၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၁၃ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၁၂ မှတ်၊ ဇွဲကပင်အသင်းက ၁၀ မှတ်၊ ရခိုင်အသင်းက ရှစ်မှတ်၊ ဟံသာဝတီအသင်းက ခြောက်မှတ်၊ Southern၊ GFA၊ ဧရာဝတီနှင့် မကွေးအသင်းတို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့က လေးမှတ်စီရရှိခဲ့သည်။

ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရန်ကုန်အသင်းသည် ဟံသာဝတီနှင့် အဝေးကွင်းကစားရမည်ဖြစ်ပြီး ဟံသာဝတီအသင်းမှာ ပွဲစဉ်(၆)တွင် ပထမဆုံး နိုင်ပွဲရခဲ့သောကြောင့် ရှုံးကန်ရဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း ခြောက်ပွဲဆက်ရှုံးပွဲမရှိသေးသည့် ရခိုင်အသင်းနှင့် တွေ့ဆုံနေသည်။ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းတို့ကို သရေကစားထားသည့် ရခိုင်အသင်း၏ခြေစွမ်းကို ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်းတွင် အသာယူနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်**

**✪ ကျောဖုံးမှ**

**မေး။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဝက်သက်ရောဂါနဲ့ပတ်သက်ပြီး အခုလတ်တလောမှာ ဖြစ်ပွားမှုများနေတာသိရပါတယ်။ ဘယ်အသက်အရွယ်တွေမှာ ဖြစ်ပွားမှုများပါသလဲ။**

ဖြေ။ မနှစ်ကဆိုရင် ဝက်သက်ဖြစ်ပွားမှုမှာ တစ်နှစ်လုံးအနေနဲ့ ၂၈၀ က သံသယဖြစ်လူနာတွေဖြစ်ပြီး ဒီအထဲက ၁၅၀ ကျော်လောက်ကတော့ ဝက်သက်ဖြစ်ပွားမှု သေချာတဲ့သူတွေဖြစ်ပါတယ်။ သေဆုံးမှုတော့မရှိဘူး။ ဒီနှစ်မှာ ဖေဖော်ဝါရီ ၉ ရက်အထိစာရင်းဇယားအရတော့ ၁၃၀ လောက်ဖြစ်သွားတယ်။ သေဆုံးမှုမရှိသေးဘူး။ သံသယဖြစ်တာကတော့ ဓာတ်ခွဲမှုတွေလုပ်တယ်။

အဖြစ်အများဆုံးကတော့ လှိုင်သာယာမြို့နယ်ဖြစ်ပြီး ကျန်တဲ့မြို့နယ်တွေမှာ လည်း ပြောက်ကျားဖြစ်နေပါတယ်။ ဒါကြောင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းက တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရယ်၊ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ပေါင်းပြီး စီမံချက်ရေးဆွဲတယ်။ ရေးဆွဲတဲ့အခါမှာ တိုင်းဒေသကြီးတစ်ခုလုံးအနေနဲ့ ဆောင်ရွက်နိုင်မှုက လုပ်ငန်းပမာဏကြီးတဲ့အတွက် လူအင်အား၊ ပစ္စည်းအင်အားက အခက်အခဲတွေရှိနိုင်တယ်။ ဒီအတွက်ဖြစ်တဲ့မြို့နယ်နဲ့ ဖြစ်တဲ့မြို့နယ်နဲ့ ထိစပ်နေတဲ့ ပတ်ဝန်းကျင်မြို့နယ်တွေ၊ အခုလှိုင်သာယာ နဲ့ထိစပ်နေတာတွဲတေး၊ အင်းစိန်၊ ကြည့်မြင်တိုင်နေရာတွေကို ဦးစားပေးဖို့ ဆုံးဖြတ်လိုက်တယ်။ သာကေတက နည်းနည်းလူစုလူဝေးများလို့ ထည့်လိုက်တယ်။ စုစုပေါင်း ငါးမြို့နယ်မှာလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

**မေး။ ဝက်သက်ရောဂါကာကွယ်ဆေးထိုးတဲ့လုပ်ငန်း ဆောင်ရွက်နေမှုအပေါ် ရှင်းပြပေးပါဦး။**

ဖြေ။ ဖေဖော်ဝါရီ ၆ ရက်ကစပြီး ၂၀ ရက်အထိ ၁၅ ရက်တာ ဆောင်ရွက်ခဲ့ပါတယ်။ အားလုံး အသက်(၉)လကနေ(၁၅)နှစ်အောက်ကလေးငယ် သုံးသိန်း သုံးသောင်းကျော်လောက်မှန်းထားပြီးထိုးတာ သုံးသိန်း နှစ်ထောင်ကျော် ထိုးနိုင်တယ်။ ၂ သောင်းကျော်ကျော်လောက်တော့ လိုနေတယ်။ ရာခိုင်နှုန်းအနေနဲ့ ၉၁ ရာခိုင်နှုန်းထိုးနိုင်တယ်။ တချို့မြို့နယ်တွေမှာတော့ မှန်းတာထက်ပိုပြီးတော့ ထိုးနိုင်တယ်။ ထိုးပြီးရင် လက်သန်းမှာအမှတ်အသားလုပ်ထားတယ်။ စစ်ဆေးတဲ့အဖွဲ့တွေက ကလေးတွေကိုမေးတယ်၊ ဆေးထိုးပြီးပြီလား၊ ဘာဆေးထိုးလဲ၊ အစရှိသဖြင့်ပေါ့။ ပြန်ဖြေတယ်၊ ဝက်သက်ကာကွယ်ဆေးထိုးတယ်ဆိုရင် လက်သန်းမှာစစ်ဆေးကြည့်တယ်။ တော်တော်များများတော့ ဆောင်ရွက်နိုင်ပါတယ်။ လူထုက ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့အတွက် တော်တော်များများတော့ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်တယ်။ တစ်ခုအခက်အခဲရှိတာက ရွေးချယ်လိုက်တဲ့ အချိန်က စာမေးပွဲရာသီနဲ့နီးနေတာကြောင့် ဒီအထဲမှာကျောင်းသားတွေလည်းပါနေတဲ့အတွက် ကျောင်းအခြေပြုတော့ မထိုးနိုင်ဘူး။ Community Base မှာပဲ အချို့ကျောင်းသားတွေက လာထိုးကြတယ်။ (၅)နှစ်အောက်ကနေ (၁၅)နှစ်အောက် ဘယ်လောက်ထိုးနိုင်လဲ၊ သတ်မှတ်ထားတာတွေ အကုန်ထိုးနိုင်လား။ ဒီပေါ်မှာ မူတည်ပြီးလူကြီးတွေရဲ့ခွင့်ပြုချက်တောင်းပြီးတော့ ထိုးရမလား။ စဉ်းစားတယ်။ ခက်တာကစာမေးပွဲပြီးလို့ ကျောင်းပိတ်ပြီဆိုရင် ကလေးတွေကစုလို့မရတော့ဘူး။ ဒါကြောင့် ကလေး နှစ်သောင်းကျော်ကျော်လောက် ထိုးဖို့လိုအပ်နေသေးတယ်လို့ အကြမ်းဖျင်းခန့်မှန်းတယ်။

**မေး။ အခုဖြစ်တဲ့ ဝက်သက်ရောဂါက ပြီးခဲ့တဲ့နှစ်ပိုင်းမှာ နာဂဒေသမှာဖြစ်ပွားတဲ့ ဝက်သက်ရောဂါနဲ့ဆက်နွှယ်ပါသလား၊ ဆင်တူပါသလား။**

ဖြေ။ အတူတူပါပဲ။ ဒါပေမယ့် ဟိုဘက်ကတော့ အိန္ဒိယနဲ့နီးစပ်တဲ့အတွက် မျိုးစိတ်တော့ကွာမှုရှိမှာပါ။ လက္ခဏာတွေကအတူတူပါပဲ။ ဝက်သက်ရောဂါဟာ တခြားဗိုင်းရပ်စ်တွေနဲ့ မကွာပါဘူး။ ဖျားမယ်၊ ခြေလက်တွေ ကိုက်ခဲမယ်။ ထူးခြားတာက အနီစက်တွေထွက်မယ်။ ကိုယ်ခန္ဓာအနှံ့၊ ခြေလက်တွေမှာရော တစ်ကိုယ်လုံးထွက်တယ်။ အရပ်ထဲမှာလည်း ဝက်သက်ရောဂါနဲ့ မဝေးတဲ့အတွက် ဝက်သက်ရောဂါဖြစ်နေပြီဆိုတာအရပ်ကပြောနိုင်တယ်။ ဒါပေမယ့် တိတိကျကျသိဖို့ဆိုရင် ဓာတ်ခွဲစမ်းသပ်ရမယ်။ တွေ့ပြီဆိုရင် ဝက်သက်ကျိန်းသေပြီဆိုတာ ပြောလို့ရပြီ။ ရန်ကုန်တိုင်းဒေသကြီးမှာဖြစ်တာကတော့ ကလေးတွေထက်စာရင် ကလေးကြီးတွေ၊ လူငယ်တွေများတယ်။ အသက် ၂၀ ပတ်ဝန်းကျင်တွေ များတယ်။ နာဂဒေသမှာတော့ ကလေးတွေဖြစ်တာများတယ်။

နောက် ဝက်သက်မှာက လူ ၁၀၀ ကိုသေသေချာချာ စနစ်တကျထိုးတယ်။ အရေပြားအောက်ကိုထိုးရတာဖြစ်တဲ့အတွက် ဆေးချိန်အပြည့် ထိုးပေးရင်တောင်မှ ဆေးရဲ့အာနိသင်သဘာဝအရ လူ ၁၀၀ ထိုးရင် ၈၅ ယောက်ပဲ ကာကွယ်နိုင်တယ်။ ၁၅ ယောက်ကကျန်နေမှာပဲ။ ဒါကိုပုံမှန်ထိုးနေတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းမှာ နှစ်ကြိမ်ထိုးရတယ်။ အသက်ကိုးလမှာတစ်ကြိမ်၊ ဒုတိယအကြိမ်ကတစ်နှစ်ခွဲမှာ ထိုးပေးတယ်။ ခုနက ၁၅ ယောက်ကဒီကြားထဲ ၁၀ ရာခိုင်နှုန်းမထိုးနိုင်ဘူးဆိုရင် မကာကွယ်နိုင်တဲ့အတွက် ဖြစ်ပွားတဲ့ကလေးတွေက များလာတာပေါ့။ ဒီလိုများလာပြီး တစ်ချိန်ချိန်မှာဒီလိုပဲဖြစ်ပွားတတ်ပါတယ်။ အရေးကြီးတာကတော့ လစဉ်ထိုးပေးနေတဲ့ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှာ ထိုးသင့်တဲ့ကလေးတွေအကုန်လုံး လာထိုးဖို့အရေးကြီးပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ အကြီးမားဆုံးစိန်ခေါ်မှုကတော့ လူဦးရေမတည်ငြိမ်မှု၊ တစ်နေရာက တစ်နေရာရွှေ့ပြောင်းသွားတယ်။ မြို့ထဲတွေမှာအိမ်ငှားနေတဲ့ လူတွေလည်း ရှိတယ်။ သူတို့ကပြောင်းရွှေ့နေကြတဲ့အခါ မထိုးလိုက်ရတာတွေရှိတယ်။ မြို့ပြနဲ့ဝေးတဲ့နေရာတွေမှာဖြစ်တဲ့ လှိုင်သာယာ၊ ဒဂုံ(တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(အရှေ့ပိုင်း)နေရာတွေမှာလည်း ရွှေ့ပြောင်းသွားလာပြီးနေထိုင်ကြတဲ့ လူတွေများတဲ့အတွက် ဒါတွေလွှမ်းခြုံနိုင်ဖို့တော့ အများကြီးကြိုးစားဆောင်ရွက်ရမှာဖြစ်တယ်။



**မေး။ ဝက်သက်ရောဂါရဲ့ နောက်ဆက်တွဲအနေနဲ့ ဘယ်လိုရောဂါတွေ ဝင်လာနိုင်ပါသလဲ။**

ဖြေ။ နောက်ဆက်တွဲအများဆုံးဖြစ်တာကတော့ ဝမ်းပျက်ဝမ်းလျှောနဲ့ အဆုတ်ပွတာတို့ဖြစ်တယ်။ အာဟာရချို့တဲ့တဲ့ ကလေးတွေမှာပိုပြီးတော့ အသက်အန္တရာယ်များတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးတဲ့လုပ်ငန်းအပြင် ဗီတာမင်အေဆေးလုံး တိုက်ကျွေးတဲ့လုပ်ငန်းတွေလည်း ဆောင်ရွက်ပါတယ်။ နှစ်စဉ် ခြောက်လတစ်ကြိမ် ဖေဖော်ဝါရီနဲ့ ဩဂုတ်လတွေမှာဆောင်ရွက်ပါတယ်။ စုစုပေါင်း နှစ်ကြိမ်ဆောင်ရွက်ပါတယ်။ ကလေးတွေအာဟာရပြည့်ပြည့်ဝဝရှိဖို့လည်း လိုအပ်တယ်။ ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်းကြောင့် ဝက်သက်ရဲ့နောက်ဆက်တွဲရောဂါတွေ ကင်းဝေးနိုင်ပါတယ်။ အသက်အန္တရာယ်ရှိတာလည်း ကင်းဝေးနိုင်ပါတယ်။ အမှန်ကတော့ ဝက်သက်တစ်ခါပေါက်ပြီးရင် ထပ်မပေါက်တော့ပါဘူး။ ရောဂါပြီးသွားလို့ ဆေးတစ်ခါ ထိုးပြီးသွားရင်လည်း မဖြစ်တော့ပါဘူး။ လူကြီး၊ လူငယ်တွေဖြစ်တယ်ဆိုတာ ငယ်ငယ်ကတည်းက မထိုးခဲ့တာလည်းဖြစ်တယ်။ ထိုးပြီးတော့ ၁၅ ရာခိုင်နှုန်းမှာပါသွားတာလည်း ဖြစ်နိုင်တယ်။ ကျွန်တော်တို့ရဲ့ တိုးချဲ့ကာကွယ်ဆေးထိုး ပုံမှန်လုပ်ငန်းက ကျွန်တော်တို့ ၉၀ အထက် ၉၅ ရာခိုင်နှုန်းလောက်ရမှ စိတ်ချရတယ်။ ၉၅ ရာခိုင်နှုန်းအထက်ကိုရအောင်ထိုးပေးနိုင်မှ အပြီးအငြိမ်းကာကွယ်ပေးနိုင်ပါတယ်။ ၈၀ အောက် ၇၀ ရာခိုင်နှုန်းရောက်သွားရင် တစ်ချိန်ချိန်မှာ ဒီရောဂါတွေက ခေါင်းထောင်လာနိုင်တယ်။ အချို့က ထိုးရကောင်းမှန်းမသိတာတွေ လည်း ရှိမယ်။

**မေး။ ကလေးသူငယ်တွေဝက်သက်ရောဂါဖြစ်လာရင် ဘယ်လိုမျိုးစောင့်ရှောက်မှုတွေ ပြုလုပ်ပေးရမလဲဆရာ။**

ဖြေ။ ခုနကပြောခဲ့တဲ့အတိုင်းပါပဲ။ အာဟာရပြည့်ဝအောင် ကျွေးရမှာပါ။ နို့တိုက်အရွယ်ကလေးဆိုရင် မိခင်နို့ပြည့်ပြည့်ဝဝတိုက်ဖို့လိုပါတယ်။ ဖျားတဲ့အတွက် အစာကြေလွယ်တာကိုတော့ ရွေးချယ်ဖို့လိုတယ်။ အချို့မိဘတွေက အစာကျွေးရင် ရောဂါကိုအားပေးတယ်လို့ ယူဆကြတယ်။ ရောဂါဖြစ်ပွားသူတွေအားလုံးကို ဗီတာမင်အေဆေးလုံး တိုက်ကျွေးရမှာဖြစ်တယ်။ ကျန်တာကတော့ တခြားဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ ရောဂါတွေကုသသလိုပဲ အဖျားကျအောင် ပါရာစီတမောတိုက်တာတို့၊ အရည်များများသောက်စေတာတို့၊ စီဗစ်တိုက်တာတို့ အနားယူခိုင်းတာတို့ လုပ်ဆောင်ရမယ်။ နောက်ဆက်တွဲ အဆုတ်ရောင်ရောဂါဝင်လာရင်တော့ ပဋိဇီဝဆေးထည့်သွင်းတိုက်ကျွေးရမယ်။ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားနေတယ်ဆိုရင်လည်းဓာတ်ဆားရည်တိုက်ရမယ်။ လိုအပ်ရင် ပုလင်းချိတ်တယ်။ ဒါမျိုးတွေလုပ်ဖို့ လိုပါတယ်။

**မေး။ အနာဂတ်မှာ ပြည်သူလူထုကိုကျန်းမာရေးအသိနဲ့ပတ်သက်လို့ မြှင့်တင်သွားဖို့အစီအစဉ်ကိုပြောပြပေးပါ။**

ဖြေ။ အနာဂတ်အတွက် တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေအားလုံး ကြိုးစားနေပါတယ်။ အမျိုးသားကျန်းမာရေးစီမံကိန်းဆွဲထားတယ်။ National Health Plan ဆွဲထားတယ်။ ဒါ့အပြင် ၂၀၃၀ ခုနှစ်မှာ Universal Health Coverage ကို ရအောင်သွားရမှာ ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုက လူတိုင်းလက်လှမ်းမီရမယ့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အတွက် သူတို့မှာထိခိုက်နစ်နာတဲ့ အဆင့်မျိုးအထိမရောက်အောင် ကုန်ကျစရိတ်ကို ကာကွယ်ပေးဖို့ဆိုပြီးရည်ရွယ်တယ်။ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့လူတွေ၊ ပစ္စည်းတွေရဲ့ အရည်အသွေးကို ပြည့်ဝစွာရရှိစေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးဖို့လိုတယ်။ ဆေးဝါးပစ္စည်း ကိရိယာကောင်းမွန်လုံလောက်မှု ဒါတွေလည်း အရေးကြီးတဲ့အတွက် သက်ဆိုင်ရာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနအပြင် နိုင်ငံတော်အစိုးရရဲ့ ပြည်ထောင်စုဝန်ကြီးဌာနတွေကလည်း ထောက်ပံ့မှုအတွက် ဘတ်ဂျက်တွေချပေးထားတာ၊ လွှတ်တော်မှာ အတည်ပြုပြီးတော့ ဘတ်ဂျက်တွေပိုချပေးတာတွေ လုပ်လာတယ်။ မျှော်မှန်းတာကတော့ ၂၀၃၀ ခုနှစ်မှာ လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ကောင်းကောင်းနဲ့ စရိတ်စကသက်သက်သာသာနဲ့ဖြစ်အောင် ဆောင်ရွက်ပေးဖို့ရှိပါတယ်။

အခုဝက်သက်ရောဂါကာကွယ်ရေးအတွက် ငါးမြို့နယ်မှာလုပ်နေတာက Campaign ပါ။ ပုံမှန်လစဉ်ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် သက်ဆိုင်ရာနီးနွယ်တဲ့ဌာနတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေ၊ ရပ်ရွာက စိတ်ဝင်စားသူတွေ၊ လူမှုအဖွဲ့အစည်းတွေကို ချပြတယ်။ ပြည်သူတွေရဲ့ကျန်းမာရေးစောင့်ရှောက်မှုရရှိဖို့ ကူညီပေးကြဖို့ ပြောဆိုတယ်။ အရေးကြီးဆုံးကတော့ ပြည်သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ကတော့ အရေးကြီးတယ်။ Public Awareness လုပ်ဖို့ ဘက်ပေါင်းစုံက ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှ အောင်မြင်နိုင်မှာဖြစ်တယ်။

**မေး။ ဝက်သက်ရောဂါကာကွယ်ဖို့ ပြည်သူတွေကိုဘယ်လိုတိုက်တွန်းပြောကြားလိုပါသလဲ။**

ဖြေ။ ကာကွယ်ဆေးထိုးပြီးကာကွယ်လို့ရတဲ့ ရောဂါတွေနဲ့ပတ်သက်လို့ ပြည်သူလူထုကိုအထူးမှာကြားလိုတာကတော့ ကျွန်တော်တို့ပုံမှန်ဆေးထိုးနေတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းမှာ မိမိတို့ရဲ့ကလေးတွေကိုလာပြီး ထိုးနှံဖို့လိုပါတယ်။ တချို့ဆေးတွေကို မွေးပြီးပြီးချင်းထိုးပေးပါတယ်။ ဆေးရုံတွေနဲ့ပေါင်းစပ်ပြီးတော့ အဓိကကတော့ BCG ဆိုတဲ့ အဆုတ်တီဘီရောဂါကာကွယ်ဆေး၊ အသည်းရောင်အသားဝါ ဘီရောဂါကာကွယ်ဆေးတို့ကို ထိုးပေးနေတယ်။ ဒီလုပ်ငန်းတွေကတော့ အများနဲ့ဆောင်ရွက်တာဖြစ်တဲ့အတွက် ဒါတွေကိုမိဘပြည်သူတွေသိဖို့လိုတယ်။ ခုနကဆေးတွေကိုလည်း အသက်နှစ်လ၊ လေးလ၊ ခြောက်လမှာ ထိုးတယ်။ ဝက်သက်၊ ဂျိုက်သိုးကတော့ ကိုးလမှာထိုးတယ်။ တစ်နှစ်ခွဲမှာ ဒုတိယအကြိမ် ထိုးတယ်။ ဆေးထိုးပေးတဲ့ စုရပ်တွေကိုလည်းသိဖို့လိုတယ်။ ဒီဆေးတွေက ဝယ်ပြီးထိုးရတာကြောင့် ဆေးလေလွင့်မှုနည်းနိုင်သမျှနည်းအောင် လုပ်ဖို့လိုတယ်။

ကလေးတစ်ယောက်ကိုဆေးထိုးတဲ့အခါ မှတ်တမ်းကတ်တွေထုတ်ထားတယ်။ ဘယ်အကြိမ်တွေမှာ ဘယ်နှမျိုးထိုးထားတယ်ဆိုတာ မှတ်သားထားတယ်။ အကယ်၍ သူတို့ ပြောင်းရင် ရောက်တဲ့နေရာ၊မြို့နယ်တွေက အနီးဆုံးကျန်းမာရေးဌာနသွားပြီး ကတ်ပြလိုက်ရင် အဲဒီဆေးဆက်ထိုးပေးတယ်။ အကြိမ်ရေပြည့်မီအောင် အပြည့်အဝ တိုက်ကျွေးထိုးနှံသင့်တယ်။ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွေ အားဖြည့်ဆောင်ရွက်နိုင်မယ်ဆိုရင် ကပ်ရောဂါတွေမဖြစ်တော့ဘူး။ စိန်ခေါ်မှုတွေရှိပေမယ့် အားလုံးပူးပေါင်းဆောင်ရွက်ရင် အများကြီးအဆင်ပြေမယ်။ သက်ဆိုင်ရာကဏ္ဍအလိုက် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

**တွေ့ဆုံမေးမြန်း-မြတ်စန္ဒီ၊ ယုယုနိုင်**

# ၂၀၁၆-၂၀၁၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၁၆-၂၀၁၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ တီခုံအမှတ်(၁)၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောတို့က Smoke Ball အားရိုက်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက သတ်မှတ်တီခုံအသီးသီး၌ စတင်ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

၂၀၁၆-၂၀၁၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ပြိုင်ပွဲဝင်အသင်း ၁၈ သင်းဖြင့် ဖေဖော်ဝါရီ ၂၅ ရက်အထိ နေပြည်တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ပုဂံရှေးဟောင်းစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(ငြိမ်း)၊ သာသနာရေးဝန်ကြီး (ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှတင်မိသားစုတို့က အလှူငွေကျပ် သိန်း ၁၀၀၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန့်ဇင်မိသားစုတို့က အလှူငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ပုဂံရှေးဟောင်းစေတီပုထိုးများနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှု၊ အများပြည်သူ၏ လှူဒါန်းငွေရရှိမှုများအား ရှင်းလင်းကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၃-၂-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉)တွင်ဖော်ပြပါရှိသည့် ကျောင်းသားသမဂ္ဂအဆောက်အအုံပြန်လည်တည်ဆောက်ရေး အကြိုညှိနှိုင်းအစည်းအဝေးသတင်းတွင် ဖော်ပြပါရှိခဲ့သည့် ဦးလှရွှေ(ခ) ဦးအောင်သာ (ပီသုံးလုံး)မှာ တက်ရောက်ခဲ့ခြင်းမရှိကြောင်းနှင့် သတင်းမှားယွင်းစွာ ဖော်ပြမှုအတွက် တောင်းပန်အပ်ပါသည်။ **ကိုလတ်(သတင်းစဉ်)**

# ဧရာဝတီမြစ်ရေအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၃၇၉ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး တစ်ရက်ခွဲအတွင်း ခုနစ်ပေခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင်မြင့်တက်ခဲ့သော မြစ်ရေသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ နောက်သုံးရက်မှ ခုနစ်ရက်အတွင်း သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ နောက်ခြောက်ရက်မှ ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်ကြောင်းများအတွင်းသွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်ကြရန်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာပြပွဲနှင့် လုထုပညာပေးပွဲ ရန်ကုန်မြို့၌ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ပြပွဲနှင့် လုထုပညာပေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းက ပြပွဲအဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆေးဝါးအတု တိုက်ဖျက်ရေးနှင့် ဆေးဝါးဘေးအန္တရာယ်ကင်းရှင်းရေး၊ စားသုံးသူ အကာအကွယ်ပေးရေး အစရှိသည့် ခေါင်းစဉ်များ အပါအဝင် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်များနှင့် ပတ်သက်၍ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ကျန်းမာရေးအသိပညာပေးဆွေးနွေးဟောပြောမှုများကို ပြုလုပ်ခဲ့သည့်အပြင် ယင်းတို့နှင့်ပတ်သက်၍ ပညာပေးပြဇာတ်ကိုလည်း တင်ဆက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

"အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းတွေနဲ့ ပတ်သက်တဲ့ အန္တရာယ်ဆိုတာ ကမ္ဘာပေါ်မှာ တော်တော်များများ ရှိပါတယ်။ ဖွံ့ဖြိုးဆဲတိုင်းပြည်တွေမှာ ပိုများပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာလည်းရှိပါတယ်။ အဲဒီအန္တရာယ်တွေနဲ့ပတ်သက်ပြီး ပြည်သူတွေကို အသိပညာတွေရအောင်၊ ကျန်းမာရေးဗဟုသုတတွေ တိုးပွားလာအောင် အခုလိုပြပွဲတွေ ပြုလုပ်ပေးနေတာပါ။ အန္တရာယ်ကင်းအောင် လုပ်ရမယ့်နည်းလမ်းတွေက ဘာတွေလဲ၊ အန္တရာယ်ကင်းတဲ့ ပစ္စည်းတွေက ဘာတွေလဲဆိုတဲ့အပိုင်းကို ပြသပြီး အသိပညာပေးမှုတွေ လုပ်နေပါတယ်။ ဒါ့အပြင် အဲဒါတွေနဲ့ပတ်သက်တဲ့ ကျန်းမာရေးပိုင်းဆိုင်ရာ ဟောပြောမှုတွေကိုလည်း လုပ်ခဲ့ပါတယ်"ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းက အဆိုပါ လူထုပညာပေးပွဲနှင့်ပတ်သက်၍ ပြောသည်။

အဆိုပါ လူထုပညာပေးပွဲတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဖွင့်လှစ်ထားသော အသိပညာပေးပြခန်းများနှင့် ပျော်ရွှင်စရာ ကစားနည်းအစီအစဉ်များပါဝင်ပြီး အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများနှင့်ပတ်သက်၍ ပုဂ္ဂလိက အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့်အပြင် ပြည်သူများအနေဖြင့် မိမိတို့ မီးဖိုချောင်တွင် သုံးစွဲနေသော အစားအသောက်များနှင့် အလှကုန်ပစ္စည်းများကို သုံးစွဲရန် သင့်၊ မသင့် သံသယရှိပါကလည်း ဓာတ်ခွဲခန်းဆိုင်ရာ ဝန်ဆောင်မှုအဖြစ် အခမဲ့စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိရာ လာရောက်လေ့လာသူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယင်းအစီအစဉ်ကို ယနေ့နံနက်ပိုင်းမှစတင်၍ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့ အပါအဝင် ကျန်ရှိသည့် မြို့ကြီးများတွင်လည်း ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး(ပဏီတ)**

# မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNICEF တို့မှ စားသောက်ကုန်နှင့် ပစ္စည်းများသွားရောက် ထောက်ပံ့

**မောင်တော ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNICEF တို့မှ ပေးပို့သည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား ယမန်နေ့ နံနက်ပိုင်းက ကျေးရွာများအရောက် သွားရောက်ပေးအပ်ထောက်ပံ့ခဲ့ကြသည်။

သွားရောက်ထောက်ပံ့ရာတွင် မောင်တောခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ UNICEF မှ WASH Specialist Basilius Kris Cahyanto နှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ UNHCR မှ တာဝန်ရှိသူများက သူဦးလာကျေးရွာ၊ ဒါးကြီးစားကျေးရွာနှင့် ကျားခေါင်းတောင်ကျေးရွာတို့သို့ အသွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများထံ လက်ရောက်ပေးအပ်ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။

ယခု အစီအစဉ်တွင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ မှ အိမ်ထောင်စုပေါင်း ၃၂၀၀ အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့သည့် ၂၄ ပြည်ဝင် ဆန်အိတ် ၈၀၀၊ ဆီ ၁၉၆၈ လီတာ၊ ဆားပိဿာ ၂၅၀၀ နှင့် UNICEF မှ ပေးပို့လှူဒါန်းသည့် ၂၀ လီတာဆံ့ ရေပုံး၊ ၁၀ လီတာဆံ့ ရေပုံး၊ တစ်လီတာဆံ့ ရေခွက်၊ ကိုယ်တိုက်ဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာ၊ ရေသန့်ဆေးဝါးများပါဝင်သည့် ပစ္စည်းအစုံ ၁၃၁၃ စုံတို့အား ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနေ့ လာရောက်ထောက်ပံ့တဲ့ ပစ္စည်းတွေရော အရင်က လာရောက်ထောက်ပံ့တဲ့ ပစ္စည်းတွေပါ ရွာသူရွာသားတွေအတွက် များစွာအကျိုးရှိပါတယ်။ ဒါပေမယ့် ပြည့်စုံလုံလောက်မှုတော့ မရှိသေးပါဘူး။ ဒေသတွင်းမှာ အေးချမ်းသာယာမှုတော့ရှိနေပါပြီ။ ဒါပေမယ့် အရင်ကလို ကိုယ့်အလုပ်ကို အေးအေးချမ်းချမ်း ဆောင်ရွက်နိုင်ဖို့ လုံခြုံစိတ်ချရတဲ့ အုပ်ချုပ်မှုနဲ့ လုံခြုံရေးစနစ်ကိုရချင်ပါတယ်” ဟု ကျားခေါင်းတောင်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဆွေတာမိန်က ပြောသည်။ **(အောင်သူရ၊ အေးမင်းသူ)**



# ဘူးသီးတောင်၊ မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် မလေးရှားနိုင်ငံမှ ပေးပို့လှူဒါန်းသော စားသောက်ဖွယ်ရာများရောက်ရှိ

**မောင်တော ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်းရှိ ပဋိပက္ခဖြစ်ပွားခဲ့သော ကျေးရွာများသို့ မလေးရှားနိုင်ငံမှ ပေးပို့လှူဒါန်းသော ဆန်နှင့် အခြားစားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် မြတ်ထွန်းအောင် ရေယာဉ်သည် စစ်တွေမြို့မှတစ်ဆင့် ဘူးသီးတောင်ဆိပ်ကမ်းသို့ ယနေ့ ညနေပိုင်းက ရောက်ရှိလာရာ ဘူးသီးတောင်မြို့နယ် စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများက စနစ်တကျ လက်ခံရယူသည်။

ယခု ရောက်ရှိလာသော ပစ္စည်းများမှာ ဆန်အိတ် ၃၀၀၊ ခေါက်ဆွဲ ပါကင် ၃၀၀၊ ရေသန့်ဘူး ကတ် ၃၀၀ ဖြစ်ပြီး ကျန်ရှိသောပစ္စည်းများကို ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ခံရရှိသည့် ပစ္စည်းများကို လိုအပ်ချက်ရှိသော ကျေးရွာများသို့ စနစ်တကျ ပေးပို့သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေး ကော်မတီထံမှ သိရသည်။ **(သတင်းစဉ်)**





# ထိုင်းနိုင်ငံတောင်သူများက နှစ်နိုင်ငံပိုင်ရေချောင်းတွင် ခွင့်ပြုချက်မရှိဘဲ ရေတားများပြုလုပ်ထားသည့် ဝါးငုတ်များအား ပြန်လည်ဖျက်သိမ်းမည်

**တာချီလိတ် ဖေဖော်ဝါရီ ၂၃**

ထိုင်းနိုင်ငံတောင်သူလယ်သမားများက မြန်မာ-ထိုင်း နှစ်နိုင်ငံပိုင်ရေချောင်းမှ လယ်ရေသောက်ရရှိနိုင်ရေးအတွက် ခွင့်ပြုချက်မရဘဲ အကြိမ်ကြိမ်ရေတားများ ပြုလုပ်ရန် စိုက်ထူထားသော ဝါးငုတ်များအား ပြန်လည်ဖယ်ရှားပေးမည်ဖြစ်ကြောင်း တာချီလိတ်မြို့ ရွှေနန်းတော်ကုန်တိုက် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ဒုတိယအကြိမ်အဖြစ် ကျင်းပသည့် နှစ်နိုင်ငံတာဝန်ရှိသူများ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက နှစ်နိုင်ငံနယ်စပ်ရှိ မယ်ဆိုင်ချောင်းရေအား လယ်ရေသောက် သွယ်ယူအသုံးပြုနိုင်ရေးအတွက် ထိုင်းတောင်သူလယ်သမား ၁၀၀၀ ခန့်က ၎င်းတို့စိုက်ခင်းများအတွက် ရေလိုအပ်ချက် အခက်အခဲများအား တင်ပြတောင်းဆိုခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ ထိုင်းတောင်သူများ၏ အခက်အခဲများ ပြေလည်စေရန်အတွက် စိုက်ပျိုးရာသီချိန်အတွင်း ယာယီခွင့်ပြုပေးနိုင်ရန်နှင့် အခိုင်အမာတည်ဆောက်ထားခြင်းမဟုတ်သည့်အတွက် မိုးရာသီရေများချိန်တွင် ရေစီးအားဖြင့် အလိုအလျောက်မျောပါ ပျက်စီးနိုင်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ရာ ဆွေးနွေးချက်အပေါ် မြန်မာဘက်မှ တာဝန်ရှိသူများက မိမိတို့အနေဖြင့် အတားအဆီးများအား ဟန့်တားကန့်ကွက်ရခြင်းသည် ဥပဒေနှင့်အညီဖြစ်ကြောင်း၊ မိုးတွင်းကာလများတွင် တာချီလိတ်ဘက်ခြမ်း၌ ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ယခုကဲ့သို့ ရေတားများပြုလုပ်နေမည့်အစားရေမြောင်းများပြန်လည်တူးဖော်ခြင်းနှင့် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်စေလိုကြောင်း၊ ယခုကိစ္စသည် နှစ်စဉ် ကြုံတွေ့နေရသည်ဖြစ်၍ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ပြတ်ပြတ်သားသား ဆောင်ရွက်ပေးစေလိုကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ယခုကိစ္စသည် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့်အတွက် ထိုင်းပြည်သူများအား ထိန်းသိမ်းပေးစေလိုကြောင်း စသည်ဖြင့် အပြန်အလှန်ဆွေးနွေးကြရာ စိုက်ထူထားသော ဝါးငုတ်များအား ပြန်လည်ဖယ်ရှားနိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၂ ရက် နံနက်တွင် ပြောကြားသည်။

ထိုင်းတောင်သူများသည် ဖေဖော်ဝါရီ ၉ ရက်က ဝါးငုတ်များစိုက်ထူပြီး သဲအိတ်များဖြင့် ရေချောင်းအားပိတ်ကာ ရေတားပြုလုပ်လာသည့်အတွက် ထိုင်း-မြန်မာ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ပထမအကြိမ် တွေ့ဆုံခဲ့ပြီးနောက်ပိုင်း ထိုင်းတောင်သူလယ်သမားများသည် ရပ်တန့်ခြင်းမရှိဘဲ ဖေဖော်ဝါရီ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် ဖေဖော်ဝါရီလအတွင်း လေးကြိမ်တိုင်တိုင် ဝါးငုတ်များစိုက်ထူ၍ ရေတားများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံ ကော့ချန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နိုင်းဆူလချာနှင့် နယ်ခြားကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်း၊ တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်း၊ ထိုင်း-မြန်မာ ဆက်ဆံရေးတာဝန်ခံ ဦးဘိုလေးနှင့် အဖွဲ့ဝင် ၁၀ ဦး တို့တက်ရောက်ခဲ့သည်။ **(၁၁၁)**

# တယ်လီနောဆင်းကတ်မှတ်ပုံတင်ခြင်း သတ်မှတ်ချိန်အမီပြီးစီးရေး မြို့နယ်ပေါင်း ၅၂ ခုတွင် အလင်းအိမ်စင်တာများနှင့် ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများအားလုံးကို မတ်လ ၃၁ ရက်မတိုင်မီ သုံးစွဲသူများ၏ ဆင်းကတ်များအားလုံး မှတ်ပုံတင်ထားရန် ညွှန်ကြားထားခြင်းကြောင့် တယ်လီနောမြန်မာလီမိတက် (တယ်လီနော)အနေဖြင့် နိုင်ငံတစ်ဝန်းမှ တယ်လီနောသုံးစွဲသူများ သတ်မှတ်ရက်အမီ ဆင်းကတ်မှတ်ပုံတင်ခြင်း ပြီးစီးစေရေး အထောက်အကူပြုရန် မြို့နယ်ပေါင်း ၅၂ ခုရှိ အလင်းအိမ်စင်တာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တယ်လီနောသုံးစွဲသူများသည် မိမိတို့ ဆင်းကတ်မှတ်ပုံတင်ထားရှိမှု အခြေအနေကို ၇၉၇၉၇၃၇၃ # သို့ ဖုန်းခေါ်ဆို၍ ဖြစ်စေ ၅၀၀ သို့ REG ကို စာတိုပို့၍ဖြစ်စေ စစ်ဆေးနိုင်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေကို စာတိုပြန်လည်ပေးပို့အကြောင်းကြားပေးမည်ဖြစ်သည်။ မှတ်ပုံတင်ထားမှု မရှိသေးကြောင်း အကြောင်းပြန်ပါက ဆင်းကတ်များကို အွန်လိုင်းမှတစ်ဆင့် အခမဲ့လွယ်ကူလျင်မြန်စွာ မှတ်ပုံတင်နိုင်ပြီး သုံးစွဲသူများအနေနှင့် မည်သည့်မိုဘိုင်း(သို့) ဝိုင်ဖိုင်အင်တာနက်ကွန်ရက်မှမဆို http://ecaf.telenor.com.mm သို့ဝင်ရောက်ပြီး မှတ်ပုံ တင်နိုင်မည်ဖြစ်သည်။

တယ်လီနောသည် ၂၀၁၇ ခုနှစ်အတွင်း တိုင်းရင်းသားဒေသများရှိ ဝေးလံခေါင်ဖျားသောနေရာများတွင် နေထိုင်သည့် အကျိုးခံစားခွင့်နည်းသော လူမှုအသိုင်းအဝိုင်းများကို ဘေးကင်းလုံခြုံသည့် အင်တာနက်အသုံးပြုမှုများအကြောင်း လိုက်လံဟောပြောသွားမည်ဖြစ်ပြီး လက်ရှိတွင်လည်း တယ်လီနောအနေဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ပြည်နယ်အလိုက် ဆက်ဆံရေးအရာရှိ ရှစ်ယောက်ခန့်အပ်ထားပြီးဖြစ်သည်။

ထို့ပြင် တယ်လီနောသည် သုံးစွဲသူများအနေဖြင့် သက်တမ်းကုန်ဆုံးသွားချိန်အထိ အသုံးပြုရန် ကျန်ရှိနေသော အင်တာနက်သုံးဒေတာနှင့် အခြားအကျိုးခံစားခွင့်များကို ရက် ၉၀ အထိ ယူဆောင်အသုံးပြုနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံး ‘ပါဆယ်’အင်တာနက်သုံးဒေတာ package များကိုလည်း မိတ်ဆက်လိုက်ပြီဖြစ်သည်။ ရက် ၃၀ သက်တမ်းရှိ‘ပါဆယ်’အစီအစဉ်များကို ၃၀၀MB အတွက် ၉၉၉ ကျပ်မှစ၍ ၁၂၀ GB အတွက် ၉၉,၉၉၉ ကျပ်အထိ ဝယ်ယူရရှိနိုင်သည်။

ဖုန်းခေါ်ဆိုမှုများနှင့် စာတိုပေးပို့မှုများအတွက် ပုံမှန်နှုန်းထားများဖြစ်သည့် တစ်မိနစ် ၂၅ ကျပ်နှင့် စာတိုတစ်စောင် ၁၅ ကျပ် အသီးသီးကောက်ခံသွားမည်ဖြစ်ရာ သုံးစွဲသူများအနေဖြင့် ၇၉၇၉၇၂၀၇# သို့ ဖုန်းခေါ်ဆိုခြင်းဖြင့် ဖြစ်စေ၊ MyTelenor app မှ တစ်ဆင့်ဖြစ်စေ၊ စာတိုပို့ခြင်းဖြင့်ဖြစ်စေ ‘ပါဆယ်’အစီအစဉ်ကို ရယူနိုင်ကြောင်း၊ စာတိုမှတစ်ဆင့် မိမိကြိုက်နှစ်သက်သည့် ‘ပါဆယ်’ အစီအစဉ်ကို ရယူရန် ၅၀၀ သို့ DPXS၊ DPS၊ DPM၊ DPL၊ DPXL၊ DP2XL နှင့် DP3XL တို့ကို ပေးပို့ရယူနိုင်ကြောင်းနှင့် အသုံးပြုနိုင်သည့် ဒေတာလက်ကျန်အခြေအနေကို *၁၂၄၇၁# သို့ ဖုန်းခေါ်ယူစစ်ဆေးနိုင်ကြောင်းလည်း သိရသည်။

**(ကြေးမုံ)**

# သုံးလသက်တမ်း ကမ်းနားလမ်းက ညဈေးတန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ညနေမှစတင်ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သော ရန်ကုန်မြို့လယ် ကမ်းနားလမ်း ညဈေးတန်းသည် သုံးလသက်တမ်းရှိလာချိန် အမြင်အမျိုးမျိုးဖြင့် ပြောဆိုမှုများနှင့်အတူ ရောင်းဝယ်ဖောက်ကားခြင်းနည်းလာသည်ကို မြင်တွေ့လာရသည်။

ရန်ကုန်မြို့တွင်း ကြုံတွေ့နေရဆဲဖြစ်သော ယာဉ်ပိတ်ဆို့မှုလျော့ပါးရေးအတွက် သက်ဆိုင်ရာမှ အလေးထားဆောင်ရွက်ရာတွင် ကမ်းနားလမ်းညဈေးတန်းဖွင့်လှစ်ပေးခြင်းသည်လည်း အပါအဝင်ဖြစ်သည်။ ကားလမ်းမများ၊ လူသွားပလက်ဖောင်းများတွင် ယာဉ်နှင့် လူသွားလာရေးခက်ခဲအဆင်မပြေသည်အထိ ဈေးရောင်းချမှုများ ရှိခဲ့သည်။ အများပြည်သူပိုင် ပလက်ဖောင်းများပေါ်မှ ဈေးရောင်းသည့်နေရာအချို့ကို ဈေးရောင်းချသူအချင်းချင်း သိန်းဆယ်ဂဏန်းပမာဏဖြင့် လက်လွှဲရောင်းချမှုများ ရှိခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြမှုရှိခဲ့သည်။

၂၀၁၆ ခုနှစ် နှစ်လယ်နောက်ပိုင်းလများတွင် မြို့တွင်း လေးမြို့နယ်ရှိ လမ်းဘေးဈေးသည်များအား သက်ဆိုင်ရာမှ စနစ်တကျကောက်ယူခဲ့ရာ ဈေးသည်ပေါင်း ၆၀၀၀ ခန့်ရှိသည်ဟု သိရသည်။ ရောင်းချသည့် ဈေးဆိုင်များရှေ့တွင် ဈေးရောင်းချသူကိုယ်တိုင် မှတ်တမ်းစာသားများနှင့်အတူ ဓာတ်ပုံရိုက်စာရင်းကောက်ယူခဲ့သည်။ စာရင်းကျန်ခြင်းမရှိစေရန် အချိန်ယူစာရင်းကောက်ယူနေသည်ကို ရန်ကုန်မြို့လယ်တွင် အဆိုပါကာလက မြင်တွေ့ခဲ့ရသည်။

စာရင်းကောက်ယူပြီးနောက်ပိုင်း ကာလများတွင် ကမ်းနားလမ်းညဈေးတန်းဖွင့်လှစ်မည့် သတင်းပေါ်ထွက်လာမှုနှင့်အတူ ရေ၊ မီး အပါအဝင် လိုအပ်ချက်များကို သက်ဆိုင်ရာမှ လုပ်ဆောင်ပေးမှုရှိလာသည်။ ညဈေးတန်းဖွင့်လှစ်အသုံးပြုခွင့်မပေးမီ ရောင်းချခွင့်သက်သေခံကတ်ပြားထုတ်ပေးမှုရှိသည်။ သို့သော် ကမ်းနားလမ်းညဈေးတန်းတွင် ဈေးသည်ပေါင်း ၁၆၀၀ ခန့်ကိုသာ နေရာချပေးနိုင်၍ အစားအသောက်နှင့် သစ်သီးဈေးသည်များကို သက်ဆိုင်ရာစည်ပင်မြို့နယ်ရုံးများတွင် ဆိုင်ခန်းနေရာကို မဲနှိုက်ချထားပေးခဲ့သည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ညနေတွင် ညဈေးတန်းတွင် ရောင်းချခွင့်ပြုခဲ့ပြီးနောက် မြို့တော်ဝန်ကိုယ်တိုင် နိုဝင်ဘာ ၃၀ ရက် ညတွင် လမ်းမတော်၊ လသာမြို့နယ်များရှိ ညဈေးတန်းတစ်လျှောက် လိုက်လံကြည့်ရှုခဲ့သည်။

ယင်းညဈေးတန်းတွင် ရောင်းချသည့်ကာလ သုံးလနီးပါးရှိလာသော်လည်း ရောင်းချသူများထံမှ သန့်ရှင်းရေးခွန်၊ ရေမီးအသုံးပြုခကောက်ခံမှုမရှိသေးဟု ဈေးသည်များထံမှ သိရသည်။ လေးမြို့နယ်အတွက် သစ်သီးနှင့် အစားအသောက်ဆိုင်ခန်းများ ရောင်းချခွင့်ပြုထားသော်လည်း လသာမြို့နယ်မှ ရောင်းချခွင့်ရသည့်နေရာများတွင်သာ ညစဉ် စည်ကားမှုရှိခဲ့သည်။ ကျန်နေရာများတွင် ညဈေးတန်းတစ်လျှောက် ဆိုင်ခန်းနေရာအပြည့် ရောင်းချမှု မမြင်တွေ့ရသေးပါ။ ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီခန့်တွင် ဘုန်းကြီးလမ်းမှ မော်တင်ခုံးကျော်တံတားအကြား



ကမ်းနားလမ်းညဈေးတန်းနေရာတွင် ကလေးသူငယ်အချို့ ကလေးကစားကွင်းအဖြစ် ဘေးအန္တရာယ်ကင်းစွာဖြင့် ပျော်ရွှင်စွာကစားနေသည်ကို မြင်တွေ့ရသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းကတည်းက ကမ်းနားလမ်း ညဈေးတန်းတွင် ရောင်းချခွင့်ရရှိသူများ အနေဖြင့် ရောင်းချမှုမရှိပါက သက်ဆိုင်ရာမှ ပြန်လည်သိမ်းယူမည်ဟု သတိပေးပြောဆိုမှုများရှိခဲ့သည်။ သို့သော် ဟန်ပြပစ္စည်းထားရောင်းဝယ်မှုများကြောင့် ညဈေးတန်းတွင် နေရာလွတ်များ မြင်တွေ့နေရခြင်းဖြစ်သည်။

ညစဉ် ၆ နာရီဝန်းကျင်တွင် ရောင်းချသော ဈေးသည်များ စာရင်းကောက်ယူမှုရှိခဲ့သော်လည်း အများပြည်သူသိရှိရန် အမှန်တကယ်ရောင်းချခွင့်ရှိသည့် ရောင်းချနေသော ဈေးသည်များစာရင်းကို ထုတ်ပြန်အသိပေးမှုမရှိသေးပါ။ ရောင်းချလိုသည့် ဈေးသည်များ ရှိသော်လည်း ကမ်းနားဈေးတန်းနေရာတွင် နေရာလွတ်များရှိနေသည်မှာ မည်သည့်အတွက်ကြောင့် ဖြစ်နေရသည်ကို အများပြည်သူအနေဖြင့် သိရှိလိုနေကြသည်။

ယင်းညဈေးတန်းနေရာတစ်နေရာလျှင် ကျပ်သိန်းဆယ်ဂဏန်းပမာဏဖြင့် အရောင်းအဝယ်ဖြစ်နေသည်ဆိုသော သတင်းမီဒီယာများပေါ်တွင် ဖော်ပြမှုနှင့်အတူ သက်ဆိုင်ရာမှလည်း သက်သေအထောက်အထားများဖြင့် တိုင်ကြားကြပါဟု ပြောကြားသည့်သတင်းများလည်း ဖတ်ရှုလာရသည်။

အဂတိလိုက်စားမှုများကို တိုင်ကြားကြပါဟုဆိုရာတွင် ပေးသူနှင့် ယူသူ နှစ်ဦးအကြား ထားရှိသောအထောက်အထားများကို ကြားခံပုဂ္ဂိုလ်များအနေဖြင့် တင်ပြနိုင်ရန် အားနည်းမှုရှိသည်။ သက်ဆိုင်ရာမှ စုံစမ်းဖော်ထုတ်မှုသာ လွယ်ကူနိုင်သည်။ ယခုလပိုင်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်း လုပ်ငန်းလိုင်စင်မရှိသော လုပ်ငန်းအချို့ကို သက်ဆိုင်ရာမှ စီမံချက်ဖြင့် ဖော်ထုတ်အရေးယူခဲ့ရာ လုပ်ငန်းအချို့ကို လုပ်ငန်းလိုင်စင်မရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

ထို့အတူ လမ်းဘေးဈေးသည်စာရင်းကောက်ယူရာတွင် ဖောင်းပွမှုမရှိရန်နှင့် လက်ပြောင်းလက်လွှဲရောင်းချနိုင်ခြင်းမရှိရန် စီမံဆောင်ရွက်ထားသည်ဟု သိရသည်။ လက်ရှိမြေပြင်အနေအထားဖြစ်သော ကမ်းနားလမ်းညဈေးတန်းတစ်လျှောက် ရောင်းချနေသည့် ဆိုင်ခန်းများအား ရှောင်တခင်စစ်ဆေးမှုရှိပါက အဖြေတစ်ရပ်ထွက်ပေါ်နိုင်သည်ဟု ညဈေးတန်းတွင် ရောင်းချနေသည့် ဈေးသည်များက ပြောသည်။

ယခုအခါ ညဈေးတန်းနေရာတွင် ရောင်းဝယ်မှုလျော့ကျနေခြင်းမှာ မူလရန်ကုန်မြို့တွင် ရောင်းချခဲ့သောနေရာများထက် အစားအသောက်ဈေးနှုန်းကြီးမြင့်နေမှု၊ မူလရောင်းချနေသောနေရာများတွင် ပြန်လည်ရောင်းချနေမှုအချို့ ရှိနေဆဲကြောင့်ဖြစ်ရာ သက်ဆိုင်ရာမှ ညဈေးတန်းရောင်းဝယ်မှု ဖွံ့ဖြိုးလာရေးအတွက် အလေးပေးဆောင်ရွက်ပေးစေလိုသည်ဟု ညဈေးတန်းမှ ဈေးသည်များက ဆိုသည်။

ညဈေးတန်းပိတ်သိမ်းချိန်တွင် ရောင်းချသည့်ပစ္စည်းများ သိမ်းပြောင်းစနစ်ဖြင့် ရှင်းလင်းထားခြင်း၊ ညအိပ်ညနေမပြုလုပ်ခြင်းများအတွက် သက်ဆိုင်ရာမှ ညစဉ်အသိပေးကြေညာမှုများ ကြားသိနေရသော်လည်း အားနည်းနေသည်ကို တွေ့နေရသည်။ သခင်မြပန်းခြံရှေ့ ကမ်းနားလမ်းညဈေးတန်းနေရာတွင်မူ YBS ယာဉ်လိုင်းများကြောင့် ညပိုင်းတွင်သာမက နေ့ပိုင်းပါ ရောင်းဝယ်မှုစည်ကားလျက်ရှိသည်။

သို့ဖြစ်ပါ၍ ရောင်းဝယ်ဖောက်ကားမှု နည်းနေဆဲဖြစ်သော ကမ်းနားလမ်းညဈေးတန်းတွင် သက်ဆိုင်ရာမှ အလေးထားဆောင်ရွက်ပေးမှုနှင့်အတူ ယင်းညဈေးတန်းနှင့်ပတ်သက်၍ အများပြည်သူသိသာရန် သတင်းပေးမှုများလည်း လိုအပ်နေသည်။ မိုးရာသီရောက်ရန် လအနည်းငယ်သာလိုသဖြင့် ညဈေးတန်းအတွက် မိုးရာသီရောင်းချရေးအတွက်ပါ စဉ်းစားရန် လိုအပ်လာသည်။

ကမ်းနားလမ်းညဈေးတန်း ဖွင့်လှစ်လာသည်မှာ သုံးလကာလရှိလာချိန်တွင် ရန်ကုန်မြို့တွင်း ကားလမ်းမကြီးများတွင် ယာဉ်နှင့် လူသွားလာမှု လွယ်ကူလာသည်ကို အများပြည်သူလက်တွေ့ခံစားလာရသည်။ သို့သော် လမ်းဘေးဈေးရောင်းချမှုအချို့ မြင်တွေ့နေရဆဲဖြစ်ရာ သက်ဆိုင်ရာမှ ယာဉ်နှင့်ဝန်ထမ်းများအပြား အသုံးပြု၍ အရေးယူနေရသည့် ဖြစ်စဉ်များ မြင်တွေ့နေရဆဲဖြစ်သည်။ ရန်ကုန်မြို့တွင်း ကားလမ်းမများနေရာနှင့် ကမ်းနားလမ်းညဈေးတန်းနေရာတို့တွင် ဈေးကွက်အပြိုင် နှစ်နေရာရှိနေလျှင် ကမ်းနားလမ်းညဈေးတန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲဖြစ်လာနိုင်သည်။

ရန်ကုန်မြို့တွင်း ကားလမ်းမဘေးများနှင့် လမ်းသွယ်များအတွင်း ဈေးရောင်းမှုများအပေါ် သက်ဆိုင်ရာမှ အရေးယူနေရာတွင် ဥပဒေနှင့်အညီ ရှိစေလိုသည်။ တရားဝင်ခွင့်ပြုထားခြင်းမရှိသော လမ်းဘေးဈေးသည်များ၊ လက်တွန်းလှည်းများ၊ အနေးယာဉ်များကို အရေးယူသည်ဟုဆိုသော်လည်း မြင်တွေ့နေရမှုရှိနေဆဲအပေါ် အထင်အမြင်မှားမှုများဖြစ်ပေါ်စေသည်ဟု အရေးယူခံရသူအချို့က ပြောဆိုမှုရှိလာသည်။ တိုင်ကြားသူရှိ၍ အရေးယူသည်ဟုပြောဆိုခြင်းထက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများရှိရန်ကိုသာ လိုအပ်နေသည်ဟု ပြောဆိုမှုများ ရှိလာသည်။

**(မောင်စေအောင်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၂၃-၂-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၆-၂-၂၀၁၇ ရက်နေ့မှ ၁၀-၂-၂၀၁၇ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူတစ်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်း သုံးဦးနှင့် အထွေထွေ ငါးဦး ပေါင်း ရှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၁၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၄၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၁၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## Community Centre နှင့် Community Library အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Community Centre နှင့် Community Library အဖြစ် အဆင့်မြှင့်တင်လုပ်ရှားဆောင်ရွက်မှုနှင့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းမှာ နိုင်ငံတော်၏ရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်နှင့် အဓိကအခန်းကဏ္ဍမှပါဝင်သည့် လူသားတို့၏ တစ်ဦးချင်းဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေးအရာရောက်စေရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ပြီး အနာဂတ်ကာလ၌ သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်ဖြစ်သည်။ သင်တန်းဆရာများက သင်တန်းသားသင်တန်းသူများအား စာတွေ့လက်တွေ့ ဆွေးနွေးပို့ချခဲ့ကြကာ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအတွက် ကြိုးစားသင်ယူဆွေးနွေးကြရန် သင်တန်းသားသင်တန်းသူများအား မှာကြားခဲ့ပြီး သပြေကလေးလူငယ်ပညာရေးနှင့် ကျန်းမာရေး ထောက်ပံ့မှုအဖွဲ့၊ စာကြည့်တိုက်အဖွဲ့ဝင်များက ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

## ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဖေဖော်ဝါရီ ၂၃**

ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်နု၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းဝင်း၊ ခရိုင်ဦးစီးမှူး ဦးသောင်းညွှန့်နှင့်အဖွဲ့သည် ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကချင်ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရွှေကူ-ရေပုံလေး-တူးချောင်း-တောင်ကုန်း-တောပုန်း-မြောက်ရွာ ကျေးရွာချင်း ဆက်လမ်း (၄ မိုင် ၆ ဖာလုံ) လုပ်ငန်းဆောင်ရွက်နေမှုနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောပုန်းကျေးရွာရှိ မြစိမ်းရောင်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး မန်ချက်စတာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရွှေကူ-ငါးဘတ်ကြီး ကတ္တရာလမ်း တစ်မိုင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ငါးဘတ်ကြီးကျေးရွာ အုတ်ခုံခံ သစ်သားတံတားတည်ဆောက်ပြီးစီးမှုနှင့် မြို့နယ်ရုံး လျာထားနေရာများဖြစ်သော ဝေဠုကျေးရွာနှင့် ပန်းတင်ကျေးရွာသို့ ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအား လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုးအလှတိုး

# မူးယစ်ဆေးဝါးမှုများ၊ လုယက်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေး နဂါးလေး(ခ) အောင်နိုင်မြင့်ကို တစ်ပတ်အတွင်းဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က တရားခံပြေးအဖြစ် ကြေညာထားသည့် မူးယစ်ဆေးဝါးမှုများ၊ လုယက်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေး နဂါးလေး(ခ)အောင်နိုင်မြင့်ကို တစ်ပတ်အတွင်းဖမ်းဆီးရမိခဲ့ပြီး ကျူးလွန်ခဲ့သော အမှုများအတွက် ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျူးလွန်ခဲ့သော မူးယစ်ဆေးဝါးမှု၊ လုယက်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေး နဂါးလေး(ခ) အောင်နိုင်မြင့်(၃၇)နှစ်ကို ဖေဖော်ဝါရီ ၁၆ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် လိုက်လံဖမ်းဆီးရာ ဖေဖော်ဝါရီ ၂၃ ရက် (တစ်ပတ်ခန့်အကြာ) တွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ အဒေါ်တော်စပ်သူ၏ နေအိမ်တွင် ၎င်းအား Honda Fit မော်တော်ယာဉ်တစ်စီးနှင့်အတူ လက်ရဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုမှာ ဖေဖော်ဝါရီ ၁၆ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် လှော်ကားလမ်းနှင့် ဥသ္သဘုရားလမ်းဆုံအနီးရှိ ကားဝပ်ရှော့တစ်ခုတွင် မူးယစ်ဆေးဝါးမှုနှင့် လုယက်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေး နဂါးလေး(ခ) အောင်နိုင်မြင့် ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့က ပိတ်ဆို့ဖမ်းဆီးခဲ့ကြောင်း၊ ထိုသို့ ပိတ်ဆို့ဖမ်းဆီးရာတွင် နဂါးလေး(ခ)အောင်နိုင်မြင့်မှာ အဖမ်းမခံဘဲ ရဲတပ်ဖွဲ့ဝင်များ၏ ယာဉ်များကို ၎င်း၏ ကားဖြင့်တိုက်၍ ထွက်ပြေးသွားသောကြောင့် သေနတ်နှင့်ပစ်ခတ်ဖမ်းဆီးခဲ့သော်လည်း ထွက်ပြေးသွားသည့်အတွက် ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေဖမ်းဆီးရာ ၎င်းမောင်းနှင်ထွက်ပြေးသွားသော X-Trail အမျိုးအစားမော်တော်ယာဉ်ကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကျည်စုအနောက်ကွင်းရှိ လယ်ကွင်းအလယ်မြေသားလမ်းပေါ်တွင် ယင်းကားအား သေနတ်ကျည်ရာများဖြင့် တွေ့ခဲ့ရပြီး တရားခံပြေး နဂါးလေး(ခ)အောင်နိုင်မြင့်မှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအကူဌာနမှ ဒုရဲမှူးညိုပု ဦးဆောင်သော တပ်ဖွဲ့က ထွက်ပြေးလွတ်မြောက်နေသော တရားခံပြေး နဂါးလေး (ခ)အောင်နိုင်မြင့်ကို ဖမ်းဆီးရမိနိုင်ရေးအတွက် ၎င်းတိမ်းရှောင်သွားနိုင်သော နေရာများကို စုံစမ်းပြီး လိုက်လံဖမ်းဆီးခဲ့ရာ ၎င်းမှာ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မကျီးချောင်း (၄)ရပ်ကွက်ရှိ ၎င်း၏ အဒေါ်တော်စပ်သူ ဒေါ်ချိုပြုံး၏နေအိမ်သို့ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် မင်းဘူးခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲတပ်ဖွဲ့ဝင်များဖြင့်ဖမ်းဆီးရာ ယမန်နေ့က တရားခံပြေး



နဂါးလေး(ခ)အောင်နိုင်မြင့်အား Honda Fit ကားတစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့မရဲစခန်းက မယ(ပ)၁၃/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁/ကျင့် ၅၁၂၊ လမ်းမတော်မြို့မရဲစခန်းက (ပ)၉/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၈၆၊ ၃၂၃၊ ၁၁၄/ ကျင့် ၅၁၂ တို့ဖြင့် အမှုဖွင့်ထားပြီး အရေးယူနိုင်ရေးဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဖမ်းဆီးရမိသော တရားခံပြေး နဂါးလေး(ခ) အောင်နိုင်မြင့်ကို ၎င်းကျူးလွန်ထားသည့် အမှုများအား ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်း-ညီညီ**
**ဓာတ်ပုံ- Yangon police**

# မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပညာရေးမှူး ဒေါ်ခင်အုန်းမြ (ယခုလက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး၊ သရက်ခရိုင်)အား တရားစွဲဆိုအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပညာရေးမှူး ဒေါ်ခင်အုန်းမြ (ယခုလက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး၊ သရက်ခရိုင်)အား အရေးယူပေးရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုင်ကြားခဲ့ခြင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပညာရေးမှူး ဒေါ်ခင်အုန်းမြ (ယခုလက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး၊ သရက်ခရိုင်)သည် နေ့စား(လပေး) ဆရာ ဆရာမများ ခန့်ထားရေးကိစ္စတွင် သက်ဆိုင်သူများထံမှ စုစုပေါင်းငွေကျပ် ၁၃၆၀၀၀၀ ကို ရယူခဲ့ကြောင်း၊ ငွေကြေးများရယူချိန်၌ မြို့သစ်မြို့နယ်ပညာရေးမှူးဖြစ်သဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားစွဲဆိုအရေးယူရန် ဆောင်ရွက်ခဲ့ရာ မြို့သစ်မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းမြ(ယခုလက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး၊ သရက်ခရိုင်)မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် တိုင်းဒေသကြီးတရားလွှတ်တော်တွင် ဖေဖော်ဝါရီ ၂၃ ရက်၌ ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေး - မြစ်ကြီးနားမီးရထားလမ်းပေါ်ရှိ တံတားအမှတ် BR 490 တွင် ဇလီဖားတုံးများ မီးလောင်နေ၍ မီးရထားဝန်ထမ်းတစ်ဦးက ငြှိမ်းသတ်

**အင်းတော် ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်ဝဲနှင့် မော်လူးဘူတာကြားရှိ တံတားအမှတ် BR 490 တွင် သစ်သားဇလီဖားတုံးနှစ်တုံး ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၆ နာရီခန့်က မီးစွဲလောင်နေသောကြောင့် အမှတ်(၃၈)အစုန်မြစ်ဆုံအမြန်ရထားဝန်ထမ်းတစ်ဦးက ငြှိမ်းသတ်ပေးခဲ့ရကြောင်း သိရသည်။

"ကျွန်တော်တို့ ရထားမောင်းနေစဉ် ပင်ဝဲနဲ့ မော်လူးကြားရှိ မိုင်တိုင်အမှတ် (၆၀၄/၃-၂)တံတားအမှတ် BR 490 ရဲ့ တံတားပေါ်မှာ မီးခိုးတွေအူနေတာကိုစတင်တွေ့ရှိပြီး မီးရထားကိုအချိန်မီရပ်တန့်ကာ စက်ခေါင်းမီးထိုး ဦးတင်သန်းဦးက စက်ခေါင်းပေါ်မှာပါလာတဲ့ သောက်ရေသန့်ဘူးနဲ့ တံတားဂါတာအောက်ခံထားတဲ့ သစ်သားဇလီဖားတုံးနှစ်တုံး မီးလောင်နေမှုကို ငြှိမ်းသတ်ခဲ့ပါတယ်"ဟု အမှတ်(၃၈)အစုန်မြစ်ဆုံအမြန်မီးရထား စက်ခေါင်းမောင်း ဦးကျော်ဝင်းအောင်က ပြောသည်။ ပူပြင်းခြောက်သွေ့သော နွေရာသီဝင်လာပြီဖြစ်သဖြင့် မီးရထားလမ်းတစ်လျှောက်ရှိ ချုံနွယ်တောတောင်တို့မှ တစ်ဆင့် တောမီးများလောင်ကျွမ်းရာမှ သစ်သားဇလီဖားတုံးများကို မီးစွဲလောင်ခြင်းများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသောကြောင့် စက်ခေါင်းမောင်းများအနေဖြင့် သတိဖြင့်မောင်းနှင်ကြရန်လိုအပ်ကြောင်း သိရသည်။

**မောင်ချစ်လင်း (အင်းတော်)**



# မူဆယ်မြို့မှ မန္တလေးမြို့သို့ ဝင်ရောက်လာသည့် ၁၂ ဘီးယာဉ်မှ အထောက်အထားမဲ့ ဝန်ချီစက်သယ်ဆောင်လာမှု ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မူဆယ်မြို့မှ မန္တလေးမြို့သို့ ဝင်ရောက်လာသည့် Hino အမျိုးအစား ၁၂ ဘီးယာဉ်တစ်စီးအား စစ်ဆေးရှာဖွေရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အထောက်အထားမဲ့ ဝန်ချီစက်သယ်ဆောင်လာမှုကို ဖေဖော်ဝါရီ ၁၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မူဆယ်မြို့မှ မန္တလေးမြို့သို့ ဝင်ရောက်လာသည့် Hino အမျိုးအစား ၁၂ ဘီးယာဉ်အား (၁၆)မိုင်ကျောက်ချော စစ်ဆေးရေးစခန်းမှ စခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေခဲ့ရာ ယာဉ်ပေါ်တွင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အထောက်အထားမဲ့ LIUGONG အမျိုးအစား Wheel Loader 1 Unit ခန့်မှန်းတန်ဖိုး ငွေကျပ် သန်း ၆၀ ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းအပြင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများနှင့် အကောက်ခွန်နယ်မြေအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်ပို့/တင်သွင်းသော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေအရေးယူလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနရုံးက တားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၂ ဒသမ ၃၄၉ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အတွင်း အထောက်အထားမဲ့ Express ယာဉ် တစ်စီးအပါအဝင် ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၉ ဒသမ ၅၉၅ သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(ဝဝ၁)**



# မန်ယူအသင်း ယူရိုပါလိဂ်(၁၆)သင်းအဆင့် တက်လှမ်းနိုင်ခဲ့ပြီး အမ်ခီတာယန် အီးအက်ဖ်အယ်လ်ဖလားဗိုလ်လုပွဲလွဲချော်မည်

မန်ယူအသင်းသည် ယူရိုပါလိဂ်(၃၂)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို စိန့်အက်တီယန်အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ ကွင်းလယ်ကစားသမား အမ်ခီတာယန်၏ ပွဲကစားချိန် ၁၆ မိနစ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-ဂိုးမရှိဖြင့် မန်ယူအသင်း ယူရိုပါလိဂ်(၁၆)သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

မန်ယူအသင်းသည် ပထမအကျော့တွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ ဟက်ထရစ်သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုဒုတိယအကျော့တွင်လည်း ကွင်းလယ်ကစားသမား မာတာ၏ အကွက်မြင်မြင်ပေးပို့မှုမှတစ်ဆင့် ကွင်းလယ်ကစားသမား အမ်ခီတာယန်က ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် မန်ယူအသင်း(၁၆)သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း နောက်တန်းကစားသမား အဲရစ်ဘိုင်လီမှာမူ ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ယင်းမှာ ဖေဖော်ဝါရီ ၂၄ ရက်တွင် မဲခွဲမည့် ယူရိုပါလိဂ်(၁၆)သင်းအဆင့်ပြိုင်ပွဲအတွက် မန်ယူအသင်းအပေါ် ဖိအားတစ်ရပ်လည်းဖြစ်သွားစေခဲ့သည်။

မန်ယူအသင်းသည် လာမည့်(၁၆)သင်းအဆင့်ပွဲစဉ်ပထမအကျော့ကို ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မတိုင်မီ ကစားရမည်ဖြစ်ပြီး နည်းပြ မော်ရင်ဟိုအတွက်လည်း ဆုဖလားသုံးလုံးရရှိနိုင်မည့် လမ်းကြောင်းပေါ်တွင် ရှိနေခဲ့သည်။

မန်ယူအသင်းအတွက် စိန့်အက်တီယန်အသင်းနှင့် ကစားခဲ့သည့် ယူရိုပါလိဂ်(၃၂)သင်းအဆင့်ပွဲစဉ် ဒုတိယအကျော့တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား အမ်ခီတာယန်သည် နိုဝင်ဘာလမှစတင်ကာ အကောင်းဆုံးပုံစံရရှိခဲ့ကာ မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။


ကွင်းလယ်ကစားသမား အမ်ခီတာယန်သည် မန်ယူအသင်းနှင့်အတူ ကစားခဲ့သည့် နောက်ဆုံးခြောက်ပွဲတွင် သွင်းဂိုးငါးဂိုးအထိ ပါဝင်ပတ်သက်မှုရှိခဲ့ပြီး သုံးဂိုးသွင်းယူပေးခဲ့ကာ နှစ်ဂိုးမှာ ဖန်တီးပေးနိုင်ခဲ့သည်။ သို့ရာတွင် ဒဏ်ရာပြဿနာရရှိခဲ့ခြင်းကြောင့် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အီးအက်ဖ်အယ်လ်ဖလား နောက်ဆုံးဗိုလ်လုပွဲတွင် ကွင်းလယ်ကစားသမား အမ်ခီတာယန် လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

(ငွေကြယ်)





# ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ ဂျူဗင်တပ်အနိုင်ရရှိခဲ့ပြီး လက်စတာရှုံးနိမ့်ခဲ့



ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်များအဖြစ် ပေါ်တိုအသင်းနှင့် ဂျူဗင်တပ်အသင်း၊ ဆီဗီလာအသင်းနှင့် လက်စတာအသင်းတို့ ဖေဖော်ဝါရီ ၂၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်အသင်းအနိုင်ရရှိခဲ့ပြီး လက်စတာအသင်းမှာ အဝေးကွင်းတွင် ဆီဗီလာအသင်းကို ရှုံးနိမ့်ခဲ့သည်။

ပေါ်တိုအသင်းနှင့် ဂျူဗင်တပ်အသင်းတို့၏ ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ပွဲစဉ်တွင် ဂျူဗင်တပ်အသင်းသည် ပွဲကစားချိန် ၇၂ မိနစ်နှင့် ၇၄ မိနစ်တို့တွင် သွင်းယူခဲ့သည့် မာကိုဂျာကာနှင့် ဒန်နီယယ်အဲလ်ဗက်စ်တို့၏ သွင်းဂိုးများဖြင့် ပေါ်တိုအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပေါ်တိုအသင်းသည် ပွဲကစားချိန် ၂၇ မိနစ်ကတည်းက ကစားသမားတစ်ယောက်လျော့အနေအထားဖြင့် ကစားခဲ့ရပြီး ဘယ်နောက်ခံလူ တဲလ်လက်ဇ်မှာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရသည့် ဂျူဗင်တပ်အသင်းသည် ပိုင်ဆိုင်မှု ၇၇ ရာခိုင်နှုန်းအထိ အသာစီးရယူကစားနိုင်ခဲ့ပြီး နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆီဗီလာအသင်းနှင့် လက်စတာအသင်းတို့၏ ပွဲစဉ်တွင်မူ အိမ်ရှင်အသင်းဖြစ်သည့် ဆီဗီလာအသင်းသည် ပွဲကစားချိန် ၂၅ မိနစ်နှင့် ၆၂ မိနစ်တို့တွင် ဆာရာဘီယာနှင့် ကော်ရီယာတို့သွင်းယူခဲ့သည့် သွင်းဂိုးနှစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့ပြီး လက်စတာအသင်းက ပွဲကစားချိန် ၇၃ မိနစ်တွင် တိုက်စစ်မှူး ဗာဒီ၏ သွင်းဂိုးဖြင့် ချေပဂိုးတစ်ဂိုး ပြန်လည်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် လက်စတာစီးတီးအသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် တိုက်စစ်မှူး ဗာဒီသည် ကိုးပွဲကြာဂိုးပေါက်ပျောက်ဆုံးမှုကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။ အနိုင်ရရှိခဲ့သည့် ဆီဗီလာအသင်းသည် လာလီဂါဆုဖလားကို စိန်ခေါ်နိုင်စွမ်းရှိသည့် ခြေစွမ်းရှိကာ လာလီဂါအမှတ်ပေးဇယားတွင်လည်း အဆင့်(၃)နေရာတွင်ရပ်တည်နေသည့်အသင်းဖြစ်ပြီး လက်စတာစီးတီးအသင်းမှာမူ လက်ရှိပရီမီယာလိဂ်ချန်ပီယံအသင်းဖြစ်သော်လည်း အမှတ်ပေးဇယားတွင်ကြည့်မည်ဆိုပါက တန်းဆင်းဇုန်သို့ ရောက်ရှိနေသည့် အသင်းဖြစ်သည်။

လက်စတာစီးတီးအသင်းသည် ယခုပထမအကျော့ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ကျိုးကြောင်းသောရလဒ်သာထွက်ပေါ်ခဲ့ခြင်းကြောင့် အိမ်ကွင်းတွင် ကစားရမည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့တွင် အနိုင်ကစားနိုင်မည်ဆိုပါက ကွာတားဖိုင်နယ်မျှော်လင့်ချက်ရှိနေဆဲပင်ဖြစ်ပြီး ဒီနှစ်သင်း၏ (၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို မတ် ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

(ငွေကြယ်)




# ချန်ပီယံလိဂ်ပွဲစဉ်အပြီး စပိန်ရဲတပ်ဖွဲ့ဝင်များက လက်စတာပရိသတ်များကို ရော်ဘာကျည်များသုံးပြီး တိုက်ခိုက်ခဲ့

ဆီဗီလာနှင့် လက်စတာအသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် လက်စတာပရိသတ်များနှင့် စပိန်ရဲတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း မေရာသတင်းဌာန၏ ဖော်ပြချက်အရသိရသည်။ စပိန်ရဲများက ဆီဗီလာမြို့လယ်တွင် လက်စတာ ပရိသတ်များကို ချုံခိုတိုက်ခိုက်နည်းဖြင့် တိုက်ခိုက်ခဲ့ကြသလို အရွယ်အစားကြီးမားသည့် ရာဘာကျည်များအသုံးပြုခဲ့မှုကြောင့် နှစ်ဦးသေဆုံးပြီး ၃၈ ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း လူမှုကွန်ရက်များမှတစ်ဆင့် လက်စတာပရိသတ်ဒါဇင်ပေါင်းများစွာက စွပ်စွဲရေးသားခဲ့ကြသည်။ ဒဏ်ရာပြင်းထန်သည့် ပရိသတ်များထဲတွင် ရှစ်ဦးမှာ စက္ခုအာရုံဆုံးရှုံးသည်အထိ ဖြစ်ခဲ့ကြောင်း စွပ်စွဲမှုများရှိနေသည်။

ဆီဗီလာမြို့တွင်ရောက်ရှိနေသည့် ဘီဘီစီသတင်းထောက် အီယန်စတွင်းဂါးကမူ လူသေမှုဒဏ်ရာရရှိမှုတို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာမှတ်ချက်မပြုခဲ့သော်လည်း အရွယ်အစားပမာဏကြီးမားသည့် ရာဘာကျည်များ အသုံးပြုခဲ့သည်ကိုမူ ရော်ဘာကျည်ဆန်တစ်လုံး၏ ဓာတ်ပုံကို လက်ဖဝါးပေါ်တင်ကာ တွစ်တာစာမျက်နှာမှတစ်ဆင့် အတည်ပြုပေးခဲ့သည်။ အီယန်စတွင်းဂါးကပင် "ဘာကိုမှ မမြင်ခဲ့လို့ ဘယ်အချက်ကိုမှကို အတည်မပြုနိုင်ပေမယ့် လက်စတာပရိသတ်တွေကတော့ သူတို့ကို အရွယ်အစားကြီးမားတဲ့ ရော်ဘာကျည်တွေ သုံးပြီးတိုက်ခိုက်ခဲ့တယ်လို့ ပြောပါတယ်" ဟု ပြောကြားခဲ့သည်။

အွန်လိုင်းပေါ်ပြန့်နေသည့် ဗီဒီယိုဖိုင်များတွင်လည်း ဝတ်စုံပြည့်ဝတ်ဆင်ထားသည့် ရဲတပ်ဖွဲ့ဝင်များက လမ်းမများပေါ်တွင်ပြေးလွှားလှုပ်ရှားနေပြီး လက်စတာပရိသတ်များလူစုကွဲ ဖရိုဖရဲဖြစ်နေသည်ကို မြင်တွေ့ခဲ့ကြရသည်။ ပရိသတ်များနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ပြိုင်ပွဲယှဉ်ပြိုင်နေသည့်ကာလအတွင်းမှာပင် ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အချို့သောသတင်းရင်းမြစ်များက ဖော်ပြသည်။

(မေလှဲ့သင်း)




မန်ယူနည်းပြ မော်ရင်ဟိုက ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်များမဲခွဲမှု ထွက်ပေါ်မလာခင်မှာပင် ချယ်လ်ဆီးနှင့် ကစားရမည့် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်ကို မတ် ၁၃ ရက် ည(တနင်္လာနေ့)တွင် ကစားရန် ဆုံးဖြတ်စေခဲ့မှုကြောင့် အံ့အားသင့်မိကြောင်း ဆိုခဲ့သည်။ မန်ယူအသင်းသည် ယူရိုပါလိဂ် ၃၂ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် ပြင်သစ်ကလပ် စိန့်အက်တီယန်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီးနောက် ၁၆သင်းမဲခွဲဆုံးဖြတ်မှုကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။

၁၆ သင်းအဆင့် မဲခွဲဆုံးဖြတ်မှုကို ဖေဖော်ဝါရီ ၂၄ ရက်(ယနေ့)တွင် ဆုံးဖြတ်သွားမည်ဖြစ်သည်။ အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်လေးပွဲတွင် မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့ပွဲစဉ်တစ်ပွဲသာ မတ် ၁၃ ရက် ( တနင်္လာနေ့)တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်ပွဲစဉ်သုံးပွဲကို မတ်၁၁ရက်နှင့် ၁၂ ရက်တို့တွင် အသီးသီးကျင်းပရန် ရေးဆွဲထားရာ ယင်းပွဲစဉ်ရေးဆွဲမှုက ဥရောပပွဲကစားရန်ရှိသည့် မန်ယူအသင်းကို နစ်နာအောင် ဆောင်ရွက်နေသလို ဖြစ်စေသည်ဟု မော်ရင်ဟိုက ယူဆသည်။


မော်ရင်ဟိုက "တနင်္လာနေ့မှာ ချယ်လ်ဆီးနဲ့ ကစားပြီး ကြာသပတေးနေ့မှာ ဥရောပပွဲအတွက် ရုရှား၊ ဂရိ (ဒါမှမဟုတ်) တူရကီမှာ သွားကစားရမယ်ဆိုလို့စဉ်းစားကြရအောင်ဗျာ။ ခုတော့ အင်္ဂလန်ကလပ်အသင်းတစ်ခုရဲ့ အကျိုးစီးပွားထက် အခြားရှေ့ရောက်နေတဲ့ အကျိုးအမြတ်တွေကိုပဲ ဦးစားပေးနေကြတယ်။ ပြီးတော့ ဒီကိစ္စရပ်ကို ဘယ်သူကမှ ဂရုမပြုကြဘူးဖြစ်နေကြတယ်" ဟု ဝေဖန်ခဲ့သည်။

ထို့ပြင် မော်ရင်ဟိုက ချယ်လ်ဆီးအသင်းကို အတောင့်တင်းဆုံးလူစာရင်းဖြင့်ရင်ဆိုင်ပြီး နောက်တစ်ဆင့်ကို တက်ရောက်အောင်ကြိုးပမ်းမည်ဖြစ်ကြောင်းလည်း ဆိုခဲ့သည်။ သို့သော် မန်ယူအသင်းက ဥရောပပွဲယှဉ်ပြိုင်ရန်ရှိနေပြီး ချယ်လ်ဆီးက ဥရောပပွဲယှဉ်ပြိုင်စရာ မရှိသောကြောင့် မည်သည့်ရက်တွင် ကစားရသည်ဖြစ်စေ ချယ်လ်ဆီးအသင်းအတွက် ပြဿနာတစ်ရပ်ရှိမည်မဟုတ်သည်ကိုလည်း မော်ရင်ဟိုက ထောက်ပြခဲ့သည်။ (မေလှဲ့သင်း)

# ဂျူဗင်တပ်ဂိုးသမား ဘတ်ဖွန် ပေးဂိုးမဲ့ပွဲ အံ့ဖွယ်စံချိန် ထပ်မံရရှိခဲ့

ဂျူဗင်တပ်ဝါရင့် ဂိုးသမား ဘတ်ဖွန်က စီးရီးအေမှာပေးဂိုးမဲ့ပွဲ အများဆုံးစံချိန်ရရှိခဲ့သလို ယခုတစ်ပတ်ယှဉ်ပြိုင်ခဲ့တဲ့ ပေါ်တိုနဲ့ပွဲမှာလည်း ပြိုင်ဘက်အသင်းကို ဂိုးမပေးခဲ့ရတာကြောင့် ပြိုင်ပွဲစုံပေးဂိုးမဲ့ပွဲအများဆုံးရရှိတဲ့ ဂိုးသမားအဖြစ် နောက်ထပ်စံချိန်တစ်ရပ် ထပ်မံရရှိခဲ့ပြန်ပါတယ်။ ပေါ်တိုကစားသမားတဲလက်ဇ်က ပွဲကစားချိန် ၂၇ မိနစ်မှာ ထုတ်ပယ်ခံရတာကြောင့်လည်း ဘတ်ဖွန်အတွက် ပိုမိုလွယ်ကူတဲ့အနေအထား ရောက်ရှိသွားတာဖြစ်ပါတယ်။ ဘတ်ဖွန်ဟာ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ် ခုနစ်ပွဲမှာ ခြောက်ပွဲအထိ ပေးဂိုးမပေးခဲ့ရတာကြောင့် သူတင်ထားတဲ့ ပေးဂိုးမဲ့ပွဲစံချိန်ကို သူကိုယ်တိုင်ပဲ ချိုးဖျက်နေတာ တွေ့ရပါတယ်။ ဘတ်ဖွန်ဟာ မိနစ်အလိုက်ပေးဂိုးမဲ့ အများဆုံးစံချိန်၊ ပွဲဆက်အများဆုံး ပေးဂိုးမဲ့စံချိန်တွေအပြင် တစ်ရာသီလုံး ပေးဂိုးမဲ့ပွဲအများဆုံးစံချိန်နဲ့ ထာဝရ ပေးဂိုးမဲ့ပွဲအများဆုံးစံချိန်တွေကို ရယူထားနိုင်တဲ့ အံ့ဖွယ်စံချိန်ရှင်အဖြစ် ရပ်တည်နေပါတယ်။

(မေလှဲ့သင်း)




SHWE BANK

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**(ယမန်နေ့မှ အဆက်)**

### အခန်း (၅)
### ကြိုတင်ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း

၈။ (က) ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို စတင်တည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်လိုသူသည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးအလို့ငှာ ကြိုတင်ခွင့်ပြုချက်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဤဥပဒေနှင့် သက်ဆိုင်သည့်လုပ်ငန်းများရှိ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်း၊ လုပ်ငန်းစဉ်အလိုက် စက်ကိရိယာပစ္စည်းများ နေရာချထားခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းများ ဆောင်ရွက်လိုသူသည် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအလို့ငှာ ကြိုတင်ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီးနှင့်ပြည်နယ် ဦးစီးဌာနရုံးများမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(က)နှင့်(ခ) အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ငြင်းပယ်ခြင်း ပြုနိုင်သည်။ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးပါက စည်းကမ်းချက်များ သတ်မှတ်၍ ဝန်ကြီးဌာနက သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းစေပြီး လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက် လက်မှတ်ထုတ်ပေးရမည်။

၉။ (က) ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို စတင်လည်ပတ်လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ငြင်းပယ်ခြင်းပြုနိုင်သည်။ လုပ်ငန်းလိုင်စင်ထုတ်ပေးပါက လုပ်ငန်းလိုင်စင် သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ခပေးသွင်းစေပြီး လျှောက်ထားသူအား လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ထားရမည်။

၁၀။(က) ပုဒ်မ ၉ အရ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်၍ လုပ်ကိုင်လိုသည့်အခါ လုပ်ငန်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခပေးသွင်းစေပြီး လျှောက်ထားသူအား လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရမည်။

### အခန်း(၆)
### လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အရာရှိများ ခန့်အပ်တာဝန်ပေးခြင်း

၁၁။ အလုပ်ရှင်သည် -

(က) သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားနှင့် ကိုက်ညီ၍ ကျင့်သုံးနိုင်မည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံခန့်ခွဲမှုစနစ်ကို လုပ်ငန်းမစတင်မီ အနည်းဆုံး ၃၀ ရက် ကြိုတင်ပြုစု၍ ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေထက်မနည်းရှိသည့် လုပ်ငန်းများတွင် လုပ်ငန်းအမျိုးအစားအလိုက် အရေအတွက် တူညီသော အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ အသီးသီးကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ၏ ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်၏ အရည်အချင်းများနှင့် ရွေးချယ်မှု၊ ခန့်ထားမှု၊ လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက သတ်မှတ်ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

၁၂။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ အသီးသီး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ထိခိုက်စေနိုင်မည့် အခြေအနေများကို ပုံမှန်စစ်ဆေး၍ ပြန်လည်သုံးသပ်ချက်များကို သက်ဆိုင်ရာကော်မတီ အစည်းအဝေး၌ တင်ပြခြင်း၊

(ခ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ဆောင်ရွက်ရန် အလုပ်ရှင်အား အကြံပြုခြင်း၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများ တိုးတက်ကောင်းမွန်စေရန် သင်တန်းပို့ချရေးနှင့် အထောက်အပံ့ပစ္စည်းများ ရရှိစေရေး အလုပ်ရှင်နှင့် အလုပ်သမားအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဃ) သက်ဆိုင်ရာလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်မှုအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) ကော်မတီအနေဖြင့် ဆောင်ရွက်နိုင်စွမ်းမရှိသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊

(စ) ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့က ပေးအပ်သော လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၁၃။ အလုပ်ရှင်သည် ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေထက်မနည်း လုပ်ကိုင်သောလုပ်ငန်းခွင်အလိုက် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးကောင်းမွန်စေရန် အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနကသတ်မှတ်သည့် အရည်အချင်းနှင့်ပြည့်စုံသူကို လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိအဖြစ် ခန့်ထားရမည်။

၁၄။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိများသည် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာလုပ်ငန်းတာဝန်များနှင့် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အခြားလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်။

### အခန်း (၇)
### စစ်ဆေးရေးအရာရှိများ ခန့်ထားခြင်း၊ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိ၏ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ

၁၅။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်နိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိချုပ်သည် လုပ်ငန်းခွင်အလိုက် စစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ပြုလုပ်ရန် စစ်ဆေးရေးအရာရှိများအား လိုအပ်သလို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၇။ စစ်ဆေးရေးအရာရှိများသည်-

(က) စစ်ဆေးရန်လွှဲအပ်တာဝန်ပေးသည့်အတိုင်း ကျေပွန်စွာ ဆောင်ရွက်ရမည်။

(ခ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်ထံ တင်ပြရမည်။

၁၈။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာနတစ်ခုခုတွင်ဖြစ်စေ၊ ယင်းစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာနတစ်ခုခုနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၉။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့် ရှိသည် -

(က) ဤဥပဒေနှင့်သက်ဆိုင်သည့် မည်သည့်လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီး ဝရမ်းမပါဘဲ အချိန်မရွေး ဝင်ရောက်ခွင့်၊ စစ်ဆေးခွင့်နှင့် စုံစမ်းမေးမြန်းခွင့်၊

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းခွင်ရှိစက်ပစ္စည်း၊ ကိရိယာတန်ဆာပလာများ၊ ကုန်ကြမ်းကုန်ချောပစ္စည်းများ၊ ဇီဝပစ္စည်းနှင့် ဓာတုပစ္စည်းများ စသည်တို့အား စစ်ဆေးခွင့်၊ စုံစမ်းမေးမြန်းခွင့်၊ အမျိုးသားကောင်စီက အသုံးမပြုရန်ကန့်သတ်ထားသည့် ပစ္စည်းနှင့် တားမြစ်ပိတ်ပင်ထားသည့် ပစ္စည်းများအား သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်နှင့် အရေးယူခွင့်၊

(ဂ) လုပ်ငန်းခွင်နှင့် လုပ်ငန်းစဉ်ဆိုင်ရာမှတ်တမ်းများနှင့် စာရွက်စာတမ်း အထောက်အထားများကို စစ်ဆေးကြည့်ရှုခွင့်၊ စုံစမ်းမေးမြန်းခွင့်၊ ရယူခွင့်နှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်၊

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိုအန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းခွင်အခြေအနေနှင့်လုပ်ငန်းစဉ်များ၏ မှတ်တမ်းနှင့်စပ်လျဉ်း၍ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းများ ရယူခွင့်၊

(င) လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ အန္တရာယ်ရှိသည့် ဖြစ်ရပ်များ၊ မတော်တဆထိခိုက်မှုများအား စုံစမ်းစစ်ဆေးရာတွင် သက်ဆိုင်သည့် ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ ရယူခွင့်၊

(စ) မည်သည့်လုပ်ငန်းခွင်၌မဆို ဆူညံသံ၊ အလင်းရောင်၊ အပူ၊ အအေး၊ အမှုန်အမွှား၊ အခိုးအငွေ့၊ အပါအဝင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ဓာတ်ရောင်ခြည်သင့်မှု သို့မဟုတ် အန္တရာယ်ရှိသော အရာဝတ္ထုနှင့် ဒြပ်ဝတ္ထုပစ္စည်းများ၏ အန္တရာယ်ပေးနိုင်မှု အတိုင်းအဆ၊ ယင်းလုပ်ငန်းခွင်ရှိ လူများနှင့်ထိတွေ့မှုပမာဏနှင့်အချိန်အားအကဲဖြတ်တိုင်းတာခွင့်နှင့် မှတ်တမ်းများရယူခွင့်၊

(ဆ) အလုပ်ကို အကြောင်းပြုပြီး ကျန်းမာရေးထိခိုက်မှုနှင့် စပ်လျဉ်း၍ အသိအမှတ်ပြု ဆရာဝန်၏အကူအညီဖြင့် လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသည့် မည်သူ့ကိုမဆို အလုပ်ချိန်အတွင်း စုံစမ်းမေးမြန်းခွင့်၊

(ဇ) လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ ရရှိမှုကြောင့်ဖြစ်စေ ဆေးကုသမှုခံယူနေသော လူနာနှင့် ပတ်သက်သည့် ဆေးကုသမှုဆိုင်ရာ အချက်အလက်များ သို့မဟုတ် သေဆုံးမှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ရင်ခွဲစမ်းသပ်စစ်ဆေးချက် အစီရင်ခံစာများကို သတ်မှတ်လုံခြုံမှု အဆင့်အတန်းဖြင့်ပေးပို့ရန် ဆေးရုံ၊ ဆေးခန်းများမှ တာဝန်ရှိသူထံ တောင်းဆိုခွင့်။

၂၀။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီရပ်နားထားရန် အမိန့်ထုတ်ဆင့်နိုင်သည်-

(က) လုပ်ငန်းခွင်၊ စက်အစိတ်အပိုင်း သို့မဟုတ် စက်ကိရိယာ နေရာချထားပုံနှင့် အလုပ်လုပ်ဆောင်ပုံကြောင့် လုပ်ငန်းခွင်မတော်တဆ ထိခိုက်မှု ဖြစ်ခြင်း၊ သေဆုံးခြင်း၊ အန္တရာယ်ရှိသော ဖြစ်ရပ်များ ဖြစ်ပွားခြင်းကြောင့် လုပ်ငန်း ဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း သို့မဟုတ် မလိုက်နာခြင်းတို့ကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ဂ) သူတစ်ဦးဦး၏ လုပ်ဆောင်ချက်ကြောင့် ဖြစ်စေ၊ လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ဂရုမစိုက်မှုကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေသူတို့အား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆခြင်း၊

(ဃ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုအန္တရာယ် ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေကြောင့် အလုပ်သမားများအား ဘေးအန္တရာယ်မှ လွတ်ကင်းရေးအတွက် ဖယ်ရှားရန် လိုအပ်ခြင်း။

၂၁။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများသည်-

(က) သက်ဆိုင်ရာ အလုပ်ရှင်အနေဖြင့် ယာယီရပ်နားထားရန်ထုတ်ဆင့်ထားသော အမိန့်အတိုင်း လိုက်နာဆောင်ရွက်ပြီးစီးကြောင်း စစ်ဆေးတွေ့ရှိလျှင် ရပ်နားထားသည့် လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြန်လည်ဆောင်ရွက်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြန်လည်ဆောင်ရွက်ခွင့်ပြုကြောင်းကို သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အလုပ်ရှင်ထံသို့ အကြောင်းကြားရမည်။

၂၂။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ပုဒ်မ ၂၀ အရ ထုတ်ဆင့်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်သူအား လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် လိုအပ်ပါက ထိုသို့ အရေးယူဆောင်ရွက်စေရန် သင့်လျော်သည့် စစ်ဆေးရေးအရာရှိကို လွှဲအပ်တာဝန်ပေးခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၀ အရ လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီရပ်နားထားရန် ထုတ်ဆင့်ထားသည့်အမိန့်နှင့် စပ်လျဉ်း၍ ပြောင်းလဲလာသည့် အခြေအနေအရ ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည့် လုပ်ငန်းများကို လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ပြီး လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၂၃။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများသည်-

(က) လုပ်ငန်းခွင်၊ စက်ရုံ၊ အလုပ်ရုံ၊ အရာဝတ္ထုပစ္စည်း သို့မဟုတ် လုပ်ငန်းစဉ် တစ်ရပ်ရပ်ကြောင့် အလုပ်သမားများ၏ ကိုယ်ခန္ဓာ ထိခိုက်ခြင်းသော်လည်းကောင်း၊ ကျန်းမာရေး အန္တရာယ်ရှိခြင်းသော်လည်းကောင်း၊ ပစ္စည်းတစ်စုံတစ်ရာကို ထိခိုက်ပျက်စီးစေခြင်းသော်လည်းကောင်း ဖြစ်စေနိုင်သည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် သတ်မှတ်သည့် အချိန်ကာလအတွင်း ပြုပြင်ဆောင်ရွက်ရန် အလုပ်ရှင်အား စာဖြင့်ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိလျှင် သက်ဆိုင်ရာအလုပ်ရှင်၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်နိုင်သည်။

၂၄။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိတို့သည် ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် ညွှန်ကြားချက်ကို သတ်မှတ်ကာလအတွင်း အလုပ်ရှင်က လိုက်နာဆောင်ရွက်ပြီးစီးကြောင်း မှတ်တမ်းအထောက်အထား ပြည့်စုံစွာဖြင့် ပြန်လည်တင်ပြစေရမည်။

၂၅။ စစ်ဆေးရေးအရာရှိချုပ်သည် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် ယင်းပစ္စည်းများကို အသုံးပြုသည့်လုပ်ငန်းခွင်များကို စာရင်းဇယား သီးခြားပြုစုရန်၊ လိုအပ်ပါက အထူးစစ်ဆေးမှုများ ဆောင်ရွက်ရန်နှင့် ယင်းပစ္စည်းများကို အသုံးပြုခြင်းအား တားမြစ်ရန်စစ်ဆေးရေးအရာရှိများကို သီးခြားတာဝန် ပေးအပ်ရမည်။

၂၆။ စစ်ဆေးရေးအရာရှိသည် အလုပ်ရှင်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိတို့ကို ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် ယင်းပစ္စည်းများအား အသုံးပြုသည့် လုပ်ငန်းခွင်များ၌ ဘေးအန္တရာယ်ကျရောက်နိုင်မှု၊ ဘေးအန္တရာယ်မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ ဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့် အစီအမံနှင့် နည်းလမ်းများ၊ ရှေးဦးသူနာပြုစုခြင်းများကို အလုပ်သမားများအား လေ့ကျင့်သင်ကြားပေးရန် ညွှန်ကြားရမည်။

၂၇။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ ပြစ်မှုကျူးလွန်သူ မည်သူကိုမဆို သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

## ဗြိတိန်တေးဂီတထူးချွန်ဆုသစ်အပေါ် "One Direction" အဖွဲ့ဝင်အားလုံး တုံ့ပြန်

ပြီးခဲ့တဲ့ ၂၀၁၆ခုနှစ်အတွင်း တေးဂီတလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူတော့မှာဖြစ်ကြောင်း ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ "One Direction"က တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဲဒီနောက်ပိုင်းအဖွဲ့ဝင်တွေဟာ သီးခြားအနုပညာလှုပ်ရှားမှုတွေသာရှိခဲ့ပြီး အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုတွေမရှိတော့ပါဘူး။ ဒါပေမယ့် လတ်တလောမှာကျင်းပခဲ့တဲ့ ဗြိတိန်တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲမှာတော့ "One Direction "ဟာ တေးဂီတထူးချွန်ဆု တစ်ဆုကိုဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီလိုထူးချွန်ဆုကို မမျှော်လင့်ဘဲ ရရှိခဲ့တဲ့အတွက် အဖွဲ့ဝင်တွေက အံ့အားသင့်ခဲ့ရပြီး အဆိုပါဆုနဲ့ပတ်သက်တဲ့ခံစားချက်တွေကိုလည်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့်ဖော်ပြခဲ့ကြကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ဝင်လေးဦးပါဝင်တဲ့ "One Direction" တေးဂီတအဖွဲ့ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၂ ရက်က လန်ဒန်မြို့မှာ ကျင်းပခဲ့တဲ့ ဗြိတိန်ဂရမ်မီဆုပေးပွဲလို့ ခေါ်ဆိုကြတဲ့ "Brit Awards" တေးဂီတထူးချွန်ဆုပေးပွဲကြီးမှာ အဖွဲ့ရဲ့နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းလှုပ်ရှားမှုတွေဟာလည်း အချိန်အတိုင်းအတာတစ်ခုအထိ ပြတ်တောက်ခဲ့ရပြီး တစ်ကိုယ်တော်လှုပ်ရှားမှုတွေသာ ရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ One Direction ဖြစ်ပြီး One Direction ဟာလည်းကျွန်တော်တို့နဲ့အတူ အမြဲရှိနေမယ့်အရာဖြစ်ပါတယ်" လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ယင်းဆုပေးပွဲအခမ်းအနားကို ကိုယ်တိုင်ကိုယ်ကျတက်ရောက်ကာ ဆုလက်ခံရယူနိုင်ခဲ့ခြင်းမရှိပေမယ့်လည်း အခြားသောအဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဟယ်ရီစတိုင်၊ နီးလ်ဟော်ရန်နဲ့ လူးဝစ်တွမ်လင်ဆန်တို့ကလည်း အဆိုပါထူးချွန်ဆုနဲ့ပတ်သက်ပြီး သူတို့ရဲ့ခံစားချက်တွေကို လူမှုကွန်ရက်မီဒီယာတွေဖြစ်ကြတဲ့ အင်စတာဂရမ်စာမျက်နှာတွေပေါ်ကနေ တစ်ဆင့် ရေးသားဖော်ပြခဲ့ကြပါတယ်။ တွမ်လင်ဆန်က "ဒါဟာ ကျွန်တော်တို့အတွက်တကယ်ကိုငရဲလို့ဆိုခဲ့တာပါပဲ"လို့ ရေးသားဖော်ပြခဲ့ပြီး နီးလ်ကတော့ ခုထက်ထိ အံ့သြနေတုန်းပါလို့ ဖော်ပြခဲ့ကာ ဟယ်ရီစတိုင်ကတော့ မယုံကြည်နိုင်စရာပါပဲလို့ မှတ်ချက်ပေးခဲ့ပါတယ်။

ယခုတစ်ကြိမ်အဆိုပါထူးချွန်ဆုကို လက်ခံရရှိခဲ့ခြင်း



"History"အတွက် တစ်နှစ်တာရဲ့ ဗြိတိန်တေးသံရှင်တေးဗီဒီယိုဆုကို ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ "One Direction "ဟာ အဆိုပါထူးချွန်ဆုအတွက် ဆန်ခါတင်စာရင်းမှာပါဝင်ခဲ့ကြတဲ့ "One Direction" ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဇေးမာလိခ်ရဲ့ "Pillowtalk" တေးဗီဒီယိုအပါအဝင် အခြားသောတေးသံရှင်ကိုးဦးရဲ့ တေးဗီဒီယိုတွေကိုကျော်ဖြတ်ခဲ့ကာ ယင်းဆုကို သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။

အဆိုပါထူးချွန်ဆုကိုတော့ "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီယမ်ပိန်းတစ်ဦးတည်းသာ တက်ရောက်ကာ ဆုလက်ခံရယူခဲ့ပြီး ဆိုင်မွန်ကော်ဝဲလ်က ချီးမြှင့်ပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ လီယမ်ပိန်းက ယင်းဆုကို လက်ခံရယူခဲ့ပြီးနောက် အမှတ်တရစကားပြောကြားခဲ့ရာမှာ သူက "ကျွန်တော်အနေနဲ့ အခြားသောအဖွဲ့ဝင်တွေရဲ့ကိုယ်စား ဒီလိုစကားပြောနေတယ်ဆိုတာလည်း သိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုအချိန်အထိ ထူးချွန်ဆုတွေလက်ခံရရှိနေသေးတယ်ဆိုတာကို မယုံနိုင်ဖြစ်ရပါတယ်။ ကျွန်တော်တို့ရဲ့ တေးဂီတကြောင့် "One Direction"တေးဂီတအဖွဲ့ဟာ လေးနှစ်ဆက်တိုက် တစ်နှစ်တာရဲ့ ဗြိတိန်တေးသံရှင်တေးဗီဒီယိုဆုကို သိမ်းပိုက်နိုင်ခဲ့တဲ့ တေးဂီတအဖွဲ့ဖြစ်လာခဲ့ပါတယ်။ "One Direction" ဟာ အဆိုပါထူးချွန်ဆုကို ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်ကစတင်ပြီး ယခုနှစ်အထိ သိမ်းပိုက်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၄ခုနှစ်က ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲမှာ "One Direction" ဟာ "Best Song Ever" တေးသီချင်းနဲ့လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှာတော့ " You & I "တေးသီချင်းနဲ့လည်းကောင်း၊ ၂၀၁၆ခုနှစ်မှာတော့ "Drag Me Down"တေးသီချင်းနဲ့လည်းကောင်း အဆိုပါထူးချွန်ဆုကို ဆွတ်ခူးခဲ့တာဖြစ်ပြီး ယခုနှစ်မှာတော့ "One Direction" အဖွဲ့ဝင်တွေနဲ့ ပရိသတ်တွေအကြားက အမှတ်တရတွေကို စုစည်းဖန်တီးထားတဲ့ "History" တေးဗီဒီယိုနဲ့ သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ယခုနှစ်မှာရရှိခဲ့တဲ့ ထူးချွန်ဆုဟာ ဂီတသက်တမ်းတစ်လျှောက်"One Direction"ရဲ့ ခုနစ်ခုမြောက်ဗြိတိန်တေးဂီတထူးချွန်ဆုဖြစ်လာခဲ့ကြောင်းလည်း သိရပါတယ်။




## အဖွဲ့တည်ထောင်ခြင်း (၁၀) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် "Girls' Generation" ၏ တေးအယ်လ်ဘမ်သစ် ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"ဟာ ယခုနှစ်အတွင်းကျရောက်မယ့် အဖွဲ့တည်ထောင်ခြင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တေးအယ်လ်ဘမ်သစ်တစ်ခုကိုထုတ်လွှင့်သွားမှာဖြစ်ပြီး လတ်တလောမှာတော့ အဆိုပါတေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေပြုလုပ်နေကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၂ ရက်မှာ အဆိုပါတေးဂီတအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးရဲ့ ပြောကြားချက်အရ ယင်းတေးအယ်လ်ဘမ်သစ်ကို လာမယ့်နွေရာသီအမီ ထုတ်လွှင့်သွားမှာဖြစ်ကြောင်းနဲ့ လာမယ့် ဇူလိုင်လကုန်ပိုင်းမှာ ထုတ်လွှင့်သွားနိုင်ဖွယ်ရှိကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

"Girls' Generation"အဖွဲ့ဝင်အချို့ဟာလည်း ယခုနှစ်စပိုင်းကစတင်ပြီး တစ်ကိုယ်တော်တေးသီချင်းတွေကို ထုတ်လွှင့်ခဲ့ကာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်ဟာလည်း သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ယခုလကုန်မှာ စတင်ထုတ်လွှင့်သွားဖို့ စီစဉ်ထားပါတယ်။ အလားတူအခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဆိုးဟွန်ဟာလည်း ယခုနှစ်အတွင်းတစ်ကိုယ်တော်တေးအယ်လ်ဘမ်ထွက်ရှိဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ ယခုလိုအဖွဲ့ဝင်တွေရဲ့ ပြန်လည်လှုပ်ရှားလာတဲ့ တေးဂီတသစ်တွေနဲ့အတူ ၂၀၀၇ ခုနှစ်က တေးဂီတအဖွဲ့ကို စတင်တည်ထောင်ခဲ့တဲ့ ယင်းတေးဂီတအဖွဲ့ဟာလည်း ဂီတသက်တမ်း (၁၀)ပြည့်မယ့် ယခုနှစ်အတွင်းမှာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်တစ်ခုကို ထုတ်လွှင့်သွားဖို့ စီစဉ်နေတာဖြစ်ကြောင်း သိရပါတယ်။

ယခုလို ဂီတသက်တမ်း (၁၀)နှစ်ပြည့်အထိမ်းအမှတ်တေးအယ်လ်ဘမ်ထုတ်လွှင့်သွားရန် စီစဉ်ထားကြောင်းကိုတော့ "Girls' Generation" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်ကလည်း အစီအစဉ်တစ်ခုမှာထုတ်ဖော်ပြောကြားခဲ့ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ အဖွဲ့ရဲ့နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း "Lion Heart"ထွက်ရှိပြီးနောက် လွန်ခဲ့တဲ့ နှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ထုတ်လွှင့်သွားမယ့်တေးအယ်လ်ဘမ်ဖြစ်လာမှာဖြစ်ပြီး တေးအယ်လ်ဘမ်နဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

## ကြေးမုံ ရုပ် ရှင် အ ညွှန်း

## Resident Evil ၏ ဇာတ်ကားသစ် ရုံတင်ပြသမည်

Resident Evil သိပ္ပံအက်ရှင်ဇာတ်လမ်းတွဲများ၏ နောက်ဆုံးဇာတ်လမ်းတွဲအဖြစ် ထွက်ရှိလာခဲ့သည့် Resident Evil: The Final Chapter ဇာတ်ကားကို ယနေ့မှ စတင်ကာ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြချိန် ၁ နာရီခွဲခန့်ကြာမြင့်မည့် Resident Evil ၏ ဆဋ္ဌမမြောက်ဇာတ်ကားဖြစ်သည့် ယင်းဇာတ်ကားတွင် ပင်တိုင်မင်းသမီး မယ်လာဂျိုဗိုဗစ်၊ အယ်လီလာတာနှင့် ကနေဒါမင်းသား ရှန်ရောဘတ်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဇာတ်လမ်းအမြည်းကို မိတ်ဆက်ပေးရလျှင် ပျက်စီးယိုယွင်းနေသည့် အမေရိကန်၏မြို့တော် ဝါရှင်တန်ဒီစီမှာ အသက်မသေဘဲ တစ်ဦးတည်းကျန်ရစ်ခဲ့သည့် လူသားတစ်ယောက်ဖြစ်သည့် အဲလေ့စ် (မယ်လာဂျိုဗိုဗစ်)၏ လူသားမျိုးနွယ်စုကို ကယ်တင်ပုံတွေကို ရင်သပ်ရှုမောဖွယ် တင်ဆက်ထားတဲ့ဇာတ်ကားဖြစ်သည်။



အဲလေ့စ်ဟာ မြို့ကြီးများအားပျက်စီးစေသည့် ကူးစက်ရောဂါပြန့်ပွားမှုကို စတင်ဖြစ်ပေါ်စေခဲ့သော လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ရက်ကွန်းမြို့တော်ကို အချိန်မီသွားပြီး ယင်းမြို့၌ ဖခင်ဖြစ်သူတည်ထောင်ခဲ့သည့် အမ်ဘရဲလား ကော်ပိုရေးရှင်းကြီး၏ လက်ကျန်အဖွဲ့သားများနှင့်အတူ အခြားလက်ကျန်လူသားမျိုးနွယ်စုတွေကို ကယ်တင်ရမည် ဖြစ်သည်။

အဲလေ့စ်တွင် ရက်ကွန်းမြို့တော်မှ လူသားမျိုးနွယ်စုများကို ကယ်တင်နိုင်မည့် ကူးစက်ရောဂါပျောက်ဆေး (T-Virus)ရှိနေခဲ့ပြီး ဖခင်ဖြစ်သူကိုလုပ်ကြံခဲ့သည့် လူဆိုးကြီးဝက်စ်ကာကိုလည်း လက်စားချေရမယ့်တာဝန်ရှိနေသည်။ ဇာတ်လိုက်တော် အဲလေ့စ်အနေဖြင့် ရက်ကွန်းမြို့တော်ကို သွားရာလမ်းကြောင်းမှာ ကြီးမားသည့် ကူးစက်ရောဂါခံစားနေရသော ရက်စက်ပြီး တိုက်ခိုက်စားသောက်ဖို့စိတ်အားထက်သန်နေကြသည့် ဖုတ်ကောင်လူသားတွေနှင့်အတူ မျိုးရိုးဗီဇပြုပြင်မှုကြောင့် ပေါ်ထွက်လာသည့် ထူးဆန်းသော သတ္တဝါကြီးများ၏အန္တရာယ်ကို သုတ်သင်ချေမှုန်းပြီး မြို့တော်ကို အချိန်မီသွားရာမှာ သူ၏ မဟာလူသားစွမ်းအားနှင့်အတူ အခြားသော မိတ်ဆွေလူစွမ်းကောင်းတွေကို ဘယ်လိုရှာဖွေပူးပေါင်းကာ လူသားမျိုးနွယ်တွေကို ကယ်တင်မလဲဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ယင်းဇာတ်ကားကို ယခုတစ်ပတ်တွင် မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂)မြေနီကုန်း၊ နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မင်္ဂလာဒိုင်းမွန်း၊ မင်္ဂလာထွန်းသီရိ၊ ပဲခူးနှင့် မကွေးမြို့တို့ရှိ မင်္ဂလာရုပ်ရှင်ရုံတို့တွင် ယနေ့ (ဖေဖော်ဝါရီ ၂၄ ရက်)မှ စတင်ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(မျိုးစန္ဒာမောင်)**

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်ညီညီအောင်ဦးဆောင်သည့် မှုခင်းပညာပေးပြခန်းယာဉ်သည် ကျေးလက်နေပြည်သူလူထုအတွင်း မှုခင်းအသိပညာ ရောက်ရှိနိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက နွားထိုးကြီး မြို့မစည်ပင်သာယာဈေးရှေ့၌ မှုခင်းပညာပေးမှတ်တမ်းဓာတ်ပုံများပြသခြင်းနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

မှုခင်းအသိပညာပေး ဟောပြောခြင်းကို နွားထိုးကြီးမြို့နယ် ရဲတပ်မှူး ရဲမှူးမြင့်စိုး၏စီစဉ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်ဦးက မှုခင်းမဖြစ်ပွားရေးအတွက် ရှောင်ရန်၊ဆောင်ရန်များနှင့် လောင်းကစားမှုနှင့်ပတ်သက်၍ ဖြစ်မှုဖြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ဒုရဲအုပ်မြင့်သိန်းက လူကုန်ကူးမှုအကြောင်းသိကောင်းစရာများနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအကြောင်းကိုလည်းကောင်း၊ မြင်းခြံခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၉၅)ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုတိယရဲမှူးလှသိန်းက လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းအကြောင်းကိုလည်းကောင်း၊ ဒုရဲအုပ်မျိုးသူရအောင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ဖြစ်မှု၊ ဖြစ်ဒဏ်နှင့်သက်ငယ်မုဒိမ်းဖြစ်ပွားရခြင်း အကြောင်းကိုလည်းကောင်း အသီးသီး ဟောပြော၍ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါမှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲသို့ဈေးသူ၊ ဈေးသားများ၊ ဒေသခံပြည်သူများကလာရောက် လေ့လာခဲ့ပြီး အလားတူ မှုခင်းပညာပေးယာဉ်ဖြင့်မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို အဆိုပါနေ့ မွန်းလွဲ ၁ နာရီက ပြင်စည်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီးတွင် ပြုလုပ်ရာ ကျောင်းသား၊ကျောင်းသူများ၊ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်(ပြန်/ဆက်)**

## လုပ်ငန်းရှင်များနှင့်စားသုံးသူများအား အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄) ပြဋ္ဌာန်းချက်များကို ကျင့်သုံး၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာကိစ္စရပ်များအား လုပ်ငန်းရှင်များနှင့် စားသုံးသူများအား ဖိတ်ကြား၍ အသိပညာပေးဆွေးနွေးပွဲကိုဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများကို မိတ်ဆက်ရှင်းလင်း ပြောကြားပြီး မြန်မာနိုင်ငံစားသုံးသူသမဂ္ဂမှ အတွင်းရေးမှူး ဦးမောင်မောင်က စားသုံးသူအခွင့်အရေးနေ့နှင့် နိုင်ငံတကာတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချို က ဝန်ဆောင်မှုကဏ္ဍနှင့် စားသုံးသူအခွင့်အရေးဆိုင်ရာများကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ အထောက်အကူပြုရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က စားသုံးသူအကာအကွယ်ပေးရေး တည်ဆဲဥပဒေ (၂၀၁၄)နှင့်အညီ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုရှင်းလင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(ရွှေကုက္ကို)**



## ရေဝပ်၊ ရေလျှံသောနေရာများအား ရေနုတ်မြောင်းများ၊ ကွန်ကရစ်တံတားများ တည်ဆောက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော်စည်ပင်သာယာရေး ကော်မတီအင်ဂျင်နီယာဌာန (လမ်း၊ တံတား) မှ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်တွင် ပြည်သူများ သွားလာမှုလွယ်ကူစေရန်နှင့် ရေစီးရေလာ ကောင်းမွန်ပြီး မိုးရာသီတွင် ရေဝပ်ခြင်း၊ ရေလျှံခြင်းမဖြစ်ပေါ်စေရေးအတွက် ရေဝပ်သော နေရာများနှင့် ရေလျှံတတ်သည့် နေရာများ၌ ရေနုတ်မြောင်းများ၊ ကွန်ကရစ်တံတားများ တည်ဆောက်ပေးလျက်ရှိသည်။

ယင်းသို့ တည်ဆောက်ရာတွင် ပျဉ်းမနားမြို့တွင်းရှိ ဆင်ရတနာကွေ့၊ ရွှေချို(၉)လမ်း၊ ရွှေချို(၆)လမ်း၊ တောင်သာမြို့ပတ်လမ်းနှင့် ဗိုလ်တာရာလမ်းတွင် နှစ်စဉ်မိုးရာသီတွင် ရေဝပ်ခြင်း၊ မိုးသည်းထန်းစွာရွာသွန်းပါက ရေလျှံခြင်းများဖြစ်သောကြောင့် အဆိုပါနေရာများတွင် အုတ်စီရေနုတ်မြောင်း ပေ ၅၅၀ နှင့် ကွန်ကရစ်တံတား ၁၆ စင်းကို တည်ဆောက်ပေးလျက်ရှိသည်။

အဆိုပါ ရေနုတ်မြောင်းနှင့် ကွန်ကရစ်တံတားတည်ဆောက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ငွေလုံးငွေရင်း (ဖြည့်စွက်) ရန်ပုံငွေ ကျပ်(၆၃ ဒသမ ၈၁)သန်းဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း၊တံတား)မှ တာဝန်ယူ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## အခြေခံမွေးမြူရေးလုပ်သားသင်တန်း သံဖြူဇရပ်မြို့တွင် ဖွင့်လှစ်

**သံဖြူဇရပ် ဖေဖော်ဝါရီ ၂၃**

သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံမွေးမြူရေးလုပ်သား(CAHW)သင်တန်းဖွင့်လှစ်ခြင်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းငွေထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး အဆိုပါ ဖွင့်လှစ်သည့် အခြေခံမွေးမြူရေးလုပ်သားသင်တန်းသို့ ကျေးရွာအုပ်စု ၁၂ ခုမှ လူငယ်သင်တန်းသား ၁၆ ဦး တက်ရောက်ခဲ့သည်။

သင်တန်းကို ဖေဖော်ဝါရီ ၂၅ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## မနောသုခစပါးမျိုးကို SRI စနစ်ဖြင့် ပျိုးထောင်ခြင်းဆောင်ရွက်

**ထီးလင်း ဖေဖော်ဝါရီ ၂၃**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးရန် ရေသွင်းခြင်း၊ မြေပြင်ခြင်း၊ ထွန်ယက်ခြင်းများ ဆောင်ရွက်နေကြသည့်အပြင် နွေစပါးစိုက်ပျိုးမည့် မနောသုခစပါးမျိုးအတွက် SRI စနစ်ဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မနောသုခ စပါးမျိုးများကို စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဖေဖော်ဝါရီ ၂၁ ရက် နံနက်က SRI စနစ်ဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငွေဆန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်ဦးတို့နှင့် ဝန်ထမ်းများက ထလင်းကွင်းရှိ လယ် ငါးဧကအတွက် SRI စနစ်ဖြင့် စတင်ပျိုးထောင်ပေးခဲ့ကြသည်။

အဆိုပါ မနောသုခစပါးမျိုးများမှာ ၉၉ ရာခိုင်နှုန်း သန့်စင်ထားပြီး အစိုဓာတ် ၁၃ ရာခိုင်နှုန်းရှိကာ အပင်ပေါက်နှုန်း ၉၀ ရာခိုင်နှုန်းရှိသည့် မနောသုခ စပါးမျိုးများကို SRI စနစ်ဖြင့် ပေါင်များပြုလုပ်၍ ပျိုးထောင်ခြင်းဖြစ်ပြီး ပျိုးပင်သက်တမ်းနုနုတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထီးလင်းမြို့နယ်တွင် သရခါ၊ အနောက်ဘက်ရပ်မကွင်းနှင့် ထလင်း၊ ပုဏ္ဏားစသည့် ကျေးရွာများဒေသ ထလင်းကွင်းတို့ရှိ လယ်မြေများတွင် နွေစပါးကို စိုက်ပျိုးကြမည်ဖြစ်ကာ လိုအပ်သည့် စိုက်ပျိုးရေအတွက် တောင်ဘက်အရပ်မှ မြောက်ဘက်အရပ်ဒေသသို့ စီးဆင်းသည့် မောချောင်းမှရေကို သွယ်ယူကြကြောင်း သိရသည်။

**(၄၆၅)**



## ပွင့်ဖြူမြို့နယ်တွင် သဘာဝဘေးလျော့ပါးရေး(ဆင့်ပွား)သင်တန်းဖွင့်လှစ်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် (ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်စိုးမှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား ပွင့်ဖြူမြို့နယ် အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ သင်တန်းသား ၃၀ တက်ရောက်ခဲ့သည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့များဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်။

**သူရထွန်း(ပွင့်ဖြူ)**

## လူငယ်များအလုပ်အကိုင်ရရှိရေး ကွန်ပျူတာပညာဒါနသင်တန်း ရေဦး၌ဖွင့်လှစ်

**ရေဦး ဖေဖော်ဝါရီ ၂၃**

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးစီမံချက်ဖြင့် ကွန်ပျူတာပညာဒါနသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန OSS ရုံး၌ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် စာရင်းဇယားများဖန်တီးခြင်း၊ တင်ပြချက်များဖန်တီးခြင်း၊ ရုံးစာ၊ ဖိတ်စာ၊ သတင်းစာ၊ ကြော်ငြာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများ ပုံနှိပ်ခြင်းသင်ခန်းစာများ သင်ကြားပေးသည်။

သင်တန်းသို့ ပညာအရည်အချင်း၊ အသက်အရွယ် ကန့်သတ်ချက်မရှိ တက်ရောက်နိုင်ပြီး နံနက် ၇ နာရီမှ ၉ နာရီအတွင်း နှစ်သက်ရာအချိန်များကို ရွေးချယ်တက်ရောက်နိုင်အောင် စီစဉ်ပေးထားကာ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြှိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်

**မြစ်သား ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်း ဒေသကြီး မြစ်သားမြို့ မြို့နယ်မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်းအဖွဲ့များကမီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မြစ်သားစည်ပင်သာယာဈေးကြီးအတွင်းတွင် ဖေဖော်ဝါရီ ဒုတိယပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်အဖွဲ့အစည်းများဖြစ်သော စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ လျှပ်စစ်၊ စည်ပင်သာယာရေးကော်မတီ၊ ဈေးကော်မတီတို့ ပူးပေါင်းသောအဖွဲ့များက ဈေးကော်မတီရုံးတွင် မီးဘေးလုံခြုံရေးစီမံချက်ကို စစ်ဆေးပြီး ဈေးအတွင်းရှိ ကားအဝင်အထွက်လမ်းများ၊ ရေစင်များ၊ ရေကန်များ၊ ရေပိုက်များနှင့်မီးသတ်ဆေးဘူးများ၊ရေပုံး၊ သဲပုံး၊ မီးချိတ်မီးကပ်များကို စစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ မီးလောင်လျှင် လျင်မြန်စွာ မီးငြှိမ်းသတ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ရေးယာဉ် နှစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မီးငြှိမ်းသတ်ရေးယာဉ်တစ်စီးတို့က ပူးပေါင်းကာ လက်တွေ့မီးငြှိမ်းသတ်မှုကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ခြောက်လပတ် (သြဂုတ်လမှ ဇန်နဝါရီလအထိ) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့သည်။

ယခင်လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များကို လုပ်ငန်းအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများကို ယနေ့အစည်းအဝေးတွင် ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိဒေသ၊ မိမိမြို့နယ်၊ မိမိပြည်နယ်၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးတာဝန်သိစိတ်ဖြင့် ရည်မှန်းချက်တာဝန်များ ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်သွားကြရန်လိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုများအားလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်များအား အကောင်အထည်ဖော်နေမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





# တောင်သူများအားဂုဏ်ပြုခြင်းနှင့်ပညာပေးဟောပြောပွဲကျင်းပ

**မုံးထ ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မုံးထမြို့စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ ပိုမိုသိရှိကျွမ်းဝင်ပြီး စနစ်တကျစိုက်ပျိုးလာစေရန်နှင့် စီးပွားရေးတွက်ခြေကိုက်သည့် ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိလာပြီး လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးအထောက်အကူပြု တောင်သူများအားဂုဏ်ပြုခြင်းနှင့် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးမောင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးစည်သူအောင်နှင့် ဦးအောင်စိုးနိုင်တို့က စပါး၊ မြေပဲ၊ ပဲပုပ်၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့ကို မိရိုးဖလာစိုက်ပျိုးနည်းမှသည် နည်းစနစ်တကျစိုက်ပျိုးနိုင်ရေး အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တောင်သူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ ဂုဏ်ပြုခံတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန် /ဆက်)**

# တာပေါင်နိမ့်သောနေရာများအား မြေသားတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

**ရေကြည် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစီအစဉ်ဖြင့် ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ ငါးသိုင်းချောင်းမြို့အတွင်းရှိ ဝဝန်ရေကာတာ တာပေါင်နိမ့်သောနေရာများအား မြေသားတာပေါင်နှစ်ပေ မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ငါးသိုင်းချောင်းမြို့ရှေ့ဆောင်ရပ်ကွက်ရှိ တာမိုင်(၄၇/၁)နှင့်(၄၇/၄)ကြား တာပေါင်နိမ့်သောနေရာများအား မြေသားတာပေါင်အမြင့် နှစ်ပေခန့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာပေါင်မြှင့်တင်ရာနေရာသို့ ငါးသိုင်းချောင်းမြို့ ခေတ္တအုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့်ကယ်ဆယ်ရေးကော်မတီဝင်များလာရောက်လေ့လာကြည့်ရှုခဲ့ကြပြီး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းမော်က တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရေကြည်မြို့နယ်အတွင်းရှိ ဝဝန်ရေကာတာအရှည်မိုင် ၂၂ မိုင်အတွင်း တာပေါင်နိမ့်သောနေရာ ၁၁ နေရာ၌ မြေသားတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများအား ယခုဖေဖော်ဝါရီလကုန်ပိုင်းတွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်နိုင်ရေး ကျောက်စိမ်းအသားကျောက်များမြန်မာကျပ်ငွေဖြင့်ရောင်းချရန်စီစဉ်

**မန္တလေး ဖေဖော်ဝါရီ ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကျောက်စိမ်းအသားကျောက်များနှင့် ကျောက်မျက်ရိုင်းများကို မြန်မာကျပ်ငွေဖြင့် နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ရောင်းချရန်စီစဉ်လျက်ရှိသည်။

ကျောက်မျက်ရတနာပြပွဲသို့ ခွင့်ပြုမိန့် ရယူ၍ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကျောက်မျက်ရတနာ ကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။



မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေနှင့်အညီခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး နိုင်ငံသားရတနာကုန်သည်များသတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့်ဝင်ကြေးပေးသွင်းရမည်ဖြစ်သည်။

ကျောက်စိမ်းကျောက်မျက်အတွဲများကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၉ ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံဈေးနှုန်း ညှိနှိုင်းသတ်မှတ်ခြင်းများဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျောက်မျက် တူးဖော်ရေးဌာန (မန္တလေး)သို့ ကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိ

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်အဖွဲ့သည် ကမ္ဘာ့ဘဏ်နှင့် ကျေးလက်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း (CDD) ဆောင်ရွက်လျက်ရှိသည့် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (CDD) ရုံး၌ ဖေဖော်ဝါရီ ၁၉ ရက်က စီမံကိန်းဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကြောင်းသိရသည်။

ယင်းသို့ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးကို အဓိကထားဆောင်ရွက်ကြရန်၊ စီမံကိန်းဝန်ထမ်းများသည် ဒေသခံများဖြစ်သဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို စေတနာထားဆောင်ရွက်ကြရန်နှင့် ကျေးရွာလူထုများနှင့်အတူ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့သည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်း (CDD)သည် ကွမ်းခြံကုန်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်ထိ လေးနှစ်ဆက်တိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ငွေများပေးအပ်သွားမည်ဖြစ်သည်။ ၎င်းထောက်ပံ့ငွေဖြင့် ကျေးရွာလူထုမှ ရွေးချယ်သည့်လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး မြေနေရာအား သွားရောက်စစ်ဆေးခဲ့ သည်။

**သရဖီ(ကွမ်းခြံကုန်း)**

# ဆိတ်ဖူးရေလွှဲဆည်နှင့် ခြောက်ထောင်ရေလွှဲ ဆည် ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဆိတ်ဖူးရေလွှဲဆည်နှင့် ခြောက်ထောင်ရေလွှဲဆည်တို့မှာ ယခင်က ဒေသခံတောင်သူများ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပျက်စီးသွားခဲ့သဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးရေအခက်အခဲနှင့် ကြုံတွေ့နေသဖြင့် စိုက်ပျိုးရေလိုအပ်ချက်အား လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ညှိနှိုင်းပေါင်းစပ်ကာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲမှုဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ကြောင်းသိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ မကွေးတိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၂ ရက်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံနှုန်းများနှင့်အညီ လုပ်ငန်းများအချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

ယခု ဆောင်ရွက်လျက်ရှိသည့်ရေလွှဲဆည်များ ပြီးစီးသွားပါကဒေသခံတောင်သူများ၏လယ်ဧက ၂၂၆၀ ကျော် မိုးစပါးအပါအဝင် နွေမိုးဆောင်းသုံးရာသီလုံး သီးထပ်သီးညှပ်များနှင့် သီးနှံမျိုးစုံ အချိန်မရွေးစိုက်ပျိုးနိုင်တော့မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများမွေးမြူထားသည့် ကျွဲ၊ နွား၊ တိရစ္ဆာန်များသောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်းနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကိုများစွာ အထောက်အကူပြုပါကြောင်း ဒေသခံတောင်သူတစ်ဦးကပြောသည်။

**နိုင်ဝင်း**

## လူထုဗဟိုပြုစီမံကိန်း ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**ကျောက်တန်း ဖေဖော်ဝါရီ ၂၃**
စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၃ ရွာတွင် ဆောင်ရွက်လျက်ရှိသည်။

ယခင်ကျောက်တန်းမြို့နယ် ပီလခတ်ကျေးရွာ၌ ကျင်းပခဲ့သည့် လူထုစည်းရုံးရေးမှူး ဦးစိုးထိုက်အောင်နှင့် လက်ထောက်နည်းပညာမှူး ဒေါ်မျိုးဟေမာန်လင်းတို့က ကျေးရွာသူ၊ ကျေးရွာသားများနှင့် စီမံကိန်းမိတ်ဆက်အစည်းအဝေးပြုလုပ်ခြင်း၊ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း၊ ကျေးရွာအတွင်းရှိ အခြေခံအချက်အလက်များ ဖော်ထုတ်ရေးဆွဲခြင်း၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းခြင်းတို့ကို ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ ဖော်ထုတ်ဆောင်ရွက်ရာ ကျေးရွာသူ၊ ကျေးရွာသားများကလည်း တက်ကြွစွာ ပူးပေါင်းပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

## ထီးချိုင့်မြို့၌ ခွေးရူးကာကွယ်ဆေး ARV များ အခမဲ့ထိုးနှံပေးလျက်ရှိ

**ထီးချိုင့် ဖေဖော်ဝါရီ ၂၃**
အများပြည်သူများနှင့် ကျောင်းပိတ်ရက်တွင် ကလေးသူငယ်များ ခွေးရူးအန္တရာယ်ကင်းဝေးစေရန်နှင့် နှစ်စဉ်အဆိပ်ကျွေး၍ သုတ်သင်ရှင်းလင်းခံရခြင်းဘေးမှ လွတ်ကင်းစေရန် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာသန့်ဆွေဦးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက မြို့မဈေး၊ ပြည်သူ့ဆေးရုံ၊ ဘုန်းတော်ကြီးကျောင်းများရှိ ပိုင်ရှင်မဲ့ခွေးအကောင်ရေ ၂၀၀ ကျော်ကို ARV ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ယခုထိုးနှံပေးသော ARV ခွေးရူးကာကွယ်ဆေးများကို တန့်ဆည်မြို့မှ ဒေါက်တာကျော်ကျော်ဦးနှင့် ထီးချိုင့်မြို့ မွေး/ကုဌာနက ဝန်ထမ်းများကလှူဒါန်းခြင်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများရှိ ပိုင်ရှင်မဲ့ခွေးများကို ထပ်မံထိုးနှံပေးရန် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်လိုက်မြို့ရှေ့နဒီဆိပ်ကမ်း၊ အလုပ်သမားရုံးဆိပ်ကမ်း မြေထိန်းနံရံနှင့် တမံတည်ဆောက်မှု ရာခိုင်နှုန်းပြည့်နီးပါးပြီးစီး

**မော်လိုက် ဖေဖော်ဝါရီ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ ရှေ့နဒီဆိပ်ကမ်းနှင့် အလုပ်သမားရုံးဆိပ်ကမ်းသည် ၂၀၁၆ ခုနှစ် ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျခြင်း၊ အလုပ်သမားရုံးဖျက်ခဲ့ရသည်အထိ မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်စဉ်များကြောင့် နောက်နှစ်များတွင် မြစ်ကမ်းပါးပြိုကျမှုများ ဆက်လက်မဖြစ်ပွားစေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် ရှေ့နဒီဆိပ်ကမ်းနှင့် အလုပ်သမားဆိပ်ကမ်းအား ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့်တမံ တည်ဆောက်နေမှုမှာ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ကမ်းပြိုကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့် တမံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ထိန်းသိမ်းရေးရန်ပုံငွေကျပ်သန်း ၁၁၀ ဖြင့် အလျားပေ ၁၆၀ ရှိသည့် ရှေ့နဒီဆိပ်ကမ်း မြေထိန်းနံရံနှင့် ကျပ်သန်း ၁၀၀ ဖြင့် အလုပ်သမားရုံးဆိပ်ကမ်း မြေထိန်းနံရံတို့ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစတင်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ ယခုအချိန်တွင် အဆိုပါမြေထိန်းနံရံနှစ်ခုဆောက်လုပ်မှုမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကြောင်း ယင်းမြေထိန်းနံရံများအား တာဝန်ယူ၍ အနီးကပ်ကြီးကြပ်နေသည့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်အောင်ထံမှ သိရသည်။

"ကျွန်တော်တို့ မော်လိုက်မြို့မှာ နှစ်စဉ်နီးပါး မြစ်ကမ်းပါးပြိုကျနေတဲ့ ရှေ့နဒီဆိပ်ကမ်းနဲ့ အလုပ်သမားရုံးဆိပ်ကမ်း မြစ်ကမ်းပါးပြိုကျမှုများ ဆက်လက်မဖြစ်ပွားစေရန် ယခုလို မြေထိန်းနံရံကို သေချာစွာဆောက်လုပ်ပေးနေမှုကို မြင်တွေ့ရသည့်အတွက် ဝမ်းသာ လှပါတယ်။ ယခုလို မြေထိန်းနံရံဆောက်လုပ်ပြီးစီးသွားပါက ရှေ့နဒီဆိပ်ကမ်း၊ အလုပ်သမားရုံးဆိပ်ကမ်း မြစ်ကမ်းပါးပြိုကျမှုနဲ့ မြို့ဧရိယာထိခိုက်ဆုံးရှုံးမှုများ ဆက်လက်မဖြစ်ပွားနိုင်လို့ ကျွန်တော်တို့မြို့ဆိပ်ကမ်းအတွက် အလွန်ပင် အကျိုးရှိလှပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

**မော်လိုက်သားလေး**

# ယက္ကန်းစင်တောင်အား ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန် ကွင်းဆင်းဆောင်ရွက်

**မတ္တရာ ဖေဖော်ဝါရီ ၂၃**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်အား ကြိုးပြင်ကာကွယ်တောသတ်မှတ်ဖွဲ့စည်းရန်အတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို တိုင်းဒေကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းဇော်၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကျော်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးစန်းလှိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ယင်းနောက် သစ်တောဦးစီးဌာနနှင့် ဆက်စပ်ဌာနများမှ ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန်အတွက် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ယက္ကန်းစင်တောင်ဒေသသည် ယခင်က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဟု နာမည်ကျော်ကြားခဲ့သော ယက္ကန်းစင်ဆရာတော်ကြီး ဦးဩဘာသ၏ စတင်သတင်းသုံး ထွက်ရပ်ပေါက်ခဲ့သောနေရာဟု သိရှိရပြီး သစ်တောဦးစီးဌာနမှ ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန် ပြီးစီးပါက ယက္ကန်းစင်တောင်ဘေးမဲ့တောဖွဲ့စည်းရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



## မီးဘေးကြိုတင်ကာကွယ်ရေး မိုင်းရှူးမြို့မဈေး၌ သရုပ်ပြလေ့ကျင့်

**မိုင်းရှူး ဖေဖော်ဝါရီ ၂၃**
ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လွိုင်လင်ခရိုင် မိုင်းရှူးမြို့ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်တားဆီးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးဘေးလုံခြုံရေးနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက မြို့မဈေးကြီးအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မီးလောင်မှုအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်မှုများ၊ မီးသတ်ဆေးဘူးများ လက်တွေ့အသုံးချပုံနှင့် မီးငြိမ်းသတ်ယာဉ်များဖြင့် လက်တွေ့မီးငြိမ်းသတ်မှုအား မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြသခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပေးအပ်

**ဗန်းမော် ဖေဖော်ဝါရီ ၂၃**
ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက ဗန်းမော်မြို့ သာစည်ရပ်ကွက်ရှိ အေဒီ (၂၀၀၀) စစ်ရှောင်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး အေဒီ(၂၀၀၀)စစ်ရှောင်စခန်းအတွက် စစ်ရှောင်စခန်းတာဝန်ခံ ဦးလဇိန်အောင်ထံ ငွေကျပ် ၇၅ သိန်း၊ ရောဘတ်စစ်ရှောင်စခန်းအတွက် စစ်ရှောင်စခန်းတာဝန်ခံ ဦးတန်ဂွန်းထံ ငွေကျပ် ၇၅ သိန်း၊ ဖန်းခါးကုန်းစစ်ရှောင်စခန်းအတွက် စစ်ရှောင်စခန်းတာဝန်ခံ ဦးဇော်ဘောက်ထံ ငွေကျပ် သိန်း ၅၀ တို့ကိုလည်းကောင်း၊ အေဒီ(၂၀၀၀)၊ ရောဘတ်၊ နန့်လှိုင်၊ ရိုးကြီးရွာမ၊ တံခွန်တိုင်၊ မိုင်းခေါင်စစ်ရှောင်စခန်းများအတွက် စစ်ရှောင်စခန်းတစ်ခုလျှင် ဆန်အိတ် ၂၀ နှင့် အနွေးထည်အဝတ်အစားများ စုစုပေါင်း ဆန်အိတ် ၁၄၀ ကို စခန်းတာဝန်ခံအသီးသီးထံသို့လည်းကောင်း၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမင်းသိန်းက ၃၂ မျိုးပါ Family Kit ၄၂ စုံနှင့် ကချင်ပြည်နယ် ကြက်ခြေနီအတွင်းရေးမှူး (ဦးစီးမှူး-ပထမတန်း) ဦးဒေါင်ဟောင်းက အိမ်သုံးပစ္စည်းလေးမျိုးပါ ၄၂ စုံကို မိုင်းခေါင်စစ်ရှောင်စခန်းအတွက် စခန်းတာဝန်ခံ ဦးနော်ဒင်းထံသို့လည်းကောင်း၊ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံမှ ဒုဆေးရုံအုပ်ကြီး ကုသရေးဌာနမှ ဒေါက်တာအောင်နိုင်ဝင်းက ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ စစ်ရှောင်စခန်းများအတွက် ကျန်းမာရေးဆေးပစ္စည်းများကို ဒေါက်တာသီသီခိုင်ထံသို့လည်းကောင်း ပေးအပ်ကြပြီး အေဒီ(၂၀၀၀) စစ်ရှောင်စခန်းကော်မတီဝင် ဦးမရူနော်ထွယ်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

**လားရှိုး ဖေဖော်ဝါရီ ၂၃**
ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက စတုတ္ထအကြိမ်မြောက် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ လားရှိုးခရိုင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းများကို နိုင်ငံတော်၏ ဦးစားပေးကျန်းမာရေးပြဿနာများကို ဖြေရှင်းရေး၊ ကျေးလက်ဒေသကျန်းမားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု (ကျန်းမာရေးဆိုင်ရာ) ရည်မှန်းချက်များပြည့်မီရေး၊ ကျန်းမာရေးစနစ်အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်လျက်ရှိသော အခြေအနေများကို တိုးတက်ကောင်းမွန်စွာဖြစ်ပေါ်လာရေး စသည့် ဦးတည်ချက်များနှင့် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ ၏ အဓိကပန်းတိုင်ရရှိစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်သူများ၊ ကျန်းမာရေးစောင့်ရှောက်မှု အကောင်အထည်ဖော်နေသည့် အဖွဲ့အစည်းများအကြား ဟန်ချက်ညီပေါင်းစည်းမှုအသွင်ရရှိရေးကို ရည်မှန်းပါကြောင်း၊ အမျိုးသားကျန်းမာရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် "ALL Inclusiveness ဆိုတဲ့အတိုင်း အားလုံးပါဝင်လက်တွဲစို့" ဟု တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာထင်လင်းက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။ စတုတ္ထအကြိမ်မြောက် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တွဲဖက်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်းရှိ ခရိုင်ကျန်းမာရေးဌာနမှ သက်ဆိုင်ရာဆရာဝန်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကျန်းမာရေးဆိုင်ရာဆရာဝန်များ၊ NGO များ၊ INGO များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

*EJrf;vmfvnfaqmuf;rwifEJrf;vmf cJyfcjcm tmPm\ cufo[djrzpfonfOya'jyjaz;/ tJcf;yfaz;/ w&m;pD&ifa&;[bnfr@dufuPDJyfzifhcicfcif tjyefvSef xe;aumif;aqmif;ufbnf[kqdkm;&m Oya'qdkm taumif;ft&m;rsm;ukdjynfbrm; oGm;vkrEdkifpma&;olarmifpm*\ Oya'E&Syfqdkmon aqmif;yf;rm;ukdtywfp0f azmfjyay;om;yrnfaqmif;yf;wif;&Gnfta'umif;ft&m;onfpma&;ol\ tmabmfbmjzpfyonf (pmwnftzGJ)*



# စီရင်ထုံးတစ်ခု ထုံးပြုရာတွင်

**မောင်စာဂ**

စီရင်ထုံးများသည် ဥပဒေပြုအဖွဲ့ကပြုသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်မဟုတ်။ အမြင့်ဆုံး တရားရုံးက စီရင်ဆုံးဖြတ်ထားသည့် တရားရုံးဆုံးဖြတ်ချက်များဖြစ်သည်။ သို့သော် ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ကဲ့သို့ အာနိသင်ရှိသည်။ စီရင်ထုံးများသည် Case-Law သို့မဟုတ် Judge- made Law များဖြစ်သည်။ စီရင်ထုံးများသည် ဥပဒေ၏အကိုင်းအခက်၊ အဖူးအညွန့်၊ အသီးအပွင့်များသည်သာ ဖြစ်သည်ဟူ၍ ပြဆိုခဲ့ပြီးပြီ။

**စီရင်ထုံးပြုခြင်း**

စီရင်ထုံးများကို ရှေးယခင်ကတည်းကစ၍ ယနေ့အချိန်ထိ နှစ်အလိုက်ပြုစုသည်။ နှစ်အလိုက် ထုတ်ဝေသည်။ နှစ်တစ်နှစ်ကုန်ဆုံးသွားလျှင် ယင်းနှစ်အတွင်းက စီရင်ဆုံးဖြတ်ခဲ့သော အမြင့်ဆုံးတရားရုံးက ချမှတ်ခဲ့သော စီရင်ချက်အားလုံးထဲမှ စီရင်ထုံးပြုထိုက်သည့် စီရင်ချက်များကို စိစစ်ရွေးချယ်ကာ စီရင်ထုံးအဖြစ် ပြုစုခြင်းဖြစ်သည်။

**အဖွဲ့ဖြင့်စိစစ်ရခြင်း**

စီရင်ထုံးတစ်ခုထုံးပြုဖို့ကိစ္စသည် အလွန်အရေးကြီးသည့်လုပ်ငန်းတစ်ရပ် ဖြစ်သည်။ ဤလုပ်ငန်းကိုအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်သည်။ ယခင်က ဒုတိယတရားသူကြီးချုပ် သို့မဟုတ် တရားရုံးချုပ်တရားသူကြီးတစ်ဦးက ဉက္ကဋ္ဌနှင့် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများက အဖွဲ့ဝင်များဖြစ်ပြီး ညွှန်ကြားရေးမှူးတစ်ဦးက အဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ယူသည်။ ၂၀၀၂ ခုနှစ် နှစ်လယ်ပိုင်းလောက်က စတင်ပြီး ဒုတိယရှေ့နေချုပ်နှင့် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ကိုပါ အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ တရားစီရင်ထုံး စိစစ်ထုတ်ဝေရေးအဖွဲ့ဟု ခေါ်ဆိုသည်။

**မည်သည့်အချက်များကို စံထား၍ စီရင်ထုံးပြုပါသနည်း**

စီရင်ထုံးပြုရမည်။ စံများကို သတ်သတ်မှတ်မှတ် ချမှတ်ထားခြင်းမရှိပါ။ လက်တွေ့ဆောင်ရွက်ခဲ့ရသည့် အတွေ့အကြုံများအရ အောက်ပါအချက်များကို အဓိကစံထား၍ စိစစ်ရွေးချယ်မှုပြုလုပ်သည်-

(၁) ယခင်က စီရင်ထုံးအဖြစ် ထုံးပြုထားခြင်းမရှိသေးသော စီရင်ချက်ဖြစ်လျှင်၊

(၂) ယခင်က စီရင်ထုံးရှိခဲ့ပြီးဖြစ်သော်လည်း ယင်းစီရင်ထုံးသည် နှစ်ကာလအားဖြင့် ကြာမြင့်နေခဲ့လျှင်၊

(၃) ယခင်က စီရင်ထုံးရှိခဲ့ပြီးဖြစ်သော်လည်း ယင်းစီရင်ထုံးထက် ပိုမိုအားကောင်းခိုင်မာသော စီရင်ချက်ဖြစ်နေလျှင်၊

(၄) ယခင်က စီရင်ထုံးကို လွှမ်းမိုး၍ ဆုံးဖြတ်ထားသော စီရင်ချက်ဖြစ်လျှင်၊

(၅) ယခင်က စီရင်ထုံးကို ပယ်ဖျက်ကြောင်း ဆုံးဖြတ်ထားသော စီရင်ချက်ဖြစ်လျှင်။

**စီရင်ထုံးတစ်ခုအဖြစ် လွဲမှားစွာထုံးပြုမိခဲ့သော်**

စီရင်ချက်တစ်ခုကို စီရင်ထုံးအဖြစ်မပြုသင့်ပါဘဲလျက် လွဲမှားစွာထုံးပြုခဲ့မိသော် တစ်စိတ်တစ်ပိုင်းအားဖြင့် တရားစီရင်ရေး တိမ်းစောင်းခြင်း (Miscarriage of Justice) ဖြစ်သွားစေနိုင်သည်ကို အထူးသတိပြုကြရမည်ဖြစ်သည်။ ကိုယ်တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်တစ်ရပ်ကို အခြေခံ၍ သင်ခန်းစာယူနိုင်ကြဖွယ် မျှဝေပါရစေ။

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ ပါ ပြဋ္ဌာန်းချက်**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ ပါပြဋ္ဌာန်းချက်၏ အဓိပ္ပာယ်အနှစ်ချုပ်မှာ အမှုတစ်ခုတွင် တရားခံတစ်ဦးအပေါ် တစ်ခုထက်ပိုသော စွဲချက်အများအပြားနှင့် စွဲချက်တင်၍ စစ်ဆေးပြီး အပြစ်ပေးသည့်အခါ စွဲချက်အားလုံးနှင့် အပြစ်မပေးဘဲ စွဲချက်တစ်ရပ် သို့မဟုတ် နှစ်ရပ်အတွက်သာ အပြစ်ပေးသည်။ ကျန်စွဲချက်များကို အပြစ်မပေးဘဲထားခဲ့လျှင် ထိုသို့အပြစ်မပေးဘဲထားသော စွဲချက်များနှင့်စပ်လျဉ်း၍ အမှုမှ အပြီးအပြတ်လွှတ်ရာရောက်ကြောင်း ပြဋ္ဌာန်းထားသည်။

**အပြီးအပြတ်(တရားသေ) လွှတ်သည့်အမိန့် ချမှတ်ခဲ့သော်**

တရားခံအားအမှုမှ အပြီးအပြတ်လွှတ်သည့်အမိန့်ကို တရားသေလွှတ်သည့်အမိန့်ဟုလည်း ခေါ်ဆိုကြသည်။ အပြီးအပြတ်လွှတ်သည့် အမိန့်ချမှတ်ခြင်းအပေါ် မကျေနပ်လျှင် အမှုမှတရားလို သို့မဟုတ် နစ်နာသူက အဆင့်မြင့်တရားရုံးသို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု တင်သွင်းခွင့်မရှိပါ။ ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ရှေ့နေချုပ်ရုံးကသာလျှင် တရားလွှတ်တော်သို့ အယူခံမှု တင်သွင်းလျှောက်ထားခွင့်ရှိသည်။

ဦးဘခင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှုတွင် မူလမြို့နယ်တရားရုံးက တရားခံအပေါ် ပြစ်မှုဥပဒေပုဒ်မ ၄၄၇ နှင့် ပုဒ်မ ၃၂၅ တို့အရ စွဲချက်နှစ်ရပ်ဖြင့် စွဲချက်တင်စစ်ဆေးပြီးနောက် ပုဒ်မ ၄၄၇ အရသာ ပြစ်မှုထင်ရှားစီရင်ပြီး ပုဒ်မ ၃၂၅ အရ ပြစ်မှုထင်ရှားမတွေ့ရှိရသဖြင့် တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အမှုမှ အပြီးအပြတ်လွှတ်သောအမိန့်ကို ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၄၁၇ အရ ဗဟိုဥပဒေရုံးကသာ ဗဟိုတရားရုံးတွင် အယူခံဝင်ရောက်ခွင့်ရှိကြောင်း၊ လျှောက်ထားသူ (တရားလို) သည်ပြင်ဆင်မှု လျှောက်ထားခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ (၁၉၇၅ ခုနှစ်၊ မတစ၊ စာ - ၆၈ ကြည့်ပါ)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးဘိုအေးအမှုတွင် ပခုက္ကူမြို့နယ် တရားရုံးက တရားခံဘိုးထွားပါ ၅ ဦးအပေါ် ပြစ်မှုဥပဒေပုဒ်မ ၄၅၂ နှင့် ပုဒ်မ ၄၂၇ တို့အရ စွဲချက်နှစ်ခုနှင့်စွဲချက်တင် စစ်ဆေးပြီးနောက် ပုဒ်မ ၄၅၂ နှင့် မငြိစွန်းကြောင်း စီရင်ချက်တွင် အတိအလင်းသုံးသပ်၍ ပုဒ်မ ၄၂၇ အရသာ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီးဖြစ်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ အရ စွဲချက်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ အရ ဘိုးထွားပါ ၅ ဦးအပေါ် အပြီးအပြတ် လွတ်ရာရောက်သည်ဟု ဆုံးဖြတ်ခဲ့သည်။ (၁၉၉၀ ခုနှစ်၊ မတစ၊ စာ - ၄၃ ကြည့်ပါ)

**အထက်ဖော်ပြပါ စီရင်ထုံးများနှင့် ကွဲလွဲကာ စီရင်ထုံးပြုခဲ့ခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မိုးသီးအမှုတွင် မန္တလေးမဟာအောင်မြေမြို့နယ် တရားရုံးက တရားခံမိုးသီးအပေါ် ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ပုဒ်မ ၅(၁) နှင့် ပုဒ်မ ၈(ဂ) တို့အရ စွဲချက်နှစ်ရပ်ဖြင့် စွဲချက်တင်စစ်ဆေးပြီးနောက် ပုဒ်မ ၅(၁) နှင့်စပ်လျဉ်း၍ အပြစ်မပေးခြင်းမှာ ယင်းစွဲချက်နှင့်စပ်လျဉ်း၍ တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ အရ ဆိုင်းငံ့ထားခြင်းသာဖြစ်သည်။ ထိုသို့ဆိုင်းငံ့ထားခြင်းမှာ အပြီးအပြတ်လွှတ်ခြင်းမမြောက်ပေဟု ဆုံးဖြတ်ခဲ့သည်။ (၁၉၉၅ ခုနှစ်၊ မတစ၊ စာ - ၈၇ ကြည့်ပါ)

**အယူခံတင်သွင်းမှုများ အတားအဆီးဖြစ်ခဲ့ရသည်**

မိုးသီးစီရင်ထုံး ပေါ်ပေါက်လာသည်နှင့် မိုးသီးစီရင်ထုံး၏ ဆုံးဖြတ်ချက်က ယခင်ရှိပြီးသား စီရင်ထုံးတို့ကို လွှမ်းမိုးသွားတော့သည်။ တရားခံတစ်ဦးအပေါ် စွဲချက်တစ်ရပ်ထက်ပိုပြီး စွဲချက်တင် စစ်ဆေးပြီးနောက် စွဲချက်တစ်ရပ်ဖြင့်သာ အပြစ်ပေးပြီး ကျန်စွဲချက်များအတွက် အပြစ်မပေးခဲ့သော် ယင်းအမိန့်အပေါ် ရှေ့နေချုပ်ရုံးက အယူခံမှုတင်သွင်း လျှောက်ထား၍ မရဖြစ်သွားသည်။

ဤတွင် ရှေ့နေချုပ်ရုံးအနေဖြင့် မိုးသီးစီရင်ထုံးကို ပယ်ဖျက်နိုင်အောင် ကြိုးစားရသည်။ စီရင်ထုံးတစ်ခု ပယ်ဖျက်ဖို့ကား လွယ်ကူလှသည်မဟုတ်။ အလားတူမှုခင်းဖြစ်ရပ်မျိုး ပေါ်ပေါက်လာဖို့လိုအပ်သည်။ အမှုသွားအမှုလာ ကောင်းဖို့လည်းလိုသည်။

**မိုးသီးစီရင်ထုံးကို ပယ်ဖျက်ရန် အခွင့်အလမ်းပေါ်လာခြင်း**

ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၉/၉၅ တွင် တရားခံမောင်နေလင်းအပေါ် ပြစ်မှုဥပဒေပုဒ်မ ၃၀၂(၁)(ခ) နှင့် ပုဒ်မ ၃၉၂ တို့အရ စွဲချက်တင် စစ်ဆေးခဲ့ပြီးနောက် ပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှားတွေ့ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် ၅ နှစ် အမိန့်ချမှတ်ခဲ့သည်။ ပုဒ်မ ၃၀၂(၁)(ခ) အရ ပြစ်ဒဏ်ချမှတ်ခြင်းမပြုခဲ့ပါ။ ယင်းအခြေအနေတွင် ပြစ်ဒဏ်ချမှတ်ခြင်းမပြုသည့် ပုဒ်မ ၃၀၂(၁)(ခ) မှာ အပြီးအပြတ်လွှတ်ရာရောက်ကြောင်း ဖော်ပြကာ ရှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ အယူခံမှုတင်သွင်းခဲ့သည်။ တရားရုံးချုပ်က ပြစ်မှုအယူခံမှု အမှတ် ၂၆၃/၉၉ ဖြင့် လက်ခံကြားနာပြီး တရားခံမောင်နေလင်းအား ပြစ်မှုပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ရှေ့နေချုပ်ရုံး၏ အယူခံတင်သွင်းမှု အောင်မြင်ခဲ့သည်။

**တရားခံက အထူးအယူခံ ဝင်ရောက်ခဲ့ခြင်း**

တရားရုံးချုပ်၏ အမိန့်အပေါ် တရားခံမောင်နေလင်းက မကျေနပ်သဖြင့် မိုးသီးစီရင်ထုံးကို အားပြုကိုးကားကာ အထူးအယူခံဝင်ရောက်ခဲ့သည်။ တရားရုံးချုပ်က လက်ခံ၍ ၂၀၀၀ ပြည့်နှစ် ပြစ်မှုအထူးအယူခံမှုအမှတ် ၅ ဖြင့် ဖွင့်လှစ်ကြားနာခဲ့သည်။ ကြားနာမည့် ပြဿနာ အမှတ် ၁ မှာ "မူလရုံးက တရားခံမောင်နေလင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂ (၁) (ခ) နှင့် ပုဒ်မ ၃၉၂ အရ စွဲချက်တင်ပြီး ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၉၂ အရသာ ပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၁) (ခ) အရ စွဲချက်တင်ခဲ့သည့်ပြစ်မှုကို အပြီးအပြတ်လွှတ်ရာရောက် မရောက်" ဟူ၍ဖြစ်သည်။

အထူးအယူခံခုံရုံးတွင် တရားသူကြီးချုပ် ဦးအောင်တိုးနှင့် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးမြင့်သိန်းတို့ ရုံးထိုင်သည်။ အယူခံတရားလို မောင်နေလင်းအတွက် တရားရုံးချုပ်ရှေ့နေ ဒေါ်လေးလေးရီက လိုက်ပါဆောင်ရွက်သည်။ အယူခံတရားခံ နိုင်ငံတော်အတွက် စာရေးသူက လိုက်ပါဆောင်ရွက်ခဲ့သည်။ အခွင့်ကောင်းအခါကောင်းနှင့် ကြုံကြိုက်လာသဖြင့် မိမိသည် အထူးအလေးထား ကြိုးစားအားထုတ်၍ လျှောက်လဲချက်ပေးခဲ့ရသည်။ မိုးသီးစီရင်ထုံးမတိုင်ခင်က ချမှတ်ခဲ့သောစီရင်ထုံးများကို ကိုးကားသည်။ Suresh Karmakar V.Sekhishu, A.I.R 1954 Tripura 16 P.17 အိန္ဒိယစီရင်ထုံးနှင့် 1954 Cr.LJ1821 တို့ကိုလည်း ကိုးကားကာ ကျယ်ကျယ်ပြန့်ပြန့် လျှောက်လဲတင်ပြခဲ့သည်။

> ဥပဒေနှင့်အညီမှန်ကန်၍ ကောင်းမွန်သောစီရင်ထုံးများ ပေါ်ပေါက်ဖို့ဆိုလျှင် ဥပဒေနှင့်အညီ မှန်ကန်ကောင်းမွန်သော စီရင်ချက်များ ဖြစ်ထွန်းဖို့က အဓိက

**အထူးအယူခံခုံရုံး၏ သုံးသပ်ဆုံးဖြတ်ချက်အကျဉ်း**

"ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂(၁)(ခ) နှင့်စပ်လျဉ်း၍ တိုင်းတရားရုံးက အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်းမပြုသဖြင့် ယင်းစွဲချက်ကို တိုင်းတရားရုံးက ဆိုင်းငံ့ထားသည်ဟုဆိုရပေမည်။ တိုင်းတရားရုံးက ပြစ်မှုထင်ရှားစီရင်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ ကို အထက်တရားရုံးက ပြင်ဆင်ပယ်ဖျက်ခြင်းမပြုသဖြင့် အဆိုပါဆိုင်းငံ့ထားသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ခ) အရ စွဲချက်သည် အပြီးအပြတ်လွှတ်ရာရောက်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ ပါ ပြဋ္ဌာန်းချက်အရ မြင်သာသည်။"

"သို့ဖြစ်၍ ရှေ့နေချုပ်ရုံးမှ တင်ပြချက်ကို လက်ခံရပေမည်။ ထို့ကြောင့် အပြီးအပြတ်လွှတ်သော ပြစ်မှုနှင့်စပ်လျဉ်း၍ ရှေ့နေချုပ်ရုံးမှ တရားရုံးချုပ်တွင် အယူခံဝင်ရောက်ခွင့်ရှိသည်။ မိုးသီးစီရင်ထုံးသည် ယခင်စီရင်ထုံးများနှင့် ဆန့်ကျင်ကွဲလွဲ ဆုံးဖြတ်ထားသဖြင့် လည်းကောင်း၊ မိုးသီးစီရင်ထုံးပါ ဆုံးဖြတ်ချက်သည် ရှေ့နောက်ညီညွတ်မှုမရှိသဖြင့်လည်းကောင်း မိုးသီးစီရင်ထုံးကို လိုက်နာဆောင်ရွက်ရန်မလိုကြောင်း ကျွန်ုပ်တို့ မှတ်ချက်ပြုလိုက်သည်။" (၂၀၀၀ ပြည့်နှစ်၊ မတစ၊ စာ - ၆၉ ကြည့်ပါ)

**တရားစီရင်ရေးလမ်းကြောင်း ပြန်လည်တည့်မတ်လာသည်**

မောင်နေလင်းစီရင်ထုံးသည် တရားသူကြီးချုပ်ကိုယ်တိုင်ပါဝင်သည့် အထူးအယူခံခုံရုံးက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မောင်နေလင်းစီရင်ထုံးထွက်ပေါ်လာသည်နှင့် ဤကိစ္စအလို့ငှာ တရားစီရင်ရေးလမ်းကြောင်း ပြန်လည်တည့်မတ်လာသည်။ ပြစ်မှုကျင့်ထုံးပုဒ်မ ၂၄၀ အရ အပြီးအပြတ် လွှတ်ရာရောက်သည့် အမိန့်များကို ရှေ့နေချုပ်ရုံးက အယူခံတင်သွင်းခွင့် ပြန်လည်ရရှိလာသည်။ သင်ခန်းစာယူရန် ဖြစ်ပေသည်။

ယခုကဲ့သို့ ထုံးပြုထားသော စီရင်ထုံးတစ်ခုကို နောက်စီရင်ထုံးဖြင့် ပြန်၍ဖျက်ပေးရသည်မှာ ဤအကြိမ်သာမဟုတ်ပါ။ များစွာရှိခဲ့ပါသည်။ သာဓကတစ်ခုကို ထုတ်ပြရန်လျှင် "M.Muthiah Sevia V.Union of Myanmar 1955 M.L.R (H.C) 175 စီရင်ထုံးကို မခင်မြင့် (ခ) မခင်ညွန့်ကြည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၇၀ ခုနှစ် အထူးရာဇဝတ်ခုံရုံး အယူခံအဖွဲ့စီရင်ထုံးများ စာ - ၃၂၁ က ပယ်ဖျက်ခဲ့သည်။ ပယ်ဖျက်ခဲ့သည့်အကြောင်းရင်းမှာ ဥပဒေဆောင်ပုဒ် (Legal Maxim) စီရင်ထုံး စသည်တို့ကို ပုံသေလက်ခံကျင့်သုံးရန်မဟုတ်။ တစ်မှုနှင့်တစ်မှု မတူ အကြောင်းခြင်းရာများကို ကောင်းစွာထုတ်ပြီးမှ အမှန်အမှားကို သဘာဝယုတ္တိနှင့်အညီ ဆုံးဖြတ်ရန်လိုသည်ဟု လမ်းညွှန်ကာ ယခင်စီရင်ထုံးကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စီရင်ထုံးတစ်ခုနှင့်တစ်ခုလည်း ကွဲလွဲ၍ ထုံးဖွဲ့ထားသည်များရှိသည်။ ထိုသို့ စီရင်ထုံးနှစ်မျိုးရှိနေလျှင် မည်သည့်စီရင်ထုံးကမှန်သည်။ မည်သည့်စီရင်ထုံးက မှားယွင်းသည်ဟူ၍ အောက်ရုံးများက ကောက်ယူဆုံးဖြတ်ခြင်းမပြုနိုင်ကြောင်း၊ မိမိနှစ်သက်ရာ စီရင်ထုံးကို လိုက်နာရန်ဖြစ်ကြောင်း စီရင်ထုံးတစ်ခုတွင် ဆုံးဖြတ်ထားသည်။ (၁၉၅၇ ခုနှစ်၊ မတစ၊ စာ - ၂၅၉ ကြည့်ပါ)

(စီရင်ထုံးများပယ်ဖျက်ခြင်းနှင့် ကွဲလွဲထုံးဖွဲ့ထားသော စီရင်ထုံးများအကြောင်း သီးခြားရေးပါဦးမည်။)

ထိုသို့ စီရင်ထုံးတစ်ခုကို မှားယွင်းထုံးပြုခဲ့လျှင် သို့မဟုတ် စီရင်ထုံးတစ်ခုနှင့်တစ်ခု ကွဲလွဲထုံးပြုခဲ့လျှင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို တစ်ရုံးတစ်ထုံးဖြစ်စေသည်။ တရားစီရင်ရေး တိမ်းစောင်းခြင်း (Miscarriage of Justice) ဖြစ်စေသည်။ သို့ဆိုလျှင် တရားစီရင်ရေး တိမ်းစောင်းခြင်းမရှိ အစဉ်တည့်မတ်မှန်ကန်နေစေရေးအတွက် ဥပဒေနှင့်အညီ မှန်ကန်၍ ကောင်းမွန်သောစီရင်ထုံးများ ပေါ်ထွက်ဖို့ အရေးကြီးသည်။ ဥပဒေနှင့်အညီ မှန်ကန်၍ ကောင်းမွန်သော စီရင်ထုံးများ ပေါ်ပေါက်ဖို့ဆိုလျှင် ဥပဒေနှင့်အညီ မှန်ကန်ကောင်းမွန်သော စီရင်ချက်များ ဖြစ်ထွန်းဖို့က အဓိကပထမဖြစ်သည်။

ဥပဒေနှင့်အညီ မှန်ကန်ကောင်းမွန်သော စီရင်ချက်များ ဖြစ်ထွန်းလာနိုင်ကြပါစေ။

ဥပဒေနှင့်အညီ မှန်ကန်ကောင်းမွန်သော စီရင်ထုံးများ ပေါ်ပေါက်လာနိုင်ကြပါစေ။



# မြေအောက်ရေဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

**တပ်ကုန်း ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရွှေးစု၊ ဆည်ထိပ်ဆင်သေ၊ ခြုံကြီး၊ မြောက်မြိုက်၊ သရက်ကွင်းစသည့် ကျေးရွာများနှင့် ဆင်သေချောင်းရိုးတစ်လျှောက်ရှိ ဒေသခံတောင်သူများသည် နှစ်စဉ် တစ်ပိုင်တစ်နိုင် မေမြို့ပန်းနှင့် စားပင်၊ သီးပင်များ စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

အဆိုပါကျေးရွာများနှင့်ချောင်းရိုးတစ်လျှောက်၌ မေမြို့ပန်းအပြင် စားပင်၊ သီးပင်မျိုးစုံဖြစ်သည့် ကြက်သွန်၊ အာလူး၊ ဖရဲ ၊ခရမ်းချဉ်၊ ပန်းဂေါ်ဖီ၊ ပန်းမုန်လာပွင့်၊ ကိုက်လန်၊ မုန်ညင်းဖူး၊ မုန်လာဥ၊ ရုံးပတီ၊ နံနံ၊ ဆလတ်ပင်၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ပြောင်းတို့ စိုက်ပျိုးထားသည်။

'တောင်သူတွေက မွေးမြူရေးထက် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါတယ်။ ဒီလိုစိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေကိုတော့ စိုက်ခင်းထဲတွင် စက်ရေတွင်းတူးဖော်ပြီး မြေအောက်ရေကို အသုံးပြုကြပါတယ်။မီးဖိုချောင်သုံး စားပင်၊ သီးပင်များကို တပ်ကုန်းမြို့မဈေးမှာ ရောင်းချတဲ့အပြင် တစ်ဆင့်ပြန်ရောင်းမယ့် ဈေးသည်တွေကလည်း စိုက်ခင်းထိ ဝယ်ယူပါတယ်။ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းဆိုပေမယ့် ဝင်ငွေတိုးလုပ်ငန်းဖြစ်တာကြောင့် အဆင်ပြေပါတယ်။ မိသားစုများတဲ့အိမ်ဆိုရင် လူငှားရမ်းခ သက်သာတော့ ပိုပြီးအဆင်ပြေပါတယ်'ဟု ခြုံကြီးကျေးရွာမှ မယဉ်ထွေးက ပြောသည်။

ယခုနှစ် (ဒသမ ၇၅)ကေ စိုက်ကွက်ကို မေမြို့ပန်းမျိုးစေ့ ၁၈ ပုလင်း စိုက်ပျိုးထားပြီး ပန်းမျိုးတစ်ပုလင်းကို ငွေကျပ် ၅၀၀၀ ဖြင့် ဝယ်ရပြီး ထယ်/ထွန် နွားတစ်ရှဉ်းလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ပေါင်းမြက်နုတ် နေ့စားခ တစ်နေ့လျှင် ငွေကျပ် ၂၅၀၀ ပေးရကာ စုစုပေါင်းသွင်းအားစု ခန့်မှန်းကုန်ကျငွေ နှစ်သိန်းခွဲ၊သုံးသိန်းရှိကြောင်း၊ ယခုလက်ရှိ မေမြို့ပန်းဈေးကောင်းသောကြောင့် သိန်း ၃၀ ကျော် အကျိုးအမြတ်ရရှိရန်ခန့်မှန်းထားကြောင်း ယင်းကျေးရွာမှ ဒေသခံတစ်ဦးက ဆက်လက်ပြောကြားသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

## ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရေး ဝေးလံသောကျေးရွာများသို့ အခမဲ့ဆေးကုသ

**မောက်မယ် ဖေဖော်ဝါရီ ၂၃**

ကျေးရွာနေတိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရေး ရည်ရွယ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်နိုင်ရန် မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်း ဦးဆောင်၍ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဝေးလံသောဒေသများသို့ အခမဲ့ဆေးကုသမှုများဆောင်ရွက်ခဲ့သည်။

မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စု၊ နားဟီးကျေးရွာသို့ ဒေသခံ ပအိုဝ်းတိုင်းရင်းသားပြည်သူ ၃၀၀ ခန့်ကို သုံးဖွဲ့ခွဲ၍ ကျန်းမာရေးစစ်ဆေးပေးခြင်း ၊ အခမဲ့ဆေးကုသခြင်း၊ ဆေးကုရာဌာနသို့ မလာနိုင်သော သက်ကြီးရွယ်အိုများအားအိမ်တိုင်ရောက် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီးမြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းနှင့် ကျန်းမာရေးဆရာမဒေါ်နန်းခမ်းလေးတို့က တစ်ကိုယ်ရည်သန့်ရှင်းရေးကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ မွေးရာပါ ဦးနှောက်ငယ်ရောဂါနှင့် ဆက်စပ်နေသည့် ဇီကာဗိုင်းရပ်စ်အန္တရာယ်ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ နေ့အချိန် ခြင်ကိုက်ခြင်းမှ ကာကွယ်ကြရန် ဟောပြောဆွေးနွေးကာ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအထောက်အကူပြု ကော်မတီဝင်များ၊ ကျန်းမာရေး ဆရာဆရာမများ၊ အာအိုင်(Relief International) လူမှုရေးအသင်းအဖွဲ့များ၊ လူထုကျန်းမာရေးလုပ်သားများ လိုက်ပါကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



# မြေအောက်ရေအသုံးပြုစိုက်ပျိုးထားသည့် ပြောင်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်



**ပေါက် ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့ အနီးဝန်းကျင် မြို့ပတ်လမ်း ဘေးတစ်လျှောက်ရှိ ကုန်းမြေများတွင် မြေအောက်ရေဖြင့်စိုက်ပျိုးထားသော မြို့ပြနေတောင်သူများ၏ ပြောင်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး အဆိုပါ ပြောင်းစိုက်ခင်းများမှထွက်ရှိသည့် ပြောင်းဖူးများကိုလည်း ပေါက်မြို့ မြို့မဈေးသို့ နေစဉ်လက်လီလက်ကားရောင်းချနေကြခြင်းကြောင့် ပြောင်းစိုက်တောင်သူများအဆင်ပြေလျက်ရှိကြောင်းသိရသည်။

'ကျွန်တော်တို့ ပေါက်မြို့ အောင်တော်မူရပ်ကွက်မြောက်ပိုင်းက စိုက်ပျိုးရေး တောင်သူတွေဟာ မြေယာစိုက်ပျိုးရေး လုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ သီးနှံမျိုးစုံစိုက်ပျိုးရာမှာလည်း မိုးရေအပြင်အခုလိုမိုးကုန်တဲ့အချိန်မှာ ကိုယ်ပိုင်တူးဖော်ထားတဲ့ သုံးလက်မ၊ လေးလက်မ ကွန်ကျူးပိုက်တွင်းများက မြေအောက်ရေကို အသုံးပြု၍ စိုက်ပျိုးကြပါတယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့တောင်သူတွေ မြေအောက်ရေနဲ့စိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းမှန်သမျှ အကုန်ဖြစ်ထွန်းအောင်မြင်ပါတယ်။ နောက်ပြီး ပြောင်းစိုက်ခင်းက စိုက်ပျိုးခူးဆွတ်ရောင်းချိန် ရက်ပေါင်းခုနှစ်ဆယ်လောက် ကြာမြင့်တာဖြစ်လို့ ငွေအရလွယ်ပြီး တောင်သူတိုင်း ပြောင်းသီးနှံကို အားထားစိုက်ပျိုးကြတယ်'ဟုဒေသခံ တောင်သူတစ်ဦးကပြောသည်။

ယခုအခါ တောင်သူများ စိုက်ပျိုးထားသည့် ပြောင်းစိုက်ခင်းများကို ပေါက်မြို့ မြို့မဈေးသို့ ပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၁၀၀ဖြင့် ရောင်းချပြီးဖောက်သည်ဈေး ၁၀ ဖူးဝယ်လျှင် ငွေကျပ် ၈၀၀ ဖြင့် ရောင်းချပေးကြောင်း သိရသည်။

ပြောင်းဖူးသည်ကလေးလူကြီးအကြိုက်များခြင်းကြောင့် မိမိစိုက်ခင်းမှထွက်ရှိလာသော ပြောင်းဖူးများကို အဆင်ပြေစွာ ရောင်းချရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ညဏ်တိုး(ပေါက်)**

## ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရေး ကျောင်းဆောင်သစ် တည်ဆောက်

**ဝါးခယ်မ ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရွာသစ်ရပ်ကွက် အ.ထ.က (ခွဲ) ရွာသစ်ကျောင်း၌ တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရေးအတွက် ကျောင်းဆောင်သစ်အား တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက အုတ်မြစ်စီရန်အတွက် ပန္နက်တင်ခြင်း အခမ်းအနားကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို အလျား ပေ ၆၀၊ အနံ ပေ ၃၀ RC တစ်ထပ်ဖြင့် အလှူရှင် ကျောင်းသူဟောင်း ဒေါ်မြင့်မြင့်ကြည်မှ အမေရိကန်ဒေါ်လာ ၇၀၀၀၊ ဦးအောင်ခင် [ဒု-ညွှန်ချုပ် (ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန] ဇနီး ဒေါ်ဝင်းဝင်းခိုင် [အထက်တန်းပြ (ငြိမ်း)] မှ ငွေကျပ်သိန်း ၂၀ နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအဖွဲ့ ရန်ပုံငွေမှ ငွေကျပ်သိန်း ၂၀ မတည်လှူဒါန်းပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီထံသို့ အလှူရှင်များက အလှူငွေများ အသီးသီးပေးအပ်ကာ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အမီ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ အုတ်မြစ်စီရန်အတွက် ပန္နက်တင်ခြင်းကို ဝါးခယ်မမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်မေမေခင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူဟောင်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# ပဲခူးမြို့သန့်ရှင်းသာယာလှပရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**ပဲခူး ဖေဖော်ဝါရီ ၂၃**

ပဲခူးမြို့ရွှေမော်ဓောဘုရားလမ်း ဗုဒ္ဓအသံဓမ္မဗိမာန်ရှေ့၌ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဦးဆောင်၍ ပဲခူးမြို့သန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှုများဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က 'ဒို့မြို့တစ်ဝန်းသန့်ရှင်းဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့' အသိပညာပေးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းသည် ပြည်သူများဆိုင်းဘုတ်ကိုမြင်တွေ့ပြီး အသိတရားရရှိကာသန့်ရှင်းပြုလုပ်လာစေရန်၊ အမှိုက်ပစ်ထားခြင်းတွေ့ရှိပါက သန့်ရှင်းသွားအောင် ကောက်ယူစွန့်ပစ်လိုသည့်အသိစိတ်များရရှိစေရန်ရည်ရွယ်၍ စိုက်ထူခြင်းဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် မိမိတို့တိုင်းဒေသကြီးသန့်ရှင်းသာယာလှပအောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုအနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ ပြည်သူလူထု၊ ကျောင်းသား ကျောင်းသူ၊ စက်ရုံအလုပ်ရုံလုပ်သားများ လိုက်နာဆောင်ရွက်နိုင်ရန်အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ အထိမ်းအမှတ်နေ့ကြီးရက်ကြီးများအား ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စုပေါင်းအမှိုက်ကောက်ခြင်းဆောင်ရွက်လျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနီနီက ပြောကြားသည်။

**တင်စိုး(ပဲခူး)**

## မိဘများထံပြန်လည်အပ်နှံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မြန်မာ့မီးရထား အမှတ်(၁၃)တပ်ခွဲ တပ်စု ၁ ရန်ကုန်မှ တပ်စုမှူး ဒုရဲအုပ်အောင်ဘိုဘို ဦးစီးသောအဖွဲ့သည် ရန်ကုန်ဘူတာကြီးအတွင်း ဖေဖော်ဝါရီ ၁၈ ရက် က လုံခြုံရေးဆောင်ရွက်နေစဉ် အမှတ် (၆/ ၇) စင်္ကြံအရှေ့ဘက်တွင် ကလေးငယ်နှစ်ဦး ငိုနေသည်ကိုတွေ့ရသဖြင့် မေးမြန်းခဲ့ရာ မောင်ထွန်းမြတ်ကျော် ကိုးနှစ်၊ မောင်ဟိန်းထက် သုံးနှစ်တို့ဖြစ်ကြောင်း သိရပြီး ကွေ့မဘူတာမှ ရထားလိုက်စီးပြီး မပြန်တတ်ကြောင်း သိရဖြင့် ကလေးမိဘများကိုစုံစမ်းရှာဖွေပြီး ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**(၁၁၈)**

NEW MOTION
TRAVEL & TOURS

ရွှေလျားသစ်လွင် အတာသကြင်္န်ခရီးစဉ်များ

ESCAPE FROM EVERYDAY LIFE

အင်္ဂလန်ခရီးစဉ် ဧပြီ (၁၁ – ၂၄)
ဥရောပခရီးစဉ် ဧပြီ (၁၁ – ၂၃)
စပိန်–ပေါ်တူဂီခရီးစဉ် ဧပြီ (၁၁–၂၀)
ဂရိခရီးစဉ် ဧပြီ (၁၁ – ၁၉)
ဩစတြေးလျခရီးစဉ် ဧပြီ (၁၀–၂၀)
အမေရိကားခရီးစဉ် ဧပြီ (၁၁–၂၄)

Yangon: No. 20, Ground Floor, Kyun Taw Road, Sanchaung Tsp, Yangon. Tel : 09-73148944–55–66, 09-260792885–6–7
Mandalay: No. 234, 33rd Street. Between 81st x 82nd Street. Tel : 09-91021122, 43147879, 259033443
Call Now!



မှု၊ လယ်၊ ထက် ~ ပထဝီ၊ ဇီဝ၊ သိပ္ပံ ~ သင်ရိုးပါအားလုံး
မတ် (၂) ရက် စ မည်။
No: ၆၀၊ ၁၃ လမ်း၊ စံပြအနီး၊ လမ်းမတော်မြို့နယ်။ 09 5144 172



ယမင်းသူ
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန် ကားမျိုးစုံရှိပါသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421



VICTOR အင်္ဂလိပ်စကားပြော
8-11am(Sat - Sun) 30000/-
8-10am,3-5pm(Mon,Tue,Wed) 30000/-
09-5096794




ADD MORE ACADEMIC AND LIFE SKILLS TO YOUR CHILDREN
IN A COOL, FUN-FILLED AND ENERGISING ENVIRONMENT THIS SUMMER
• From March through May
• For ages 3 to 14 years
TOTAL SUMMER SCHOOL
Explore, Experience, Enhance
Enroll NOW!!
STEM
BRAINWORKS
K-12 INTEGRATED SCHOOL
Kamayut (95)9 3 171 4586
Sanchaung (951) 526 456
Bayint Naung (95)9 7 314 3280
Aung Zay Ya (95)9 2 6293 444 1 - 2
Thingangyun (951) 8551360 - 3
North Dagon (95)9 79 620 6884
Kyi Myin Daing (951) 230 0715 - 6
Tamwe (951) 40 1592 - 4
41st Street (951) 37 6010, 22
Taunggyi (95)081- 20 6765, 20 6841 - 4
www.brainworks-total.com



တိုင်း ကျော်၊ ပြည် ကျော်၊ ထင် ပေါ် ပညာ
MOTHER'S LIGHT
ထွက်ပြီ
၂၀၁၇ တက္ကသိုလ်ဝင်တန်း မေးခွန်း(၅)စုံ
EXAM CHOICE
ဓာတုဗေဒ 80⁺ ဘိုး
ရူပဗေဒ 80⁺ ဘိုး
English Grammer
ဂုဏ်ထူးမျှော်မှန်းထားသူတိုင်း အားထားရမည့်စာအုပ်
ဦးဇော်သက်နိုင် (ဓာတု) ဖုန်း-၀၉ ၂၆၄၀၃၃၉၉၁
ဒီပဲကြည့် ကွက်တိ
ဖြန့်ချီရေး –



(Summer Special Program)
Budget Intake
MCC.i
MCC.p



50% Discount

အင်္ဂလန်နိုင်ငံမှ ချီးမြှင့်မည့် ဒီပလိုမာ၊ ဘွဲ့သင်တန်းများ
- B.Sc (Hons) Business IT, University of Greenwich (UK) (ကွန်ပျူတာ သိပ္ပံဘွဲ့၊ ဒီဂရီ)
- BTEC (Higher National Diploma in Engineering) (အင်ဂျင်နီယာ ဒီပလိုမာ သင်တန်း)
  - Construction & the Built Environment (Civil Engineering)
  - Mechanical Engineering
  - Electrical and Electronic Engineering
- ဆက်သွယ်ရေး အင်ဂျင်နီယာ ဒီပလိုမာ သင်တန်း (MITT)
  - Telecommunication Engineering Diploma

Opening Date : 20 March 2017

www.facebook.com/mcc.institute
www.facebook.com/mcc.polytechnic
ကြိုတင်စာရင်းသွင်း အပ်နှံနိုင်ပါပြီ။
MCC.i (Yangon Campus) Ph - 01-246634, 01-245762, 249152
MCC.i (Mandalay Campus) Ph - 09 - 402671562, 011-202113
MCC.i (Naypyitaw Campus) Ph - 09- 31354842, 09-254148940
MCC.i (Yatanarpon Campus) Ph - 09- 960662744, 02-5178112
MCC Polytechnic College (Monywa) - 09-965676777, 09-265333120
MCC Polytechnic College (Pathein) - 09-451 888 373, 09- 773 510 899



MYANMAR TEXTILE GARMENT DIRECTORY



၂၀၁၇ အတွက်... ကြော်ငြာများထည့်သွင်းလိုပါက
www.textiledirectory.com.mm
YGN Hot Line : 09 44800 1662 Email: ydg.adv@mmrdpub.com
MDY Hot Line : 02 4000611 Email: mdg.adv@mmrdpub.com
MMRD

# ကြော်ငြာ


**Star Resources Travel & Tours**

၂၀၁၇ ခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန်

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုများခရီးစဉ်

(ထားဝယ်၊မြိတ်၊ကော့သောင်း၊ရနောင်း)

ဘုရားဖူး - ဈေးဝယ် - ကျွန်းစုအပန်းဖြေ ခရီးစဉ်

၁၁-၄-၂၀၁၇ မှ ၁၈-၄-၂၀၁၇ ထိ

Ks 120000

နေ့ရာသီ ကျောင်းပိတ်ရက်နှင့်မိသားစုများအပန်းဖြေခရီးသွားခြင်းကိုလည်း လူကြီးမင်းတို့ စိတ်တိုင်းကျ အထူးစီစဉ် ဆောင်ရွက်ပေးနေပါသည်။

09-961436797, 09457184181



တက္ကသိုလ်ဝင်တန်း၄ လမြောက်နေ့အထူး

သီးသန့်ကြပ်မတ်ခေါ်ခါ

Phys, Chem, Maths

Exam

Feb 25

09-30048155, 09-73229828

09-261278044


## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၄)ဗိုလ်တထောင်၊ ဒသမတန်း(B)မှ မမေမီကိုလေး၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလေး[၁၀/မလမ(နိုင်)၀၂၅၅၀၉] ဖြစ်ပါကြောင်း။

**ဦးကိုကိုလေး**

## ရန်ကုန် ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓါတ်အားပေးစီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုပန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ နိုင်ငံတော်တွင် လျှပ်စစ်စွမ်းအား အတွက် လိုအပ်မှုကို ပြည့်မီနိုင်ရန် နှင့် တိုင်းဒေသကြီး/ပြည်နယ်ရှိ လိုအပ်မှုကို ဖြည့်ဆည်းနိုင်ရန် 300 MW HFO အခြေပြု စွမ်းအင်စက်ရုံငှားယူခြင်း နှင့် ရန်ကုန်ဇရိယာတွင် ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း ကို စီးပွားဖြစ် လည်ပတ်သည့် နေ့ရက်မှ ငါးနှစ်တာကာလအတွက် National Infrastructure Holdings Co., Ltd၊ MCM Pacific Pte. Ltd၊ APR Energy နှင့် Ace Resources Group Co., Ltd (အကျိုးတူလုပ်ငန်း) ၏ အကျိုးတူလုပ်ငန်းကို သဘောတူလက်ခံကြောင်း စာတစ်စောင်ကို ထုတ်ပေးခဲ့ပါသည်။ စီမံကိန်းတွင် 300 MW HFO အသုံးပြု စွမ်းအင်စက်ရုံ ၏ တည်ဆောက်ရေး နှင့် လည်ပတ်ရေး တို့ပါဝင်ပါသည်။ အကျိုးတူလုပ်ငန်း သည် ယခုအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမျိုးသားအဆင့်၊ ပြည်နယ်အဆင့် နှင့် မြို့နယ်အဆင့် တို့တွင် ပူးပေါင်းပါဝင်မှုလုပ်ငန်းများ ပထမအချီကို ဆောင်ရွက်ခဲ့ပြီး၊ ဒလ နှင့် ဆိပ်ကြီးခနောင်တို၊ အလုံ နှင့် တွံတေး မြို့နယ်တို့တွင် နောက်ထပ် ပူးပေါင်းပါဝင်မှုလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက် ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများအရ၊ အကျိုးတူပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့သည် အဆိုပြု စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ကို ရယူရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို ဆောင်ရွက်ရန် လိုအပ် သည့် အားလျော်စွာ Environmental Resources Management (ERM) ကုမ္ပဏီမှ အကျိုးတူပူးပေါင်း ဖွဲ့စည်းထားသောအဖွဲ့ ကိုယ်စား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Eenvironmental Impact Assessment) ကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်အား မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း (၂၀၁၅)နှင့် အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အကြံပြုချက်များနှင့် သုံးသပ်ချက်များရှိပါက အောက်ဖော်ပြပါ အီးမေးလ်လိပ်စာ atm@pps-mm.com နှင့် ဖုန်းနံပါတ်- ၀၉၅၁၈၈၃၂၃ မှတဆင့် ဆက်သွယ်ပေးပို့ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ စီမံကိန်းဆိုင်ရာ အချက်အလက် များအား အကျိုးတူပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့၏ အင်တာနက်ပက်ဆိုက်တွင်ကြေငြာသွားမည် ဖြစ်ပါသည်။

## ရန်ကုန်စက်မှုတက္ကသိုလ်

**၁၉၈၇ နှင့် ၁၉၉၁ ခုနှစ် ဘာသာရပ်ပေါင်းစုံ ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏**

**သဏ္ဍာမအကြိမ်မြောက်**

## အာစရိယပူဇော်ပွဲ

နေ့စွဲ ။ ။ မတ်လ (၂)ရက်၊ ၂၀၁၇၊ တောင်သူလယ်သမားနေ့

အချိန် ။ ။ မွန်းလွဲ (၂း၀၀) နာရီမှ (၄း၀၀) နာရီ

နေရာ ။ ။ စက်မှုခန်းမ၊ YTU

__ဆက်သွယ်လှုဒါန်းရန်__

ကိုကိုအေး (Civil) 09-5119070

ကျော်စိုးဝင်း (Che) 09-5081451

ခင်မောင်လွင်၊ကြက်တော၊ (Mech) 09-5004189

ခင်စန္ဒာထွန်း (EC) 09-5000735

သော်တာ (EP) 09-5015385

စိုးမင်း (Met) 09-2225501

ကျော်ကျော်လွင် (Min) 09-5095753

ငွေငွေ (Tex) 09-5047642

တင်တင်အေး (Arch) 09-43014011

## မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း

## (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး

**(သာမန်အသင်းသားများသာ)**

မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း၏ (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည် ဖြစ်ပါ၍ တက်ရောက်ပေးပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်။ ။ ၁၁.၃.၂၀၁၇ (စနေနေ့)

ကျင်းပမည့်အချိန်။ ။ နံနက် ၉ း ၀၀ နာရီ

ကျင်းပမည့်နေရာ။ ။ Park Royal Hotel

(၃၃၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။)

အလုပ်အမှုဆောင်အဖွဲ့




ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ဘော်ဒါ
(သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ)
IDEAL CLASS EDUCATION CENTRE
ICEC

"စံ" ပညာ့ရိပ်သာ (လှိုင်)
ခြံအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်။
Tel : 09 3005 9147, 09 3005 9148, 09 7958 86818, 09-2559 65938

"စံပြ" ကျောင်း (တာမွေ)
(A-5) မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊ နတ်ချောင်းရပ်၊ တာမွေ။
Tel : 09 731 66911, 09 731 62577, 09 2559 65939, 09 7996 43183


"စံမီ" ကျောင်း (လှိုင်သာယာ)
အမှတ်(၆၉၀/ခ-၂) ညောင်တုန်းလမ်းနှင့် ကျန်စစ်သားလမ်းထောင့် လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင်(ယခင်-ဝင်းသူဇာဆိုင်)
Tel : 09 7852 74023, 09 7998 62303, 09 7904 90781
Website : www.icecprivateschool.com

သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ICEC ကျောင်းခွဲအားလုံးတွင် ကျောင်းအပ်လက်ခံနေပြီ။

DADDY
မြထေဒီ-မဲဆောက်
Mar-3,10,17,24,31
Ph: 09 448001903

ကား မျိုးစုံ
Alphard, Hiace ၉/၁၃ ယောက်စီး
Ph: 09795549249,095418126

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံ ခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821






# ကြော်ငြာ

## Amazing Time Travels & Tours

အမှတ် - ၁၃၂ (A) တတိယထပ်၊ တာမွေရာလမ်း
ဗိုလ်ချုပ်အောင်ဆန်းလမ်းကြား၊ ရန်ကုန်၊ ဖုန်း 012304785 ၊
09456672060 ၊ 09 43064845

ဗုဒ္ဓဂါယာ အဆင့်မြင့်ဘုရားဖူးခရီးစဉ် ( ၈ရက် ၇ည ) ဟိုတယ် (၇) ည
ဗုဒ္ဓဂါယာ - တာရာကာသီ - မိဂဒါဝုန် - သာဝတ္ထိ - လုမ္ဗိနီ - ကုသိနာရုံ - နာလန္ဒ - ရာဇဂြိုဟ်

12 - 19 Mar 2017

24 - 31 Mar 2017

## အာရှနဂါး

မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

## DADDY

ချွေးကော်တော်၊ပုဂံ
ညောင်ဦး၊ပုပ္ပါး 120000/-
Mar-17,24,31 ညအိပ်/၃ရက်
Ph: 09 448001903

## GOLDEN CITY

09-450765726,09-454466958
09-781076743,09-457557040

## ရခိုင်ဘုရားဖူး(ဆီးသန့်)

မဟာမုနိ၊မြောက်ဦး၊ဝေသာလီမြို့ဟောင်း၊ပုဏ္ဏားကျွန်း၊စစ်တွေ၊ငပလီ(ဟိုတယ်)
220000/(25-02-17) (27-03-17) စားတည်းခြင်း(ဆိုင်ကျွေး) (၆ရက်)
150000/ ကျောင်းတည်း။ သကြန် ဦးရာလူစနစ်ဖြင့် လက်မှတ်ရပြီး ၄ရှိုးစီး
စီဒီယိုမှတ်တမ်းလက်ဆောင်။ Ph: 09448003431, 0949660481

## Hmwe Taunggyi Business Group Travel & Tours Co.,Ltd.

Hot Line - 01-200952

**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ ဆောင်ရေး

မတ်လကျောင်းပိတ်ရက်အထူးခရီး – 9,11,16,18,23,25,30

မြန်မာ့နှစ်သစ်ကူးသကြန်အတွင်းအထူးPromotion ခရီးစဉ် – 1,18

(၁၅)ရက် – (~~၁၂၅~~)သိန်း အစား {၁၀.၉} သိန်း

သင်္ကြန်တွင်းအထူးခရီး – 8,11

(၈) ရက် – (~~၁၁၅~~)သိန်း အစား {၈.၉} သိန်း

ကြော်ငြာထားသည့်ခရီးစဉ်များ အပြောင်းအလဲမရှိ ထွက်ခွာမည် အထူးဈေးနှုန်းများသည် မေလကုန်အထိသာ

## Fully Light Travels & Tours

ပြည်ပခရီးသွားလိုင်စင်အမှတ် (မခ-၀၀၅၂)

**စက်ဘပူ-ဘင်တန်(အင်ဒို)ကျွန်း** (၅ရက် ခရီးစဉ်)
13-17/Apr/2017
1150 USD

**ဗီယက်နမ်** (၅ရက် ခရီးစဉ်)
ဟနွိုင်း-ဟလောင်းဘေး
14-18/Apr/2017
590 USD

**ထိုင်ဝမ်** (၈ရက် ခရီးစဉ်)
တိုင်ပေ-တိုင်ကျုံး-တိုင်တုံး-ကောင်းရှုံ-ဟွာလန်-ရီလန်-တိုင်ပေ
12-19/Apr/2017
1350 USD

**ကိုရီးယား** (၈ရက် ခရီးစဉ်)
ဂျေဂျူး-ဖူဆန်-ဂရောင်ဂျူး-ဆိုလ်း
12-19 /Apr/ 2017
2050 USD

**ချင်းမိုင်** (၄ရက် ခရီးစဉ်)
ချင်းမိုင် ၊ ချင်းရိုင် ၊ ရွှေတြိဂံခရီးစဉ်
14-17/Apr/2017
560 USD

လိပ်စာ - အမှတ်(၈၀၁)၊အဂ်ုစင်တာ(၁)၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်
ဖုန်းနံပါတ်-၀၁-၅၀၃၈၀၅,၀၁-၅၁၆၉၃၂,၀၁-၅၁၆၉၈၅,၀၁-၅၀၃၈၀၅
၀၉-၄၂၀၁၁၃၀၈၅ , ၀၉-၇၈၉၈၈၈၈၈၉၃,၀၉-၂၆၅၃၉၉၉၉၆

သင်္ကြန်ရက် ခရီးစဉ်များကို စာရင်းသွင်းနိုင်ပါပြီ

**ဟောင်ကောင်**(၈ရက် ခရီးစဉ်)
ဟောင်ကောင်-စိမ်းကျိုက်-ကွမ်ကျိုး-ကျူဟိုင်-မကာအို-ဟောင်ကောင်
14-21/Apr/2017
1650 USD

**ပီကင်း** (၁၁ရက် ခရီးစဉ်)
ပီကင်း-နန်ကျင်း-ပူစည်-ဟန်ဂျိုး-ရှန်ဟဲ
13-23/Apr/2017
2000 USD

## TOKYO BBQ DINING MANPUKU



**Family Fair 3+1**

Course Menuကို...
(၄)ယောက်စာမှာရင်... (၃)ယောက်စာပဲ ပေးရမယ်...

ဂျပန်စားဖိုမှူးကြီး MR.Naoki Watanabe ကိုယ်တိုင်ချက်ပြုတ်စီမံသော ဂျပန်အသားကင်ဆိုင်

No.(30), Sagawar Street, Dagon Township, Yangon. TEL: 09-970137546, 09-8300426, 09-5046736

## ဂုဏ်ထူး‌ဦးအောင်ခိုင်

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်

ငနွ March 8

Grammar & Essay (သဒ္ဒါ + စာစီစာကုံး)

English Speaking (အင်္ဂလိပ် စကားပြော)

ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco

၂၇၂ ပန်းဆိုးတန်း၊ 01 252 919 ပညာနန်းတော်၊ သုဝဏ္ဏ၊ 09 798 44 33 20

## VICTORY ENGLISH LEARNING CENTER

"ကလေးများအတွက် နွေရာသီ အင်္ဂလိပ်စာတန်းခွဲသင်များ"

**Summer English Course**

- ကလေးငယ်များ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်နိုင်စေရမည်။
- Letters/Essays ရေးနည်းအခြေခံနှင့် ...
- Grammar ... Grammar ...
- ...

မတ်လ(၄)ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီ။

ဖုန်း – ၀၉ ၇၇၇ ၂၉၀ ၅၅၄၊ ၀၉ ၇၇၇ ၂၉၀ ၅၅၆၊ ၀၉ ၇၉၉ ၁၆၈ ၇၃၇

## အခမဲ့လက်ဆောင်ရယူလိုက်ပါ။

CLEAR VISION မျက်စိအထူးကုဆေးခန်း တွင် ဆရာဝန်စမ်းသပ်ခ (၄၀၀၀)ကျပ်ပေးရုံနဲ့ မျက်မှန်ကိုင်းလှလှလေးများကို သတ်မှတ်ထားသော မှန်နှင့်တကွအခမဲ့ ရယူပိုင်ဆိုင်လိုက်ပါ။ (၃၁–၃–၂၀၁၇) အထိ

## Young Chi Thit Lin Moving Service Co.,Ltd

YCT ရောင်ခြည်သစ်
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှုကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)

09 450454771, 09 450454772, 09 450454773

## မြန်မာစားသောက်ကုန်လုပ်ငန်းလမ်းညွှန်

**Myanmar food INDUSTRY DIRECTORY**



၂၀၁၇ အတွက်... ကြော်ငြာများထည့်သွင်းလိုပါက

www.foodindustrydirectory.com.mm

YGN
Hot Line : 09 44800 1662
Email: ydg.adv@mmrdpub.com

MDY
Hot Line : 02 4000611
Email: mdg.adv@mmrdpub.com

MMRD

## အာတာသဏ်နှင့်ခရီးစဉ်များ မစ္စတာမြန်မာ ပြည်ပခရီးသွားလုပ်ငန်းကုမ္ပဏီ

Mr. Myanmar

Europe 3190 USD | Japan 2790 USD | Korea 1850 USD | HongKong 1630 USD

| | | | | |
|---|---|---|---|---|
| ဥရောပ ၃ နိုင်ငံ - 3190 USD<br># 10D/9N (10 - 19 April) | ပြင်ကြေးလျှ - 3850 USD<br># 9D/8N (09 - 17 April) | ဂျပန် - 2790 USD<br># 9D/8N (12 - 20 April) | ဟောင်ကောင် - မကာအို - 1630 USD<br># 8D/7N (14 - 21 April) | ဗန်ကောက် - ပတ္တရား - 555 USD<br># 5D/4N (12 - 16 April) |
| အရှေ့ဥရောပ ၄ နိုင်ငံ - 2850 USD<br># 9D/8N (13 - 20 April) | ရုရှား - 2990 USD<br># 9D/8N (13 - 21 April) | ကိုရီးယား - 1850 USD<br># 8D/7N (11 - 18 April) | ထိုင်ဝမ် - 1590 USD<br># 8D/7N (11 - 18 April) | ဗန်ကောက် - ပတ္တရား - 620 USD<br># 6D/5N (13 - 18 April) |
| ပဲရစ် - ပေါ်တူဂီ - 3690 USD<br># 10D/9N (13 - 20 April) | ဒူဘိုင်း - အဘူဒါဘီ - 1990 USD<br># 8D/7N (12 - 19 April) | ကိုရီးယား - 1850 USD<br># 8D/7N (12 - 19 April) | စင်ကာပူ - 800 USD<br># 5D/4N (13 - 17 April) | ဖူးခက် - ဗန်ကောက် - 990 USD<br># 6D/5N (12 - 17 April) |
| ဂရိ - ဆန်တိုရီနီကျွန်း - 3550 USD<br># 8D/7N (13 - 20 April) | အီဂျစ် - 1990 USD<br># 8D/7N (13 - 20 April) | တရုတ်ပြည်မ - 1800 USD<br># 8D/7N (12 - 19 April) | ဟိုချီမင်း - မွေနဲ - ဒါလတ် - 490 USD<br># 5D/4N (12 - 16 April) | ချင်းမိုင် - ချင်းရိုင် - 540 USD<br># 5D/4N (12 - 16 April) |

လိပ်စာ - ၉၇/ဘီ၊ ဒုတိယထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၉၇၂၈၉၇၇၂၂၊ ၀၉၉၇၂၈၉၇၇၇၇၊ ၀၉၇၉၉၇၅၇၀၄၄၊ ၀၉၇၉၉၇၅၇၀၅၅

## သိုးရှောဒေါ် ဝပ္ပဒါန

မန္တလေး ပေါ်ပြူ စစ်ကိုင်း မုံရွာ ကျောက်မိမ်း (အလောင်းတော်ကဿပ) ...
ကွယ် ... Feb24,Mar-3,10
☎ 420144148, 421153797

## GOLDEN STAR

ကျိုက်ထီးရိုး(နေ့စဉ်)
ရွှေမောဓော (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

## ခရီးစိမ်းမင်း 09-444450446, 09-444450558, 09-444887797, 09-250144709

| | | |
|---|---|---|
| + ရွှေစက်တော်(၁)ညအိပ် + မကွေး မင်းဘူး ဘုရားစုံ (၃)ရက် | 35000 | ဘားအံ၊ မြဝတီ၊ မဲဆောက်(၃)ရက် Hotel Package 70000 |
| + အလောင်းတော်ကဿပ(သီးသန့်)မန္တလေးစစ်ကိုင်းမုံရွာ(၃)ရက် | 35000 | |
| + ရွှေစက်တော်နှင့် အလောင်းတော်ကဿပ၊ စစ်ကိုင်းမုံရွာ(၅)ရက် | 60000 | |
| + ရွှေစက်တော်နှင့် ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး ပခုက္ကူ(၅)ရက် | 65000 | |
| + ရွှေစက်တော်၊ ရခိုင်မြောက်ဦးကျောက်တော်စစ်တွေငပလီကမ်းခြေ(၇)ရက် | 120000 | |
| + ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး ပခုက္ကူ - သီဟိုဠ်ရှင် (၃)ရက် | 40000 | ခရီးစဉ်အားလုံး Feb 24 Mar 3,10 17,24, 31 |
| + မန္တလေးပြင်ဦးလွင်စစ်ကိုင်းမုံရွာအလောင်းတော်ကဿပ(၅)ရက် | 50000 | |
| + တောင်ကြီး အင်းလေး ပင်းတယ ကုလုံးထမ့်မယ်ကကျူ(၄)ရက် | 50000 | |
| + ထားဝယ်ရှင်ကိုးရှင်းဖေါင်မကန်ကမ်းခြေကျိုက္ကမီစကၢ်ခဲ(၅)ရက် | 60000 | |

ခရီးစဉ်အားလုံး Guest House, Hotel တည်း ဖြစ်ပါသည်။
သင်္ကြန် Apr 10, 11, 12 ခရီးစဉ်များ ကြိုတင်လက်မှတ် ရောင်းပြီ

## ဂန္ဓဝင်ရွှေပုဂံ Travel & Tours

" သင်္ကြန်ခရီးစဉ်များ "

| | | |
|---|---|---|
| ဗန်ကောက် | (၅/၆)ရက် | USD 600 |
| ဗန်ကောက်+ ဖူးခက် | (၅/၆)ရက် | USD 900 |
| ဗန်ကောက်+ ကန်ချနာဘူရီ | (၅/၆)ရက် | USD 650 |
| ဗန်ကောက်+ ကမ္ဘောဒီးယား | (၅/၆)ရက် | USD 680 |
| စင်ကာပူ | (၃/၄)ရက် | USD 780 |
| စင်ကာပူ+ မလေးရှား | (၇/၈)ရက် | USD 1200 |
| ဘာလီ | (၄/၅)ရက် | USD 1000 |
| စင်ကာပူ+ ဘာလီ | (၆/၇)ရက် | USD 1400 |
| သီရိလင်္ကာ (ဗုဒ္ဓစွယ်တော်) | (၆/၇)ရက် | USD 1300 |
| ဗုဒ္ဓဂယာ (Normal Package) | (၁၄/၁၅)ရက် | ၁၂ သိန်း |
| ဗုဒ္ဓဂယာ (Hotel Package) | (၇/၈)ရက် | USD 980 |
| မော်လဒိုက် | (၃/၄)ရက် | USD 1600 |
| ဘူတန် | (၄/၅)ရက် | USD 2200 |
| ကာဇက်စတန် | (၅/၆)ရက် | USD 1600 |
| ဂျပန် | (၇/၈)ရက် | USD 2750 |
| ဂျပန် (တောင်ကိုင်ဒိုအပါအဝင်) (၈/၉)ရက် USD 3300 / | (၉/၁၀)ရက် | USD 3500 |
| ဥရောပ (၃)နိုင်ငံ (၉/၁၀)ရက် USD 2900 / | (၁၀/၁၁)ရက် | USD 3100 |
| ဥရောပ (၆)နိုင်ငံ | (၁၄/၁၅)ရက် | USD 3900 |
| ဥရောပ (၃)နိုင်ငံ+ အင်္ဂလန် | (၁၅/၁၆)ရက် | USD 4900 |
| အင်္ဂလန်+ စကော့တလန်+ ဝေလမြည်နယ် | (၁၀/၁၁)ရက် | USD 4000 |
| ဂရိ (အေသင် ဆန်တိုရီနီ) | (၁၀/၁၁)ရက် | USD 3600 |
| ပဲရစ်+ ပေါ်တူဂီ | (၁၁/၁၂)ရက် | USD 3400 |
| စကင်ဒီနေးဗီးယား (၄)နိုင်ငံ | (၁၂/၁၃)ရက် | USD 4500 |
| ချက်၊ ဟန်ဂေရီ ဩစတြီးယား ပိုလန် | (၁၂/၁၃)ရက် | USD 3300 |
| အမေရိကန် (East+West) | (၁၂/၁၃)ရက် | USD 4000 |
| အမေရိကန် (East+West+Hawaii) | (၁၅/၁၆)ရက် | USD 5000 |
| ဩစတြေးလျ (ဆစ်ဒနီ+မဲလ်ဘုန်း+ဂိုးကို့စ်+ကိုင်းရန်း) | (၁၀/၁၁)ရက် | USD 3500 |
| အီဂျစ်၊ အစ္စရေး၊ ဂျော်ဒန်၊ ပါလက်စတိုင်း | (၉/၁၀)ရက် | USD 2500 |
| ဗီယက်နမ် (ဟနွိုင်း+ဟာလောင်ဘေး) | (၃/၄)ရက် | USD 600 |
| ဗီယက်နမ် (ဟနွိုင်း+ဟာလောင်ဘေး+ဟိုချီမင်း) | (၅/၆)ရက် | USD 850 |
| ဗီယက်နမ် + ကမ္ဘောဒီးယား | (၇/၈)ရက် | USD 1400 |
| ထိုင်ဝမ် | (၅/၆)ရက် | USD 1200 |
| ဟောင်ကောင်+ မကာအို | (၄/၅)ရက် | USD 1300 |
| ဟောင်ကောင်+ ကွမ်ကျိုး+ မကာအို | (၇/၈)ရက် | USD 1650 |
| ပီကင်း+ ရှန်ဟိုင်း+ ကူမင်း | (၇/၈)ရက် | USD 1700 |
| ပီကင်း+ ရှန်ဟိုင်း+ ဟောင်ကောင် | (၇/၈)ရက် | USD 1700 |
| ပီကင်း+ ရှန်ဟိုင်း+ စီအမ် | (၇/၈)ရက် | USD 1700 |
| စီအမ်+ ချန်ဒူး | (၇/၈)ရက် | USD 1700 |
| ကူမင်း၊ တာလီ၊ လီကျန်း၊ ရှန်ဂရီလာ | (၆/၇)ရက် | USD 1400 |
| ကိုရီးယား | (၇/၈)ရက် | USD 1800 |
| ဒူဘိုင်း+ အဘူဒါဘီ | (၇/၈)ရက် | USD 1900 |
| ရုရှား | (၇/၈)ရက် | USD 3000 |

အထက်ပါ ခရီးစဉ်များအတွက် အရောင်းကောင်တာနှင့် ဖုန်းနံပါတ်များ ၀၁ - ၅၁၁ ၄၅၁ ၅၁၉ ၂၈၇

(MDY Office): 38 Rd, Bet, 78 x 79 Street, Mandalay. (Ygn Office): No.67, Baho Road, Sanchaung Township, Yangon Hot Line : 09 - 790 90 1466

## ATTOLLO အက်တို(လ်)လို အဆင့်မြင့်ခရီးသွားကုမ္ပဏီ

| | |
|---|---|
| တောင်ငူ - သံတောင် - ဖိုးကျားဆင်စခန်း | MAR 1, 17 |
| ရေး - ကျောက်တန်းချေ | FEB 25, MAR 1, 11, 17 |
| ဘားအံ - ဆွဲနိုဝ - ချစ်သူမြိုင် | FEB 25, MAR 1, 3, 17 |
| ... | MAR 10, 17, 25 |
| ... | MAR 10, 25 |
| ... | MAR 25 |
| စစ်ကိုင်း - မုံရွာ - အလောင်းတော်ကဿပ | MAR 10, 24 |
| မန္တလေး - ပြင်ဦးလွင် | MAR 3, 17, 24 |
| ပုဂံ - စွယ်တော်လေးဆူ - ပုပ္ပါး | MAR 3, 10, 24 |
| ... | MAR 24 |
| ... | MAR 24 |
| ... | MAR 24 |
| ... | MAR 24 |

Booking ... 
01-389187, 09-32109138, 09-795418474



# ကြော်ငြာ


UNIQUE STAR TRAVELS & TOURS သင်္ကြန် Promotion ( ၅ )ဦး ဝယ်လျှင် ( ၁ )ဦး အခမဲ့

| | | | |
|---|---|---|---|
| ဥရောပ (9) နိုင်ငံ Apr:10,12 ($ 4800) | အမေရိကား (East + West) Apr: 7,9 ($ 5160) | စင်ကာပူ Apr:11,12,14 ($ 835) | ဗန်ကောက်–ပတ္တရား Apr: 9,10,11,12,13 ($ 696/ 595) |
| ဥရောပ (6) နိုင်ငံ Apr:10,12 ($ 3600) | ဩစတြေးလျ Apr:10,11,12,13 ($ 3120) | စင်ကာပူ–မလေးရှား Apr:11,12 ($ 1195) | ဗန်ကောက်–ဖူးခက်/ ချင်းမိုင် Apr: 12, 13 ($ 996 / 899) |
| ဂျပန် Apr:10,11,12,13 ($ 3600) | ဟိုချီမင်း–ဟာလောင်း Apr: 11,12 ($ 996) | စင်ကာပူ–မလေး–လန်ကာဝီ Apr:11,12 ($ 1315) | ဗန်ကောက်–ကမ္ဘောဒီးယား Apr: 12, 13 ($ 835) |
| ကိုရီးယား Apr:11,12 ($ 2160) | ဗီယက်နမ်– ဗန်ကောက် Apr: 12,13 ($ 1140) | စင်ကာပူ–ဘာလီ Apr:11,12 ($ 1950) | ဟောင်ကောင်၊မကာအို၊ကွမ်ကျိုး Apr: 11,13 ($ 1980) |
| စင်း–မလေး–ထိုင်း Apr:12,13 ($ 1500) | ဗီယက်နမ်–ကမ္ဘောဒီးယား Apr: 12,13 ($ 996) | စင်ကာပူ– ဗန်ကောက် Apr: 10,11,14 ($ 1140) | ပီကင်း–ရှန်ဟိုင်း Apr: 11,12, 13 ($ 2190) |

| | | | |
|---|---|---|---|
